
ပဏ္ဏာသိုက်

# သိဟငအောင်

ကြောင်ဝါးမြ

၁၉၉၅



စာမူ ခွင့်ပြုအမှတ် ၈၁၃/၉၄(၁၁)
မျက်နှာဖုံး ခွင့်ပြုအမှတ် ၉၅၅/၉၄(၁၁)

ပထမအကြိမ်
၁၉၉၅ ခုနှစ် ဇန်နဝါရီလ
တန်ဖိုး ၇၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း (မြဲ ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့၊

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ ၀၃၁၄၆)
ဇမ္ဗူအောင် ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ ၀၃၁၃၇)
အောင်သာ ပုံနှိပ်တိုက်
၁၇၂၊ ၃၁လမ်း၊
ရန်ကုန်မြို့။

တက္ကသိုလ် **သီဟအောင်**

---

# ကြောင်ဓားပြ

(ပထမပိုင်း)

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေ သစ်
တောင် ဥ မြို့
ဖုန်း ၂၁၇၄၄

ငါးလ၊ လဆန်းငါးရက်....

ဓားနှစ်လက် ဝမ်းချိမင်းထံသို့ စာတစ်စောင် ရောက်ရှိလာသည်။

ဝမ်းချိမင်းသည် စာကို လက်ခံရရှိသည်နှင့် အိမ်တံခါး ပိတ်ကာ မြင်းတစ်စီးဖြင့် ချက်ချင်း ခရီးထွက်သွားလေသည်။

* * *

ငါးလ၊ လဆန်းခြောက်ရက်....

တောင်လက်ဝါး ချန်းထင်းသည် ဧည့်ခံပွဲတစ်ခုသို့ တက်ရောက်ဖို့ အိမ်မှထွက်လာရာ လမ်းတွင် စာလာပို့သူတစ်ယောက်

နှင့် ဆုံတွေ့မိပြီး သူ့ထံရောက်လာသည့်စာကို ဖတ်ပြီးနောက် ညေ့ခံပွဲသွားမည့် အစီအစဉ်ကို ဖျက်ကာ ခရီးထွက်သွားလေသည်။

* * *

ငါးလ၊ လဆန်းခုနစ်ရက်....

နတ်လက်သီးကျင်းတောက်သည် သူ၏ ပြိုင်ဘက်တစ်ယောက်နှင့် ယှဉ်ပြိုင်ရန် ချိန်းလိုက်ပြီးမှ စာတစ်စောင်ရောက်လာသော အခါ အချိန်းအချက်ကိုဖျက်ကာ ခရီးထွက်သွားလေသည်။

* * *

ငါးလ လဆန်းရှစ်ရက်နေ့တွင် ဓားနှစ်လက် ဝမ်းချီမင်း၊ တောင်လက်ဝါး ချန်းထင်းနှင့် နတ်လက်သီး ကျင်းတောက်တို့သည် ခိုင်ဖုံးမြို့ရှိ လုံနှင့်ဒိုင်း အာမခံဌာနသို့ ရောက်ရှိသွားကြလေသည်။

* *

ခိုင်ဖုံးမြို့ ...

ခိုင်ဖုံးမြို့၏ အရှေ့ဘက်လမ်းမကြီးပေါ်၌ ထင်ရှားသော အဆောက်အအုံ တစ်ခု ရှိသည်။ လုံနှင့်ဒိုင်း အာမခံဌာန် အဆောက်အအုံ ဖြစ်လေသည်။



အာမခံဌာန ပိုင်ရှင်မှာ သိုင်းလောက၌ ထင်ရှားသည့် မောက်ရှု မောက်ခုံ ညီအစ်ကိုနှစ်ယောက် ဖြစ်လေသည်။

သူတို့သည် အသက်ရှစ်နှစ်သားအရွယ်မှ စပြီး အာမခံဌာန တစ်ခုတွင် အောက်ခြေသိမ်းအလုပ်သမားတစ်ဖြင့် လုပ်ကိုင်ရင်း အတွေ့အကြုံ ရယူခဲ့ကြရာမှ အသက်သုံးဆယ်အရွယ်တွင် လုံခြုံရေး သိုင်းသမား။ ထိုမှတစ်ဖန် အသက်လေးဆယ်ကျော်အရွယ် ရောက်လာကြသောအခါ အတွေ့အကြုံရင့်ကျက်ပြီး သိုင်းပညာ မခေသည့် အာမခံဌာနပိုင်ရှင်ဘဝသို့ တက်လှမ်းလာနိုင်ခဲ့ကြ ပေသည်။

အောက်သက်ကျေခြင်း၊ အတွေ့အကြုံများခြင်း၊ သိုင်းပညာ တော်ခြင်း၊ မိတ်ဆွေသင်္ဂဟများခြင်းတို့က သူတို့တည်ထောင် လိုက်သည့် လုံနှင့် ဒိုင်းအာမခံဌာနအား လျှမ်းလျှမ်းတောက် ကျော်ကြားလာစေခဲ့သည်။

နာမည်ထင်ရှားလာသည်နှင့်အညီ သယ်ယူပို့ဆောင်ပေးရ သည့် အာမခံပစ္စည်းများ၏ တန်ဖိုးမှာ မြင့်တက်လာသည်။ သူဌေးသူကြွယ်များ၊ ကုန်သည်ပွဲစားများက အဖိုးတန်ပစ္စည်း များ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရာ၌ လုံနှင့် ဒိုင်း အာမခံဌာနကို စိတ်ချလက်ချ အသုံးပြုလာခြင်းကြောင့် ဖြစ်သည်။

ပို့ဆောင်ပေးရသည့် အာမခံပစ္စည်းများ၏ တန်ဖိုးများလာ လေလေ လုံနှင့်ဒိုင်း အာမခံဌာနအတွက် တာဝန်ကြီးလေလေ ဖြစ်ရပေသည်။

မောက်ရှုံ မောက်ခုံ ညီအစ်ကိုနှစ်ယောက်သည် အာမခံဌာနရှ လူအင်အားကို တိုးချဲ့ရန် စဉ်းစားလာကြရလေတော့သည်။

လက်ရှိအနေအထားဖြင့် မမျှမတဖြစ်နေချိန်မှာပင် သူကြွယ်ကြီး တစ်ဦးသည် အာမခံဌာနသို့ ရောက်ရှိလာလေရာ မောက်ရှုံ မောက်ခုံတို့မှာ မိတ်ဆွေများကို အရေးတကြီး အကူအညီ တောင်းလိုက်ရလေတော့သည်။

* * *

လုံနှင့်ဒိုင်း အာမခံဌာန၏ သီးသန့်အခန်းတွင်း၌ လူတစ်စု ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ဘဲဥပုံစားပွဲကြီးတစ်ခုအား ဝိုင်းဖွဲ့ထိုင်နေကြခြင်းဖြစ်သည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံပယ် ရှိနေပါသည်။

သို့သော် မည်သူကမျှ လက်ဖျားနှင့်မတို့ကြချေ။ သူတို့သည် အရေးကြီးသော ကိစ္စတစ်ခုအား တိုင်ပင်ဆွေးနွေးနေကြခြင်း ဖြစ်လေသည်။

ဝိုင်းဖွဲ့နေကြသူများမှာ....

ဓားနှစ်လက် ဝမ်းချီမင်း၊ တောင်လက်ဝါး ချန်းထင်း၊ နတ်လက်သီး ကျင်းတောက်နှင့် ငမောက်ရှုံ၊ မောက်ခုံ ညီအစ်ကို နှစ်ယောက် ဖြစ်လေသည်။



လုံနှင့်ဒိုင်း အာမခံဌာနကို အစီအမာဦးဆောင်မှု ပေးနေသည့် မောက်ရှုံက အားလုံးကို စေ့ကြည့်လိုက်ပြီး....

'အခု ကျုပ်ပြောခဲ့တာ အားလုံးကို ခြုံငုံလိုက်မယ် ဆိုရင် သူကြွယ်ကြီးတစ်ယောက်ရဲ့ အဖိုးတန် ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးဖို့အတွက် ကျုပ်တို့အနေနဲ့ ဝန်နိုင်အားမမျှတဲ့ ဖြစ်နေရပါတယ်၊ ဒါကြောင့် ကျုပ်တို့ကိုကူညီပါလို့ မိတ်ဆွေတို့ကို အကူအညီတောင်းရခြင်းပဲ ဖြစ်ပါတယ်'

ဟု ဆိုကာ စကားလက်စသတ်လိုက်၏။

သူ၏ စကား အဆုံးတွင် ဖိတ်ခေါ်ထားသည့် ဧည့်သည် သုံးယောက် ပြောဆိုအလှည့် ဖြစ်လာလေသည်။

ဓားနှစ်လက် ဝမ်းချီမင်းက....

'ကျုပ်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ခင်မင် ရင်းနှီးပြီးသား၊ အကြောင်းရှိရင် ကူညီကြဖို့ ကတိကဝတ် ရှိထားကြတာမို့ ခင်ဗျားတို့မှာ ကိစ္စပေါ်လာတဲ့အခါ ကူညီဖို့ဝန်မလေးပါဘူး၊ ဒါပေမယ့် တစ်ခုတော့ မေးပါရစေ'

မောက်ရှုံက....

'မေးပါ....မေးပါ'

'ပစ္စည်းပိုင်ရှင် သူကြွယ်ကြီးဟာ လူကောင်း တစ်ယောက် ဟုတ် မဟုတ်သိရဖို့ အဓိကကျပါတယ်၊ ဘာကြောင့်လဲဆိုတော့

လူကြီး လူကောင်းဟန်ဆောင် မျက်နှာဖုံးစွပ်ပြီး မဟုတ်တာလုပ်နေသူတွေ ရှိကြတယ်ဆိုတာ အားလုံးအသိပါ၊ ဒီလိုလူစားမျိုးတွေအတွက် အလုပ်လုပ်ပေးမိသလိုမျိုးဖြစ်မှာကို ကျုပ် အလွန်ပဲ စိုးရိမ်ပူပန်မိပါတယ်၊ ဒါကြောင့် ကူညီဖို့မဆုံးဖြတ်ခင် အမှန်ကို သိရဖို့လိုပါတယ်’

တောင်လက်ဝါး ချန်းထင်းနှင့် နတ်လက်သီးကျင်းတောက်တို့ ခေါင်းညိတ် ထောက်ခံလိုက်ကြလေသည်။

မောက်ရှုံက....

‘ဒါအတွက် ကျုပ် တာဝန်ယူပါတယ်၊ သူကြွယ်ကြီးဟာ ဘုရင်မင်းမြတ်ကိုယ်တိုင် သူကောင်းပြုထားတဲ့ ဂုဏ်သရေရှိ လူကြီး လူကောင်း တစ်ယောက်ပါ၊ မျိုးရိုးစဉ်ဆက် ကျိကျိတက်ချမ်းသာ ကြွယ်ဝခဲ့ကြတာမို့ သူ့အပေါ် သံသယ ဖြစ်စရာအကြောင်းမရှိပါဘူး’

ဟု ရှင်းပြလိုက်လေသည်။

ဓားနှစ်လက် ဝမ်းချီမင်းက....

‘ဒီလိုဆိုလဲ ပြီးတာပါပဲ၊ မိတ်ဆွေကို ကျုပ် ကူညီမယ်လို့ ကတိပြုပါတယ်’

မောက်ရှုံနှင့် မောက်ခုံတို့ ကျေနပ်သွားကြလေသည်။



အရေးတကြီး အကူအညီ တောင်းလိုက်ရသည့် မိတ်ဆွေသုံးယောက်အနက် တစ်ယောက်က ကူညီမည်ဟု ကတိကဝတ်ပြုလာပြီးမဟုတ်ပါလား။

မောက်ရှုံက တောင်လက်ဝါး ချန်းထင်းနှင့် နတ်လက်သီးကျင်းတောက်တို့ကို ဝေ့ကြည့်လိုက်ပြီး....

‘မိတ်ဆွေတို့ကကော ဘယ်လို သဘောထားကြပါသလဲဗျ’

ဟု မေးလိုက်လေသည်။

တောင်လက်ဝါး ချန်းထင်းက....

‘ကျုပ်ကတော့ အာမခံပစ္စည်းသယ်သွားမယ့်လမ်းကြောင်းနဲ့ ပတ်သက်ပြီး ပြောစရာ နည်းနည်းရှိပါတယ်’

‘ပြောပါမိတ်ဆွေ ပြောပါ’

‘စန်းကုံးနယ်ကဖြတ်ပြီး သေမင်းတောင်ကြားအတိုင်း သွားမယ့်အပိုင်း ကျုပ်ဘဝင်မကျဘူးဗျ၊ ဘာကြောင့်လဲဆိုရင် အဲဒီနေရာဟာ အာမခံအဖွဲ့တွေကို ဒုက္ခပေးနေတဲ့ ကြောင်ဓားပြတွေ သောင်းကျန်းနေလို့ပဲ၊ သေမင်းတောင်ကြားက သွားမယ့်အစား ဝါးသုံးပင် ချိုင့်ဝှမ်းဘက်က ကွေ့ပြီး သွားမယ်ဆိုရင် ပိုပြီး အန္တရာယ်ကင်းနိုင်တယ်’

မောက်ရှုံက....

‘မိတ်ဆွေပြောတာ မှန်ပါတယ်၊ ဘေးကင်းရန်ကင်း သွားနိုင်တဲ့ လမ်းကြောင်းပါပဲ၊ တကယ်လို့များ ဝါးသုံးပင်ချိုင့်ဝှမ်း

မှာ ရေလွှမ်းမိုးမနေဘူးဆိုရင် အဲဒီဘက်ကသွားမှာပါ၊ လွန်ခဲ့တဲ့ ငါးရက်လောက်က ရာသီဥတုဖောက်ပြန်ပြီး မိုးသက်မုန်တိုင်းကျ ရောက်ခဲ့တာနဲ့ ငါးသုံးပင်ချိုင့်ဝှမ်းမှာ ရေတွေကြီးပြီး ဒေသခံ တွေတောင် အိုးအိမ်တွေစွန့်ပြီး ထွက်ပြေး တိမ်းရှောင်ခဲ့ကြရ တယ်၊ ဒါကြောင့် သေမင်းတောင်ကြားကို ရွေးချယ်လိုက်ရ တာပါ'

ဟု ရှင်းပြလေသည်။

တောင်လက်ဝါး ချန်းထင်းက...

'ဒါဆိုလဲ ပြီးတာပါပဲဗျာ၊ သေမင်းတောင်ကြား ကပဲ ဖြတ်သွားကြတာပေါ့'

သူကလည်း ကူညီမည်ဟု သဘောတူလိုက်လေသည်။

နတ်လက်သီး ကျင်းတောက်တစ်ယောက်သာလျှင် ကျန်ပေ တော့သည်။

မောက်ရှုံက...

'မိတ်ဆွေကတော့ ဘယ်လိုသဘောထားတယ်ဆိုတာ သိပါ ရစေဗျာ'

ဟု မေးလိုက်သည်။

နတ်လက်သီး ကျင်းတောက် ခေါင်းခါယမ်းလိုက်သည်။



'ထွေထွေထူးထူး ပြောဖို့ မလိုတော့ပါဘူးဗျာ၊ ခင်ဗျားတို့ အာမခံမှုများ ပိုတောင်ရမယ့် လမ်းကြောင်း အခြေအနေကို သိနေကြတာရယ်၊ ရွေးချယ်စီစဉ်ခဲ့ကြတာရယ်ကို ကြည့်ရင် ချောချောမောမော ပို့ဆောင်ရေးအတွက် အစစအရာရာ စီစဉ် ထားပြီးပြီဆိုတာ ထင်ရှားပါတယ်၊ ကြောင်ဓားပြတွေနဲ့ မျှော် လင့်ဘဲ တွေ့နိုင်တာကြောင့် ကျုပ်တို့ကိုအကူအညီတောင်းတယ် ဆိုတာလဲ ထင်ရှားနေတာပဲ၊ မကူညီနိုင်စရာ အကြောင်းမရှိ ပါဘူးဗျာ'

မောက်ရှုံ ဝမ်းသာသွားလေသည်။

'မိတ်ဆွေတို့ သုံးယောက် ကူညီမယ် ဆိုတာ ကြားရလို့ ဝမ်းသာပါတယ်ဗျာ၊ မိတ်ဆွေတို့လဲ ခရီးပန်း လာကြတော့ အနားယူလိုက်ကြပါဦး၊ ကျုပ်တို့ လဆန်းဆယ်ရက်နေ့မှ ခရီးစ ထွက်ကြတာပေါ့'

သူတို့၏ တိုင်ပင်ဆွေးနွေးမှုသည် ဤနေရာတွင် အဆုံးသတ် ခဲ့လေသည်။

* * *

ကြောင်ဓားပြ...

စမ်းတုံးနယ် သေမင်းတောင်ကြား ဒေသတွင် ကြောင်များ အသွင် ခေါင်းစွပ်နက် မျက်နှာဖုံးတပ်ဆင်ကာ ရုပ်ဖျက်ထား

သည့် ခေးပြမျှား ကျက်စားနေခဲ့သည်မှာ အတော်ကြာပြီ ဖြစ်သည်။

ထို့ကြောင့် ခေးပြမျှားအား နှိမ်နင်းနိုင်ရန် သိုင်းလောက တစ်ခုလုံးက ကြိုးပမ်းလျက်ရှိသည်။

အန္တရာယ်များသော သေခင်းတောင်ကြား လမ်းမှ ဖြတ်သွားရမည်ဖြစ်၍ မောက်ရှုံနှင့်မောက်ခုံ ညီအစ်ကိုနှစ်ယောက်က မိတ်ဆွေသုံးယောက်ကို အကူအညီတောင်းခဲ့သည်။

ခေးနှစ်လက် ဝမ်းချီမင်း....

ဓားတောင်လက်ဝါး ချန်းထင်း....

နတ်လက်သီး ကျင်းတောက်....

ထိုသုံးယောက်သည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ထိပ်သီးသိုင်းသမားများ ဖြစ်လေသည်။

* * *

ငါးလပိုင်း ဆယ့်သုံးရက်....

လုံနှင့်ဒိုင်း အာမခံဌာနမှ အာမခံပစ္စည်း သယ်ဆောင်လာသော အဖွဲ့တစ်ဖွဲ့သည် စန်းတုံးနယ်ကိုဖြတ်ကာ သေမင်းတောင်ကြား ဒေသဆီသို့ ရောက်ရှိလာကြလေသည်။

* * *



နေခြည်ဖြာကျနေသည်။

ကောင်းကင်ပြင်၌ ကြည်ပြာရောင်သမ်းကာ တိမ်ဖြူအချို့ လေနှင့်အတူ လွင့်မျောနေ၏။

အဝေးတွင် ငှက်ကလေးများ အုပ်စုဖွဲ့ ပျံသန်းသွားသည်ကိုလည်း တွေ့မြင်နိုင်သည်။

ကြည်လင်သော ကောင်းကင်အောက်တွင် ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသော ချောင်းကလေး၊ စိမ်းလန်းသော သစ်တောများနှင့် မှိုင်းညို့ညို့ တောင်တန်းများသည် ဆေးရေးမမီသည့် သဘာဝပန်းချီကားတစ်ချပ်ပမာ ရှိနေပါသည်။

တောလမ်းအတိုင်း ခရီးနှင်နေကြသူ တစ်စုသာ မရှိလျှင် အရာရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေလိမ့်မည် ဖြစ်ပေသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

'ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း'

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေ၏။

မြင်းစီးသမားတစ်ဖုသည် မြင်းလှည်းတစ်စီးကို ရှေ့နောက်ဝဲယာ ခြံရံစောင့်ရှောက်ကာ ခရီးနှင်လာနေကြပေသည်။

မြင်းလှည်းပေါ်တွင် တြိဂံပုံသဏ္ဌာန် အလံတစ်ခု လွှင့်ထူထားပြီး အလံပေါ်တွင်....

'လုံနှင့်ဒိုင်း အာမခံ၍ဘာန'

ဟူ၍ ရွှေရောင်စာလုံးများဖြင့် ရေးသားထားလေသည်။

မြင်းလှည်း၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် မောက်ရှုံနှင့် မောက်ခုံ ညီအစ်ကိုက အနီးကပ်စောင့်ရှောက်ကာ လိုက်ပါလာကြသည်။

ဓားနှစ်လက် ဝမ်းချိမင်း၊ တောင်လက်ဝါး ချွန်းထင်းနှင့် နတ်လက်သီး ကျင်းတောက်တို့သည် ရှေ့ဆုံးမှ ဦးဆောင်ကာ ခရီးနှင်နေကြလေသည်။

စမ်းသုံးနယ်ကို ဖြတ်ကာ သေမင်းတောင်ကြားဒေသသို့ ချဉ်းနင်း ဝင်ရောက်လာမိကြသောအခါ အစစအရာရာ သတိထားရတော့မည်ဖြစ်ကြောင်း အားလုံး နားလည် သဘောပေါက်မိကြလေသည်။

လမ်းခရီးတွင် လုံးဝရပ်နားခြင်းမပြုဘဲ သေမင်းတောင်ကြား အပြင်ဘက်သို့ ရောက်သည့်အထိ တောက်လျှောက် ခရီးနှင်သွားရန် ကြိုတင်စီစဉ်ထားခဲ့ကြသည်။

အာမခံပစ္စည်း သယ်ယူလာရာတွင် အရေးကြီးဆုံးအချိန်ပိုင်းသို့ ရောက်ပြီဖြစ်ကြောင်းလည်း အားလုံး နားလည်သဘောပေါက်ထားကြလေသည်။

မျက်စိလျှပ်လျှင် နားလျှပ်လျှပ်ဖြင့် ပတ်ဝန်းကျင်ကို မျက်ခြည် မပြတ် အကဲခတ်ရင်း ခရီးဆက်လာခဲ့ကြရာ နေမွန်းတည့်



အချိန်တွင် အလွန်ကြီးမားသော တောင်ကြီးနှစ်လုံးအနီးသို့ ရောက်ရှိလာ၏။

ထိုတောင်နှစ်လုံးကြားမှ တောင်ကြားလမ်းသည် နာမည်ဆိုး ဘွင်နေသော သေမင်းတောင်ကြားလမ်းပင် ဖြစ်လေသည်။

တောင်ကြားလမ်းဟု ဆိုရာတွင် သစ်ပင်ပန်းပင်မရှိ၊ ခြောက်သွေ့သော လမ်းတစ်ခုကား မဟုတ်ပါ။

သစ်ပင် ဝါးပင်များ၊ ချုံနွယ်များ၊ ကျောက်တုံးကျောက်ခဲများဖြင့် တော၏ သဘာဝအလှကို ဖော်ကျူးနေသော တောင်ကြားလမ်းတစ်ခု ဖြစ်သည်။

နာမည်ဆိုးသော်လည်း အလွန်သာယာလှပသော တောင်ကြားလမ်းတစ်ခုလည်း ဖြစ်လေသည်။

နတ်လက်သီး ကျင်းတောက်သည် တောင်ကြားနယ်မြေကို ချဉ်းနင်းဝင်ရောက်မိသည်နှင့်....

'လူချင်းမကွဲအောင်တော့ ဂရုစိုက်ကြပါဗျာ'

ဟု ဓားနှစ်လက်ဝမ်းချိမင်းနှင့် တောင်လက်ဝါးချွန်းထင်းတို့အား သတိပေးလိုက်လေသည်။

တောင်လက်ဝါးချွန်းထင်းက ..

'စိတ်ချ၊ ခေါင်းထောင်နေတဲ့ ကြောင်ခေါးပြတွေနဲ့ မတွေ့ရမှာကိုသာ ကျုပ်က စိတ်ပူနေတာ၊ တွေ့များတွေ့ရလို့ကများ'

စကားကို အဆုံးမသတ်ဘဲ လက်ဝါးထောင်ပြလိုက်လေသည်။

သူ၏ လက်ဝါးရိုက်ချက်သည် အလွန် ပြင်းထန်လှသဖြင့် တောင်လက်ဝါးဟု နာမည်ကြီးနေခြင်းဖြစ်သည်။

သူ၏လက်ဝါးနှင့်တွေ့လျှင် ကြောင်ခေါးပြများလည်း ခံနိုင်မည် မဟုတ်ဟူသော သဘောဖြစ်လေသည်။

ခေါးနှစ်လက်ဝမ်းချိမင်းက ရယ်မောလိုက်လေသည်။

'ကျုပ်တို့သုံးယောက် ပါလာတယ်ဆိုတာသိရင် ဒီကောင်တွေ အနားတောင် ကပ်ရဲကြတော့မှာ မဟုတ်ဘူး'

သိုင်းလောကသားများသည် ကြောင်ခေါးပြများအား နှိမ်နင်းရန် သေမင်းတောင်ကြားသို့ စုရုံး ရောက်ရှိလာခဲ့ကြသည့် အကြိမ်ပေါင်း မနည်းတော့ချေ။

နေရာအနှံ့ တောနင်းပြီး ရှာဖွေကြပါသော်လည်း ကြောင်ခေါးပြတို့၏ အရိပ်အယောင်ပင် မတွေ့ရပါ။

ကြောင်ခေါးပြများသည် ပုန်းလျှိုးကွယ်လျှိုးဖြင့် ပျောက်ချင်းမလှ ပျောက်သွားတတ်လေသည်။



သိုင်းလောကသားများ ပြန်သွားသောအခါ၌မူ ပြန်လည်ခေါင်းထောင်လာကြပြန်သည်။

ထိုအကြောင်းကို သိထားသဖြင့် သူတို့ ပါလာသည်ကို သိလျှင် ကြောင်ခေါးပြများ ဝေးဝေးရှောင်နေကြလိမ့်မည်ဟု ခေါးနှစ်လက်ဝမ်းချိမင်းက ပြောလိုက်ခြင်းဖြစ်ပေသည်။

သုံးယောက်သား စကားတပြောပြောဖြင့် မြင်းကို နှင်လာခဲ့ကြရာ တစ်နေရာသို့အရောက်တွင်....

'ဟိုမှာကြည့်စမ်း'

နတ်လက်သီးကျင်းတောက်က မြေပေါ်သို့ ညွှန်ပြကာ ပြောလိုက်လေသည်။

တောင်လက်ဝါး ချန်းထင်းနှင့် ခေါးနှစ်လက်ဝမ်းချိမင်းတို့ ကပျာကယာ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ လမ်းပေါ်တွင် ကြောင်သေတစ်ကောင် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ခေါးနှစ်လက် ဝမ်းချိမင်းက လက်တစ်ဖက်ကို အပေါ် မြှောက်ပြလိုက်၏။

ထိုအခြင်းအရာကိုမြင်လျှင် မောက်ရှုံက....

'ရပ်လိုက်'

ဟု သူ၏လူများကို ချက်ချင်းအမိန့်ပေးလိုက်၏။ ထို့နောက် မြင်းကို အသေအချာနှင်ကာ ဓားနှစ်လက်ဝမ်းချိမင်းတို့ထံသို့ ရောက်လာလေသည်။

‘ဘာဖြစ်လို့လဲ မိတ်ဆွေ’

ဟုလည်း ခရီးရောက်မဆိုက် မေးလေသည်။

နတ်လက်သီးကျင်းတောက်က ...

‘လမ်းပေါ်မှာ ကြောင်သေတစ်ကောင်တွေ့လို့ဗျ’

မောက်ရှုံသည်လည်း တွေ့မြင်သွားရာ မျက်နှာပျက်သွားလေသည်။

‘ဒါ ကြောင်ဓားပြတွေ သတိပေးတာပဲဖြစ်မယ်’

ဟု လွှတ်ခနဲပြော၏။

တောင်လက်ဝါးချန်းထင်က....

‘မိတ်ဆွေ၊ ကြောင်သေကို တွေ့ရတာ ကျုပ်တို့အတွက် ကောင်းတဲ့လက္ခဏာပဲဗျ၊ တကယ်လို့များ ကြောင်ဓားပြတွေနဲ့ တွေ့ရရင် သူတို့ သေကုန်မယ်ဆိုတဲ့ နိမိတ်ပေါ့ဗျာ’

ထိုသို့ပြောလျှင် နတ်လက်သီးကျင်းတောက်နှင့် ဓားနှစ်လက် ဝမ်းချိမင်းတို့ ထောက်ခံလိုက်ကြလေသည်။



‘ဟုတ်တယ်....ဟုတ်တယ်’

‘သူတို့အတွက် နိမိတ်ဆိုးဗျ’

ထိုအခါမှ မောက်ရှုံသည်း စိတ်အေးသွားသည်။ လေးယောက်သား ရယ်မောလိုက်ကြပြီးလျှင်....

‘အရေးမကြီးဘူးဆိုရင်လဲ ခရီးဆက်ကြမယ်’

မောက်ရှုံက ပြောလေသည်။

‘ကောင်းပြီ သွားကြတာပေါ့’

ဓားနှစ်လက် ဝမ်းချိမင်းတို့ကလည်း သဘောတူလိုက်ကြလေသည်။

မောက်ရှုံက မြင်းလှည်းတံသို့ နောက်ကြောင်းလှည့်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

‘ညောင်’

ကြောင်အော်သံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

‘ဟင်....’

မောက်ရှုံ့တို့ ရင်ထိတ်သွားကြလေသည်။ ချက်ချင်း ပင် အော်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ လမ်းပေါ်၌ ရှိနေသည့် ကြောင်သေသည် လှုပ်ရှား သက်ဝင်လာပြီး ထပြေးသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြောင်တစ်ကောင်တော့ မှန်ပါသည်။ သို့သော် ကြောင် သေတစ်ကောင်တော့ မဟုတ်ပါ။

အကြောင်းတစ်ခုခုကြောင့်သာ လမ်းပေါ် ရောက်နေခြင်း ဖြစ်ပေမည်။

မည်သို့ဆိုစေ....

မောက်ရှုံ့တို့အတွက် ကြောင်သေ အသက်ဝင် လှုပ်ရှားလာ သည်မှာ ကောင်းသောလက္ခဏာ မဟုတ်တော့ချေ။

လေးယောက်သား ကြောင်ထွက်ပြေးသွားရာသို့ ငေးကြည့် နေမိကြစဉ်မှာပင် လမ်းဘေး တစ်ဖက်တစ်ချက်မှ ကြောင်ခေါင်း စွပ် ဓားပြများ တစ်ဟုန်ထိုး ပြေးထွက်လာကြသည်ကို တွေ့မြင် လိုက်ရလေတော့သည်။

* * *

အခြေအနေ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားလေသည်။



အနက်ရောင် ဝတ်ဆင်ထားကြပြီး ကြောင်များကဲ့သို့ ခေါင်း စွပ် မျက်နှာဖုံး တပ်ထားကြသော ဓားပြများသည် ချုံပုတ် များ နောက်ကွယ်မှ လည်းကောင်း၊ သစ်ပင်များပေါ်မှ ခုန် ဆင်း၍လည်းကောင်း အုံနှင့်ကျင်းနှင့် ရောက်ရှိလာကြလေ သည်။

အချို့သည် မြင်းလှည်းဆီသို့ ပြေးသွားကြပြီး အချို့က မောက်ရှုံ့တို့အား ဝိုင်းရံထားလိုက်ကြ၏။

'ကြောင်ဓားပြ'

လှ'နှင့်ဒိုင်းအာမခံဌာနမှလိုင်းသမားတစ်ယောက်က အထိတ် တလန့် အော်လိုက်သည်။

ထိုလူသည် ခါးမှဓားကို ဆွဲထုတ်ရန် ဟန်ပြင်နေစဉ်မှာပင် တရစပ် ပစ်လွှင့်လာသော လက်နက်ပုန်းများ ထိမှန်ကာ....

'အား'

ဖူးရှစွာ အော်ဟစ်ရင်း မြင်းပေါ်မှ ထိုးကျသွားလေသည်။

မြင်းလှည်းအနီး၌ ကျန်ရစ်ခဲ့သော မောက်ခုံသည် သူ၏ လက် နက် ဖြစ်သော သံမဏိဒိုင်းကိုကိုင်ကာ မြင်းလှည်းခေါင်မိုးပေါ် ခုန်တက်လိုက်ပြီး....

'လှ'နဲ့ဒိုင်း အာမခံဌာနတဲ့ဟေ့၊ သေချင်ရင်လာခဲ့ကြ'

ဟု ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်လေသည်။

အာမခံအဖွဲ့သားများ သတိဝင်လာကြလေသည်။

ချက်ချင်းပင် မြင်းလှည်းအနီး၌ စုရုံးကာ လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြပြီး ကြောင်ဓားပြများနှင့် ရင်ဆိုင်လိုက်ကြလေသည်။

ထိုအချိန်တွင် မှင်တက်သွားမိကြသည့် မောက်ရှုံ၊ ဓားနှစ်လက် ဝမ်းချိမင်း၊ တောင်လက်ဝါး ချန်းထင်းနှင့် နတ်လက်သီး ကျင်းတောက်တို့သည်လည်း သတိဝင်လာကြလေသည်။

'ကဲ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ကြမယ်ဟေ့'

'ဟုတ်တယ်၊ တစ်ယောက်မှ ချမ်းသာမပေးနဲ့'

ညာသံပေးလိုက်ကြပြီး ဝိုင်းရံထားကြသည့် ကြောင်ဓားပြများထံ မြင်းများဖြင့် တစ်ဟုန်ထိုး တိုးဝင် တိုက်ခိုက်လိုက်ကြလေသည်။

မောက်ရှုံသည် အနီရောင် ပန်းဖွားတပ်ထားသော လှံကို ဝေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လိုက်လျှင်...

'အား'

'အမယ်လေး'



ရှေ့မှ ပိတ်ဆို့လာသည့် ကြောင်ဓားပြ နှစ်ယောက်မှာ လှံချက်မိကာ လဲကျသွားကြလေသည်။

ဓားနှစ်လက် ဝမ်းချိမင်း၊ တောင်လက်ဝါး ချန်းထင်းနှင့် နတ်လက်သီး ကျင်းတောက်တို့ကလည်း ဟက်ညီလက်ညီ တိုက်ခိုက်လိုက်ကြရာ...

'ဝုန်း'

'အား'

'အမယ်လေး'

ဝိုင်းရံထားကြသည့် ကြောင်ဓားပြများ ချက်ချင်း ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

မောက်ရှုံက...

'ညီလေး၊ မြင်းလှည်းကို ဂရုစိုက်ဟေ့'

မောက်စုံကို အော်ပြောပြီး မြင်းလှည်းရှိရာသို့ အသော့နှင်သွားလေသည်။

မြင်းလှည်းဖြင့် သယ်ဆောင်လာသည့် အာမခံပစ္စည်းများအား အထူး ဂရုစိုက်ရမည်ဖြစ်ကြောင်း နားလည်မိကြသဖြင့် ဓားနှစ်လက် ဝမ်းချိမင်းတို့ကလည်း လိုက်သွားကြလေသည်။

သူတို့လေးယောက် မြင်းလှည်းအနီးသို့ ရောက်ရှိသွားကြပြီး မောက်ခုံတို့နှင့် ပေါင်းမိသွားကြပြီးနောက် ကြောင်ဓားပြများအဖို့ လုယက်ရန် ခဲယဉ်းသွားလေတော့သည်။

လျှပ်တစ်ပြက် အငိုက်ဖမ်း တိုက်ခိုက်ခဲ့ကြသော်လည်း မအောင်မြင်သဖြင့် ကြောင်ဓားပြများ ချက်ချင်း နောက်ဆုတ်သွားကြ၏။

မြေပေါ်တွင် လဲကျသေဆုံးနေကြသူများ ဒဏ်ရာရနေသူများကိုလည်း ထမ်းပိုး သယ်ထုတ်သွားကြသည်။

တစ်ခဏအတွင်းမှာပင် လမ်းပေါ်၌ ရှင်းရှင်းလင်းလင်း ဖြစ်သွားလေသည်။

သို့သော် လုံးဝဆုတ်ခွာသွားကြခြင်းကား မဟုတ်တဲ့ ဝါးသုံးရိုက်ခန့်အကွာတွင် ရပ်တန့်ကာ ဝိုင်းရံထားကြခြင်း ဖြစ်လေသည်။

ကြောင်ဓားပြတို့နှင့် ပထမအကြိမ် ထိပ်တိုက် ရင်ဆိုင်လိုက်ရသည့် တိုက်ပွဲတွင် လုံနှင့်ဒိုင်း အာမခံဌာနမှ အမှုသား နှစ်ယောက် ကျဆုံးပြီး သုံးယောက် ဒဏ်ရာရခဲ့ကြသည်။

မည်သို့ဆိုစေ အောင်ပွဲ ခံနိုင်လိုက်သည်ဟု ဆိုနိုင်၏။ ကြောင်ဓားပြများ ထွက်ပြေးမသွားတဲ့ နောက်ဆုတ် ဝိုင်းရံထားကြခြင်းကြောင့် ဒုတိယအကြိမ် တိုက်ပွဲဖြစ်ပေါ်လာဦးမည်မှာ သေချာလှပေသည်။



တစ်ဖက်နှင့်တစ်ဖက် မျက်ခြည်မပြတ် အကဲခတ် ကြည့်နေကြပြီး တိုက်ပွဲစတင်မည့်အချိန်ကို စောင့်ဆိုင်းနေလိုက်ကြလေသည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းစ ပြုနေပြီ ဖြစ်လေသည်။

မောက်ရှုံ မောက်ခုံတို့သည် မြင်းလှည်းကို ဝိုင်းရံကာ စောင့်ရှောက်ထားကြ၏။ ကြောင်ဓားပြများကလည်း မလှမ်းမကမ်းမှ ဝိုင်းရံထားကြလေသည်။

ဓားနှစ်လက် ဝမ်းချီမင်း၊ တောင်လက်ဝါး ချန်းထင်းနှင့် နတ်လက်သီး ကျင်းတောက်တို့သည် အတွေ့အကြုံ များသည့် ထိပ်သီးသိုင်းသမားများ ဖြစ်ကြပါသော်လည်း ကြောင်ဓားပြများနှင့် ပတ်သက်ပြီး မည်သို့ ရင်ဆိုင်ရမည်ကို ရုတ်တရက် မဝေခွဲနိုင်တဲ့ ဖြစ်နေကြလေသည်။

ကြောင်ဓားပြများ နာမည်ကြီးနေကြသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း စိုးစဉ်းမျှ မရှိပါ။

ဝိုင်းထားသူများထံသို့ အချိန်မရွေး ပြေးဝင်တိုက်ခိုက်ရဲကြပါ၏။ သို့သော် လုံနှင့်ဒိုင်း အာမခံဌာနသားများ အတွက်

ထည့်သွင်းစဉ်းစားနေခြင်းကြောင့် လှုပ်ရှားခြင်းမပြုဘဲ အခြေအနေ စောင့်ကြည့်နေကြခြင်း ဖြစ်ပေသည်။

သူတို့ အစီအစဉ်တွင် ရန်သူနှင့် ရင်ဆိုင်ရပါက ထိုးဖောက်တိုက်ခိုက်ဖို့သာ ပါရှိလေသည်။ ယခုကဲ့သို့ အဝိုင်းခံထားရမည်ဟု လုံးဝမမျှော်လင့်ခဲ့ချေ။

ထို့အပြင် ကြောင်ဓားပြများ၏အင်အားမှာ အံ့သြဖွယ်ကောင်းအောင် များပြားနေပါသည်။

ဓားပြအဖွဲ့တစ်ဖွဲ့သည် လူနှစ်ဆယ် သုံးဆယ်ထက် ပိုလေ့မရှိချေ။ ယခုတော့ ကြောင်ဓားပြများမှာ လူနှစ်ရာကျော်ခန့်ရှိနေ၏။

ဓားနှစ်လက်ဝမ်းချိုင်းက....

'သူတို့က နေဝင်ချိန်ကို စောင့်နေကြတာပဲ ဖြစ်မယ်'

ဟု မှတ်ချက်ပေးလေသည်။

နတ်လက်သီးကျင်းတောက် ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ မှောင်မှ ဝင်တိုက်ကြမယ့်သဘော ရှိတယ်'

မောက်ရှုံ စိတ်လှုပ်ရှားသွားလေသည်။

'ညမှောင်သွားရင် သူ့လူကိုယ့်လူ ခွဲခြားဖို့ခက်မယ်၊ ပြီးတော့ ဒီနေရာကို သူတို့က ကျုပ်တို့ထက်ပိုပြီး ကျွမ်းကျင်ကြ



တယ်၊ ခုလိုအဝိုင်းခံနေရမယ့်အစား ထိုးဖောက် ထွက်ကြတာ ပိုကောင်းလိမ့်မယ်'

ဟု ပြောလေသည်။

တောင်လက်ဝါးချန်းတင်းက....

'သူတို့ကို ကြည့်ရတာ ခေါင်းဆောင်ကို စောင့်နေကြပုံ ရချိန် ထိုးဖောက်တာ အကောင်းဆုံးပဲ'

လေးယောက်သား ထိုးဖောက်ထွက်မည့် အစီအစဉ်ကို ခေါင်းချင်းဆိုင်ကာ တိုင်ပင်လိုက်ကြလေသည်။

ထို့နောက် လူစုခွဲလိုက်ကြသည်။

ဝိုင်းရံထားသူများ၏ အလယ်အူကြောင်းမှ ထိုးဖောက်ထွက်ကြမည်ဖြစ်ပြီး ရှေ့ဆုံးမှ ဓားနှစ်လက် ဝမ်းချိုင်းနှင့် နတ်လက်သီးကျင်းတောက်တို့က ဦးဆောင်ကြမည် ဖြစ်သည်။

မောက်ရှုံနှင့် မောက်ခုံတို့သည် အာမခံအဖွဲ့သားများနှင့်အတူ မြင်းလှည်းကို ခြံရံကာ လိုက်ပါကြသည်ဖြစ်ပြီး တောင်လက်ဝါးချန်းတင်းနှင့် အာမခံအဖွဲ့သား သယ်ယောက်က နောက်ကြောင်းခံစစ်အဖြစ် တာဝန်ယူကြသည် ဖြစ်လေသည်။

ဓားနှစ်လက် ဝမ်းချိုင်းနှင့် နတ်လက်သီး ကျင်းတောက်တို့သည် ဝိုင်းရံထားသည့်ကြောင်ဓားပြများအား အကဲခတ် ကြည့်လိုက်ကြသည်။

ကြောင်ခေါးပြူများမှာ တုပ်တုပ်မျှပင် မလှုပ်ကြပါ။

မျက်နှာဖုံးများအောက်မှ စူးရှတောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်နေကြသည်။

ခါးနှစ်လက် ဝမ်းချိမ်းစိတ်ထဲ ထင့်သွားလေသည်။

'မျှားသောအားဖြင့် လူဆိုးခါးပြတွေဟာ ပရမ်းပတာသမားတွေပဲ၊ အမြဲတမ်း အော်ဟစ်ဆူညံဂနတတ်ကြတယ်၊ အခုသူတို့ကို ကြည့်ရတာ အင်မတန် စည်းကမ်းစနစ်တကျ ရှိပါလား၊ အဲဒါကို ထူးဆန်းတယ်'

ဟု စိတ်ထဲ တွေးမိလေသည်။

မည်သို့ဆိုစေ ကြောင်ခေါးပြူများအား တိုက်ခိုက်ကာ ထိုးဖောက် ထွက်ရမည့်လမ်းမှလွဲပြီး အခြားနည်းလမ်း မရှိချေ။

ခါးနှစ်လက် ဝမ်းချိမင်းက အဆင်သင့်ဖြစ်ပြီးသားဆိုသည့်သဘောဖြင့် မောက်ရှုံကို ကြည့်လိုက်သည်။

မောက်ရှုံက ခေါင်းညိတ်ပြလိုက်လျှင်....

'ယား'

ခါးနှစ်လက် ဝမ်းချိမင်းက ဝမ်းခေါင်းသံကြီးဖြင့် ညာသံပေးရင်း ကြောင်ခေါးပြူများဆီသို့ ဦးတည်ကာ မြင်းကို စက်ကုန် ဖွင့်သွားလေသည်။



နတ်လက်သီး ကျင်းတောက်ကလည်း ထက်ကြပ်မကွာ လိုက်သွား၏။

သူတို့နှင့်အတူ အာမခံအဖွဲ့သားဆယ်ယောက်က ပြေးလိုက်သွားကြလေသည်။

ခါးနှစ်လက် ဝမ်းချိမင်းတို့ တစ်ဟုန်ထိုး ထိုးဖောက်လာသည်ကို မြင်လျှင် ကြောင်ခေါးပြူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ချက်ချင်းပင် ထိုးဖောက်ထွက်လာမည့် လမ်းကြောင်းပေါ်သို့ စုရုံးကာ ပိတ်ဆို့လိုက်ကြ၏။

အချို့က လေးမြားများအသုံးပြု၍လည်းကောင်း၊ လက်နက်ပုန်းများဖြင့် လည်းကောင်း ဆီးကြို ပစ်ခတ် တိုက်ခိုက်ကြလေသည်။

တရှိန်ရှိန် တရှမ်းရှမ်း ပစ်လွှင့်လာသော လက်နက်ပုန်းများ၊ မြားတံများကို ခါးနှစ်လက် ဝမ်းချိမင်းက သူ၏ခါးနှစ်လက် ဝေ့ယမ်းကာ ရိုက်ထုတ်ပစ်လိုက်လေသည်။

ဝမ်းချိမင်း၏ ခါးစကြာ သိုင်းကွက်သည် ထုတ်ဖော်အသုံးပြုလျှင် ရေပက်မဝင်နိုင်ဟူ၍ပင် ဆိုစကားရှိလေသည်။

ယခုလည်း ပစ်လွှင့်လာသမျှသည် ခါးစကြာကြောင့် မြေပေါ် တဖုတ်ဖုတ် ကျကုန်တော့၏။

ဝမ်းချိမ်းကို လည်းကောင်း၊ နတ်လက်သီး ကျင်းတောက်ကို လည်းကောင်း အိုးစဉ်းမျှ ဒုက္ခမပေးနိုင်ချေ။

ဝမ်းချိမင်းနှင့် နတ်လက်သီး ကျင်းတောက်တို့သည် တစ်ခဏအတွင်းမှာပင် ကြောင်ခေါးပြူများနှင့် ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြ၏။

အာမခံ အဖွဲ့သားများကလည်း တက်ကြွမကွာ လိုက်လာကြရာ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

'ထိုးဖောက်ကြဟေ့'

'တိုက်ကြ'

'ယား'

'ခွပ်....ခွပ်...ခွပ်...ခွပ်'

မောက်ရှုံ မောက်ခုံတို့ကလည်း မြင်းလှည်းကို အပြင်းမောင်းနှင်ကာ လိုက်လာကြသည်။

ကြောင်ခေါးပြူများ စုရုံး တားဆီးကြပါသော်လည်း ပြင်းထန်သော ထိုးစစ်ကို မခံနိုင်ချေ။

'နိုး'

'အား'



'အမယ်လေး'

ကျူးရှုသော အော်ဟစ်သံများ ဟစ်ခဲနက် ထွက်ပေါ်လာလေသည်။

ကြောင်ခေါးပြူများ အလုံးအရင်း လဲကျကုန်လေသည်။ လှံနှင့် ဒိုင်း အာမခံ အဖွဲ့သားများ ဖိပြီး အားတက်လာကြသည်။

ဝမ်းချိမင်းနှင့် ကျင်းတောက်တို့သည် ကြောင်ခေါးပြူများ ဖရိုဖရဲ ဖြစ်သွားသည်ကို အခွင့်ကောင်းယူကာ ဖိ၍ တိုက်ခိုက်လိုက်၏။

ကြောင်ခေါးပြူများသည် လူများသည် မှန်သော်လည်း သိုင်းပညာအဆင့်ကား အလယ်အလတ်တန်းအဆင့်၌သာ ရှိရကား မယှဉ်နိုင်ကြခြင်း ဖြစ်လေသည်။

ကြောင်ခေါးပြူများအထိနာနေစဉ်မှာပင် ရုတ်တရက် အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူရိပ်နှစ်ခုသည် တိုက်ခိုက်နေကြသူများ၏ ဦးခေါင်းပေါ်မှ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ကျော်လာကြကာ ရှေ့တန်းသို့ ရောက်ရှိလာကြလေသည်။

ထိုလူရိပ်နှစ်ခုမှာ အနီရောင်ဝတ်ထားပြီး မျက်နှာဖုံးစွပ်ထားသည့် ကြောင်ခေါးပြူနှစ်ယောက် ဖြစ်သည်။

တစ်ယောက်က လခြမ်းပမာ ခပ်ကွေးကွေးရှိသော ဓား တစ်လက် ကိုင်ထားပြီး ကျန်တစ်ယောက်က သံဘုတ်ထိပ်တွင်

သံဘုကြီးတစ်လုံး တပ်ထားသည့် ထူးဆန်းသောလက်နက်တစ်ခု ကိုင်ထားလေသည်။

ထို့နောက် ဓားပြနှင့်ယောက်သည် ဝမ်းချိမင်းနှင့် နတ်လက်သီး ကျင်းတောက်တို့ထံသို့ ပြေးဝင်သွားကြလေသည်။

ဝမ်းချိမင်းက....

'သွားစမ်း'

ဟု အော်ငေါက်ကာ ဓားဖြင့် ပယ်ထုတ်ပစ်လိုက်၏။

သို့သော် လခြမ်းဓားကိုင်ထားသူသည် ပေါ့ပါးစွာ ရှောင်တိမ်းသွားပြီး လခြမ်းဓားဖြင့် လှမ်းပြီး ချိတ်ဆွဲတိုက်ခိုက်လိုက်လေသည်။

'ဗြိ'

'ဟင်....'

ဝမ်းချိမင်းမှာ ပေါ့ပေါ့တန်တန် သဘောထားလိုက်မိရာ ထိုလူ၏ လခြမ်းဓားက သူ၏အင်္ကျီလက်မောင်းကို ချိတ်မိသွားပြီး သုံးလက်မခန့် စုတ်ပြဲသွားစေခဲ့လေတော့သည်။

အကယ်၍သာ ရှေ့သို့ အနည်းငယ်တိုးကာ ချိတ်ဆွဲမိလိုက်မည် ဆိုလျှင် ဝမ်းချိမင်း၏လက်မောင်းတွင် ဒဏ်ရာရသွားမည်မှာ သေချာလှပေသည်။



ဝမ်းချိမင်း ရင်ထိတ်သွားသည်။ မပေါ့မဆဝံ့တော့ဘဲ သတိကြီးစွာထားကာ ပြန်လည်တိုက်ခိုက်လိုက်ရ၏။

ထိုလူသည် ဝမ်းချိမင်း၏ ဓားနှစ်လက် သိုင်းကွက်ကို ရင်မဆိုင်မီ ဝမ်းချိမင်းစီးနင်းထားသော မြင်းကြီး၏ခြေထောက်ကို ဓားကွေးဖြင့် လှမ်းချိတ်ဆွဲလိုက်ပြန်သည်။

ဝမ်းချိမင်းအလှည့်တွင် ရှောင်တိမ်းနိုင်ခဲ့သော်လည်း မြင်းကြီးကား မရှောင်တတ်ပါ။

ရှေ့ခြေတစ်ချောင်း တိခနဲပြတ်သွားလျှင်....

'ဟီး....ဟီး....ဟီး'

ကျယ်လောင်စွာ ဟီလိုက်ပြီး မြေပေါ် ဝုန်းခနဲလဲကျသွားလေသည်။ ဝမ်းချိမင်းလည်း ကပျာကယာ ခုန်ထွက်လိုက်ပြီး ထိုလူနှင့် ရင်ဆိုင်လိုက်လေတော့သည်။

* * *

ဝမ်းချိမင်းနှင့် ဓားကွေးကိုင်ထားသူတို့ ရင်ဆိုင်နေကြချိန်တွင် သံဘုသီးကြီးက နတ်လက်သီးကျင်းတောက်ထံ ခုန်ဝင်သွားပြီး တိုက်ခိုက်လိုက်လေသည်။

ထိုလူသည် နတ်လက်သီးကျင်းတောက်ထက် ကျင်းတောက် စီးနင်းထားသည့် မြင်းကြီးကို အလျင်ဆုံး တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သံဘုကြီးဖြင့် မြင်း၏ ဝဲဘက်နံစောင်းကို ထုချလိုက်ရာ....

'ဖြောင်း'

အရိုးကျိုးသံများပင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းကြီးမှာ ချက်ချင်း ပစ်လဲကျသွား၏။ နတ်လက်သီးကျင်းတောက်သည်လည်း မြေပေါ် ခုန်ဆင်းလိုက်ရလေသည်။

သူ၏မြင်းကြီး သေဆုံးသွားသဖြင့် ဒေါသထွက်ကာ....

'မင်းကို လက်သီးတစ်ချက်ထိုးရမှ ငါကျေနပ်မယ်'

ကျင်းတောက်က ကြုံးဝါးရင်း လက်သီးဆုပ်ကြီးများဖြင့် တရစပ် ပစ်သွင်းတိုက်ခိုက်လိုက်လေသည်။

သံဘုကြီးနှင့်လူက သူ၏လက်နက်ကို ကျင်လည်စွာကိုင်ရင်း အရိုးတံဖြင့်လည်းကောင်း၊ သံဘုကြီးဖြင့်လည်းကောင်း ပြန်လည် တိုက်ခိုက်လေသည်။

ကျင်းတောက်၏ လက်သီးထိုးချက်များမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်လှပေသည်။



လက်သီးစာမိလျှင် တစ်ချက်တည်းနှင့် သေပွဲဝင်ရလိမ့်မည် ဖြစ်လေသည်။ သို့သော် လက်သီးဆယ့်လေးငါးလုံးမျှ ပစ်သွင်းပြီးသည့်တိုင် ထိုလူအား လုံးဝမထိဘဲ လွဲချော်သွားလျှင် ကျင်းတောက် ရင်ထိတ်သွားလေသည်။

'ဒီလူ မခေပါလား'

ဟူသော အတွေးဝင်ရောက်လာပြီး မပေါ့ဆရဲတော့ပေ။

ထိုအချိန်မှာပင်....

'ယား'

ကြောင်ခေါးပြူနှစ်ယောက်က အလစ်ချောင်းပြီး ခုန်ဝင်လာရာ ကျင်းတောက်က ချာခနဲလှည့်၍ လက်သီးနှစ်လုံး ပစ်သွင်းလိုက်ရလေသည်။

'ဝုန်း....ပုန်း'

ကြောင်ခေါးပြူနှစ်ယောက်မှာ အသံပင်မထွက်နိုင်ဘဲ အဝေးသို့ လွင့်စဉ်သွားကြလေသည်။

သံဘုကြီးနှင့်လူက ချက်ချင်း ရှေ့တိုးလာသည်။ ရန်သူအင်အားများပြားလှပြီး ရှေ့နောက်ဝဲယာညှပ်ကာ တိုက်ခိုက်နေကြခြင်းကြောင့် ကျင်းတောက်မှာအခက်တွေ့နေရလေသည်။

ကြောင်ခေါးမြဲ နှစ်ယောက်အား သုတ်သင်ပြီးသည်နှင့် ဘုံဘုသီးကြီးနှင့် လူဘက်သို့လှည့်ကာ ရင်ဆိုင်လိုက်ရပြန်သည်။

ထိုလူသည် သံအရိုးတံကို လှံသဖွယ် အသုံးပြုကာ ကျင်းတောက်၏ ရင်ဝကို ထိုးသွင်းလာ၏။

ကျင်းတောက်မှာ ရှောင်မည့်အစား ရန်သူလက်နက်ကို လုယူကာ အနိုင်တိုက်မည်ဟုသောဝစိတ်ကူးဖြင့် လက်ဆန့်ထုတ်ကာ ဖမ်းဆုပ်လိုက်သည်။

ထိုအချိန်မှာပင် သံဘုသီးကြီးနှင့်လူက တိုက်ကွက် ပြောင်းလိုက်လေသည်။ သံအရိုးတံကို လက်တစ်ဖက်က အဖျားမှကိုင်ပြီး ကျန်လက်တစ်ဖက်က အလယ်မှ ကိုင်ကာ ဘတ်ခနဲ လှည့်လိုက်လျှင် သံဘုသီးကြီး ချာခနဲ လည်ထွက်သွား၏။

သံအရိုးတံသည် အောက်သို့ စိုက်ကျသွားပြီး သံဘုကြီးက အပေါ်သို့ မြောက်တက်လာသည်။

တစ်ဆက်တည်းပင် ကျင်းတောက်၏ ဦးခေါင်းသို့ ထိုးဝင်ပြီးသား ဖြစ်သွားလေသည်။

ထိုလူ၏လျှပ်ရှားမှု လျင်မြန်လွန်းရကား ကျင်းတောက်သည် လက်တစ်ဖက်ဆန့်ကာ ဖမ်းဆုပ်ရန် အနေအထားသို့ပင် သံဘုကြီးဖြင့် ဦးခေါင်းကိုတုချခြင်း ခံလိုက်ရလေတော့သည်။

'ခွပ်'



'အား'

ကျင်းတောက်၏ အသံနက်ကြီး ထွက်ပေါ်လာ၏။

ဦးခေါင်းအက်ကွဲ ကြေမွသွားကာ မြေပေါ်ဗိုင်းခနဲလဲကျသွားလေတော့သည်။

* * *

ခေါးနှစ်လက် ဝမ်းချိမင်းသည် လခြမ်းခေါးနှင့်လူ၏ ညောင်မခေမှန်း ရိပ်သာဖြင့် မပေါ့ဆတော့ဘဲ စကြာခေါးသိုင်းကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ရလေသည်။

လေတိုးသံများ တဝှီးဝှီး မြည်ကာ ထွက်ပေါ်လာပြီး ခေါးရိပ်များ ဖုံးလွှမ်းသွားလေသည်။

လခြမ်းခေါးနှင့် လူသာမက အခြား ကြောင်ခေါးမြဲများပါ ရှေ့တိုးလာ၍ မရကြတော့ချေ။

လခြမ်းခေါးနှင့်လူသည် နောက်ဆုတ်လိုက်ပြီး ဝမ်းချိမင်း၏ စကြာခေါးသိုင်းကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်....

'သွားစမ်း'

ဟု ဒေါက်ကာ အနီးရှိ ကြောင်ခေါးပြူ တစ်ယောက်၏ လက်မောင်းကို လှမ်းဆွဲလိုက်ပြီး ဝမ်းချီမင်းထံ ပစ်ပေါက်လိုက်လေသည်။

ထိုကြောင်ခေါးပြူမှာ မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့်...

'အမယ်လေး'

အထိတ်တလန့် အော်ရင်း ဝမ်းချီမင်းထံသို့ ခြေကားရားလက်ကားရားဖြင့် တိုးဝင်သွားလေသည်။

ရှောင်မဝင်နိုင်သော စကြာဓားသိုင်းအတွင်းသို့ ကျရောက်သွားသည်ဖြစ်ရကား ထိုလူ၏ ခန္ဓာကိုယ်ပေါ်သို့ ဓားချက်များ အဆက်မပြတ် ကျရောက်သွားပြီး ပုံပျက်ပန်းပျက် ဖြစ်သွားလေသည်။

ထိုလူ၏ခန္ဓာကိုယ်မှ သွေးများသည် ဝမ်းချီမင်း၏မျက်နှာသို့တိုင် စဉ်သွား၏။

ထိုတစ်ဒင်္ဂအချိန်လေးအတွင်းမှာပင် လခြမ်းဓားနှင့် လူသည် ဝမ်းချီမင်းထံသို့ ခုဝင်သွားလေသည်။

ဝမ်းချီမင်းနှင့် လက်တစ်ကမ်း အကွာသို့ ရောက်လျှင် မြေပေါ် ဝမ်းလျားထိုးချလိုက်ပြီး သုံးလေးပတ်မျှလှိမ့်လိုက်၏။

လခြမ်းဓား ကိုင်ထားသော လက်ကလေး အဆက်မပြတ် လှုပ်ရှားသွားလေသည်။ ဝမ်းချီမင်း၏ စကြာဓားသိုင်းသည်



အပေါ်ပိုင်းတွင် အားကောင်းပြီး ပြင်းထန်သော်လည်း ခြေထောက် နှစ်ဖက်ကိုမူ အကာအကွယ်ပေးရန် အားပျော့နေ၏။

လခြမ်းဓား ကိုင်ထားသူက ထိုပျော့ကွက်ကို တွေ့မြင်လိုက်သဖြင့် ဝမ်းချီမင်း ချက်ချင်း တိုက်ကွက်ပြောင်းကာ ခုခံနိုင်ခြင်း မရှိရလေအောင် ကြောင်ခေါးပြူ တစ်ယောက်ကို ဓားစာခံ အသုံးချလိုက်ပြီးမှ ခြေထောက်အောက်ပိုင်းကို တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လခြမ်းဓားကွေးသည် ခြေနှစ်ဖက်ကို ချိတ်မိသွားပြီး အရှိန်ဖြင့် ဆွဲချလိုက်သည်နှင့်...

'အား'

ဝမ်းချီမင်း မြေပေါ် တုံးခနဲ လဲကျသွား၏။

သူ၏ ခြေထောက်နှစ်ဖက်မှာ ခန္ဓာကိုယ်မှ ခွဲခွာသွားခဲ့ပြီ ဖြစ်လေသည်။

မြေပေါ်၌ လူးလိမ့်နေသည့်ဝမ်းချီမင်းထံသို့ ကြောင်ခေါးပြူများ ခုန်အုပ်လိုက်ကြလေတော့သည်။

* * *

စူးရှလှသော အော်ဟစ်သံများ ပွက်လောရိုက်နေလေသည်။

တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေပြီး လှိုင်နှင့်ဒိုင်း အာမခံဌာန အက်မှ ထိုးဖောက်လာမှုသည် မမျှော်လင့်ဘဲ ဝမ်းချီမင်းနှင့် ကျင်းတောက်တို့ ကျဆုံးသွားပြီးနောက် အရှိန်လျော့ကျသွားလေတော့သည်။

ဝမ်းချီမင်းတို့နှင့်အတူ လိုက်လာသည့် အာမခံဌာနသား နှစ်ဆယ်မှာလည်း လခြမ်းစေး ကိုင်ထားသူ၊ သံဘုသီး ကြီး ကိုင်ထားသူတို့နှင့် ရင်ဆိုင်လိုက်ရလျှင် မြေပေါ် အသုံး အရုံး လဲကျသွားလေတော့သည်။

ရှေ့သုံးမှထိုးဖောက်လာသည့် ဝမ်းချီမင်းတို့အရေးနိမ့်သွား ချိန်တွင် လှိုင်နှင့်ဒိုင်းအာမခံဌာနမှ အဖွဲ့သားများသည် နှစ်ပိုင်း ကွဲသွားလေသည်။

မောက်ရှုံ၊ မောက်ခိုတို့လူစုနှင့် တောင်လက်ဝါးချန်းထင်း တို့ လူစုအား ကြောင်မားပြဲများက သီးသန့်စီ ခွဲခြားပစ်လိုက် ကြ၏။

တောင်လက်ဝါးချန်းထင်းသည် 'သံမဏိကွင်း' ကိုင်ဆောင် ထားသူတစ်ယောက်နှင့် ရင်ဆိုင်နေရလေသည်။

* * *



သံမဏိကွင်းကိုင်ထားသူသည် ကြောင်မားပြဲများ ကြားမှ ဘွားခနဲ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

ထိုလူသည် သံမဏိကွင်းကို ဝေ့ယမ်းကာ အာမခံအဖွဲ့သား သုံးယောက်ကို လျှပ်တစ်ပြက်အတွင်း သုတ်သင်ပစ်လိုက်သည်။

ပြီးလျှင် ချန်းထင်းနှင့်ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

'ယား...'

ချန်းထင်းက ညာသံပေးကာ လက်ဝါးဖြင့် ရိုက်ချလိုက်၏။ အတွင်းအားကို အပြည့်အဝအသုံးချထားခြင်းကြောင့် ပြင်းထန် လှန်းလှပေတော့သည်။

သံမဏိကွင်းနှင့် လူသည် ဘယ်ခြေကို နောက်ဆုတ်ရင်း မျက်နှာချင်းဆိုင် အနေအထားမှ ဘေးတိုက်အနေအထားသို့ ဖြစ်အောင် ပုံသဏ္ဌာန်ပြောင်းလဲလိုက်သည်။

တစ်ဆက်တည်းပင် လက်ထဲကိုင်ထားသည့် သံမဏိကွင်းဖြင့် ချန်းထင်း၏လက်ကို ထွပ်လိုက်၏။

ချန်းထင်း ထိတ်လန့်သွားသည်။

ချက်ချင်းပင် လက်ဝါးကို ပြန်ရုပ်သိမ်းရန် ဟန်ပြင်လိုက်စဉ် မှာပင် သံမဏိကွင်းသည် သူ၏ လက်ကောက်ဝတ်သို့တိုင် ထွပ်မိ သွားလေသည်။

ထိုလူက ရှေ့တိုးလိုက်ပြီးမှ နောက်သို့ဆုတ်ခနဲပြန်ဆုတ်ကာ ချန်းထင်းနှင့် မျက်နှာချင်းဆိုင်လိုက်သောအခါ သံမဏိကွင်းသည် ချန်းထင်း၏လက်ကောက်ဝတ်ကို လိမ်ချိုးပြီးသား ဖြစ်သွားလေတော့သည်။

'ဖြောင်း'

'အား'

ချန်းထင်း စူးရှစွာ အော်လိုက်၏။

သံမဏိကွင်းကို ကိုင်ထားသူသည် ရသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ခြေတစ်ဖက်မြှောက်ကာ ကန်လိုက်၏။

သူ၏ ခြေထောက်၌ စီးနင်းထားသော ဖိနပ်ဦးမှ ဆူးချွန်တစ်ခု ချပ်ခနဲထိုးထွက်လာပါသည်။

ထိုဆူးချွန်သည် ခြေထောက်ကန်ချက်နှင့်အတူ ချန်းထင်း၏ ဝမ်းဗိုက်ကို ထိုးဖောက်သွား၏။

ချန်းထင်း မြေပေါ်လဲကျသွားလေတော့သည်။

* * *



သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသည့် နတ်လက်သီးကျင်းတောက်၊ ဓားနှစ်လက် ဝမ်းချိမင်းနှင့် တောင်လက်ဝါးချန်းထင်းတို့မှာ အာမခံဌာန အဖွဲ့သားနှစ်ဆယ်နှင့်အတူ မြေပေါ်လဲကျ အသက်ပျောက်နေကြပြီ ဖြစ်လေသည်။

မောက်ခုံ၊ မောက်ရှုံတို့ ညီအစ်ကိုနှစ်ယောက် ကြိတ်မနိုင်ခဲမရဖြစ်နေကြသည်။ သူတို့ရင်ဆိုင်နေရသည့် ကြောင်ခြေပြများသည် တော်ရုံတန်ရုံလမ်းဓားပြများ မဟုတ်ကြောင်းလည်း ရိပ်မိသွားကြ၏။

သူတို့ အားကိုးတကြီးဖြင့် ခေါ်လာခဲ့သည့် သိုင်းသမားကြီးများ သေဆုံးသွားကြပြီး မကြာမီသူတို့အလှည့် ရောက်လာတော့မည် မဟုတ်ပါလား။

မောက်ရှုံက....

'ညီလေး၊ ကြောင်ခြေပြတွေကို တစ်ယောက်မကျန် ရှင်းပစ်မယ်'

ဟု အံကြိတ်ကာ ပြောလိုက်သည်။

မောက်ခုံက....

'စိတ်ချအစ်ကို'

သူတို့နှစ်ယောက် ရှေ့သို့ခုန်ထွက်လိုက်ကြလေသည်။

မောက်ရှုံမှာ လှံကို ကျင်လည်စွာ အသုံးပြုနိုင်သူဖြစ်သလို မောက်ခုံမှာ လေးလံသော သံမဏိဒိုင်းကြီးကို လက်နက်သဖွယ် အသုံးပြုနိုင်သူဖြစ်သည်။

သူတို့ညီအစ်ကိုနှစ်ယောက်၏ လက်နက်များကို အစွဲပြုကာ လှံနှင့်ဒိုင်းအာမခံဌာန အမည်တွင်လာခြင်း ဖြစ်ခဲ့သည်။

နှစ်ယောက်သား ရှေ့သို့ လှမ်းသွားလိုက်စဉ် သူတို့ထံသို့ ဦးတည်လာနေသူတစ်ယောက်ကြောင့် တုံ့ခနဲရပ်သွားကြ၏။

ထိုလူမှာ ကြောင်မားပြတစ်ယောက် ဖြစ်ပြီး လက်ထဲ၌ အပြားကြီးသော ဓားပြားကြီးတစ်လက် ကိုင်ထား၏။

မောက်ရှုံနှင့် မောက်ခုံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်....

'ယား'

ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်ကြလေသည်။

ဓားပြားကြီးကိုင်ထားသူက ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ခုန်ချလိုက်၏။ သူ၏ဓားထုတ်ပုံ ခုတ်ပုံတို့မှာ နှေးကွေး လေးလံသည် ထင်ရသော်လည်း....

'ထန်း'



'ခြမ်း'

မောက်ရှုံ၏သံမဏိလှံကို ထက်ပိုင်းပြတ်သွားစေပြီး မောက်ရှုံ၏ရင်ဝ ဟက်တက်ကွဲသွားစေသည်။

ထိုမျှမကသော ဓားအရှိန်မကုန်သေးတဲ့ မောက်ခုံ၏ သံမဏိ ဒိုင်းကို နှစ်ပိုင်းပြတ်သွားစေပြီး မောက်ခုံ၏ ဦးခေါင်းနှင့် ခန္ဓာကိုယ် အိုးစားကွဲသွားစေခဲ့လေသည်။

မောက်ရှုံနှင့် မောက်ခုံတို့ မြေပေါ်ပြိုလဲကျသွား၏။

သူတို့ညီအစ်ကိုနှစ်ယောက်၏အဖြစ်ဆိုးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည့် လက်ကျန်အာမခံအဖွဲ့သားများမှာလည်း ကြောင်မားပြများ၏လက်ထဲ၌ အသက်ပျောက်သွားကြရလေတော့သည်။

* * *

တိုက်ပွဲပြီးဆုံးသွားချေပြီ။

လှံနှင့်ဒိုင်း အာမခံဌာနအဖွဲ့သားများ မြေပေါ်တွင် မရှုမလှ လဲကျသေဆုံးနေကြ၏။

ကြောင်ခေါးပြူများသည် မြင်းလှည်းတံခါးကို ရိုက်ချိုးကာ အဖိုးတန်အာမခံပစ္စည်းများကို ထုတ်ယူလိုက်ကြ၏။

ခေါးပြားကြီးကိုင်ထားသည့် ကြောင်ခေါးပြူအနီးသို့ သံဘုသီးကြီး ကိုင်သူ၊ လခြမ်းခေါးကိုင်သူနှင့် သံမဏိကွင်းကိုင်သူတို့ စုရုံးရောက်လာကြပြီး ဦးညွတ်ဂါရဝပြုလိုက်ကြလေသည်။

ခေါးပြားကြီးကိုင်ထားသူက....

'မင်းတို့ တာဝန်ကျေတယ်၊ ပစ္စည်းတွေက အတော်များတာပဲ၊ သခင်ကြီး ကျေနပ်မှာ သေချာတယ်၊ ကဲ တို့ဘက်က ထိခိုက်ကျဆုံးတဲ့လူတွေကို အမြန်ဆုံးသယ်သွား၊ ဘာမှ ခြေရာလက်ရာ မကျန်စေနဲ့၊ ပစ္စည်းတွေကုန်ရင် သွားကြမယ်'

ဟု ဆက်တိုက် အမိန့်ပေးလိုက်၏။

သံမဏိကွင်းကိုင်သူ၊ လခြမ်းခေါးကိုင်သူနှင့် သံဘုသီးကြီးကိုင်သူတို့သည် ချက်ချင်း ပြေးထွက်သွားကြပြီး ကြောင်ခေါးပြူများကို အမိန့်ပေးကာ တာဝန်အသီးသီး ဆောင်ရွက်လိုက်ကြသည်။

တစ်ခဏအကြာတွင် သူတို့အားလုံး တောအုပ်အတွင်းသို့ အလျှိုအလျှို ဝင်ရောက်ကွယ်ပျောက်သွားကြ၏။

အရုပ်ဆိုးအကျည်းတန်သောတောလမ်းပေါ်၌ လူ့လောကကို ကျောခိုင်းသွားကြပြီဖြစ်သော လူနှင့်ဒိုင်း အာမခံအစ္စသားများသာလျှင် ကျန်ရစ်ခဲ့ကြလေတော့သည်။

စေတနာရှင်

'ဂျိမ်း'

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွား၏။

အေးစိမ့်သောလေများ တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။ မရှေးမနှောင်းမှာပင် မိုးသီးမိုးပေါက်များ တဖြောင်းဖြောင်း မြည်ကာ ကျဆင်းလာလေသည်။

စန်းစီးနယ်တွင် ချိန်ခါမဟုတ်ဘဲ မိုးရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်းကျခြင်းတို့သည် အဆန်းတကြယ်မဟုတ်တော့ချေ။

နယ်ချင်းကပ်လျက်ရှိသော စန်းတုံးနယ်တွင် သာသာယာယာ ရှိသလောက် စန်းစီးနယ်တွင် ရာသီဥတု ဆိုးရွားဖောက်ပြန်ခြင်းမှာ သဘာဝတရားကိုသာ အပြစ်ပုံချရတော့မည် ဖြစ်ပေသည်။

မိုးသက်လေပြင်း ကျရောက်နေချိန်တွင် မြင်းလှည်းတစ်စီးသည် ချီဝါမြို့သို့ ဦးတည်ကာ ခရီးနှင်နေလေသည်။

မြင်းလှည်းသမားမှာ မိုးကာဝတ်ရုံ ဝတ်ဆင်ထား၍သာ မြင်းလှည်းကို ဆက်ပြီး မောင်းနှင်နိုင်ခြင်း ဖြစ်ပေသည်။

သို့မဟုတ်ပါလျှင် ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထားသည့် အရိုးကွဲမတတ်သော အေးစိမ့်မှုဒဏ်ကို မည်သည့်နည်းနှင့်မျှ ခံနိုင်ရည် ရှိလိမ့်မည် မဟုတ်ချေ။

ထို့အပြင် မြင်းလှည်း အတွင်း၌ လိုက်ပါလာသည့် မိန်းကလေးအား လိုရာခရီးသို့တိုင် လိုက်လံပို့ဆောင်ပေးမည်ဟုလည်း ဆုံးဖြတ်ထားခြင်းကြောင့်လည်း ဖြစ်ပေသည်။

မြင်းလှည်းအိမ်ထဲ၌ **မိန်းကလေးတစ်ယောက်** လိုက်ပါလာပါသည်။

အသက် နှစ်ဆယ်ခန့်ရှိပြီး ချောမောလှပသူကလေး ဖြစ်သည်။ သို့သော် ယခုအချိန်တွင် သူမ၏မျက်နှာလေး ညှိုးငယ်နေရှာပါသည်။



သူမသည် မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ငေးမောကြည့်ရင်း လိုက်ပါလာသည်။

မိုးရေစက်များကြားမှ ချီဝါမြို့ကို ခပ်ရေးရေး တွေ့မြင်ရလေသည်။ ထိုအခါမှ မိန်းကလေး သတိဝင်လာဟန်ဖြင့်....

'ကျားရဲတိုက်ကိုတောင် ရောက်တော့မှာပါလား'

ဟု တီးတိုး ရေရွတ်လိုက်၏။

သူမ၏ ဦးတည်ချက်သည် ကျားရဲတိုက်သို့ သွားရောက်ရေး ဖြစ်ပေသည်။

'ကျားရဲတိုက်'

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ကျားရဲတိုက်နှင့် သနားစဖွယ် မိန်းကလေးသည် မည်သို့ ပတ်သက်နေပါသနည်း။

မိန်းကလေး၏ အမည်မှာ 'ဝမ်းကျိလန်း' ဖြစ်သည်။

သူမသည် ဖခင်ဖြစ်သူ သေဆုံးသွားခဲ့ရသည့် ကိစ္စနှင့် ပတ်သက်ပြီး အကူအညီတောင်းရန် ကျားရဲတိုက်သို့ ဦးတည်သွားနေခြင်း ဖြစ်သည်။

ကျားရဲတိုက်ပိုင်ရှင် 'ယက်သုံးချောင်း လုံ' သည် သိုင်းလောက၌ အခက်အခဲ ဒုက္ခကြုံတွေ့နေရသူများအား အယုတ်

ဒလတ် အမြတ်မရှေး အကူအညီပေးနေသည့် စေတနာရှင် အဖြူရောင် သိုင်းသမားကြီး မဟုတ်ပါလား။

ဝမ်းကျိုလန်းသည် သူ့အား လက်သုံးချောင်းလုံက အကူအညီ ပေးလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားလေသည်။

မိုးသက်လေပြင်းကြားမှ ခရီးနှင်နေသည့် မြင်းလှည်းသည် ဝမ်းကျိုလန်းကို သယ်ဆောင်ကာ ချိဝါမြို့အတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

* * *

'ဝေါ...ဝေါ...ဝေါ'

'ဝှီး...ဝှီး...ဝှီး'

နံနက်ပိုင်းမှ စတင်ခဲ့သော မိုးသက်မုန်တိုင်းမှာ အရှိန်လျော့မသွားသည့်အပြင် ညနေပိုင်းသို့ ရောက်သောအခါ ပို၍ပြင်းထန်လာလေသည်။

လမ်းပေါ်တွင် လူသွားလူလာ မရှိတော့ချေ။



အိမ်တိုင်းအိမ်တိုင်း တံခါးများ ပိတ်ထားကြလေသည်။

စည်ကားသောချိဝါမြို့မှာ မြို့ပျက်ကြီးတစ်ခုပမာ တိတ်ဆိတ်ခြောက်သွေ့နေပေတော့သည်။

မြင်းလှည်းသမားသည် မြို့ထဲသို့ ရောက်လာလျှင် ရုတ်တရက်မည်သည့်နေရာသို့ သွားရမှန်းမသိ၊ ယောင်ချာချာ ဖြစ်သွား၏။

နောက်မှ သတိဝင်လာပြီး တည်းခိုခန်းတစ်ခုအား ရှာဖွေလိုက်လေသည်။ မြို့တစ်ပတ် မောင်းနှင်ပြီးမှ ရှားရှားပါးပါး တည်းခိုခန်းတစ်ခုကို တွေ့လိုက်ရလေသည်။

မြင်းလှည်းသမား ဝမ်းသာသွားပြီး တည်းခိုခန်းရှေ့တွင် မြင်းလှည်းကို ထိုးရပ်လိုက်သည်။

ထို့နောက် မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ....

'တူမကြီး ဒီမှာ ခဏနားကြရအောင်'

မြင်းလှည်းတံခါးဖွင့်ပြီး ဝမ်းကျိုလန်းကို လှမ်းပြောလိုက်လေသည်။

ဝမ်းကျိုလန်းက....

'ဦးလေးကောင်း၊ ကျွန်မတို့ ကျားရဲတိုက်ကို ဆက်သွားကြမယ်လေ'

သူမသည် ကျွားရဲတိုက်သို့ ရောက်လိုစိတ် ပြင်းပြနေသည့်မှာ ထင်ရှား ပေါ်လွင်နေပါသည်။

ဦးလေးကောင်းဆိုသည့် မြင်းလှည်းသမား စိတ်မကောင်း ဖြစ်သွားလေသည်။

'ရာသီဥတုက အတော်ဆိုးဝါးနေတယ် တူမကြီး၊ ကျွားရဲ့ တိုက်ကို ရောက်ဖို့လဲ အတော်လိုသေးတယ်၊ မိုးထဲလေထဲ ဆက်သွားရင် ဖျားနာကုန်မှာစိုးရတယ်၊ မြင်းတွေကိုလဲ အနားပေးရဦးမယ် မဟုတ်လား၊ ခဏနားလိုက်လို့လဲ အကြောင်းပို့ထူးမှာ မဟုတ်ပါဘူး၊ တူမကြီးရယ် လာပါ'

အကျိုးသင့်အကြောင်းသင့် ရှင်းပြကာ ခေါ်လိုက်သဖြင့် ဝမ်းကျိုလန်း မြင်းလှည်းပေါ်မှ ဆင်းလာလေသည်။

နှစ်ယောက်သား တည်းခိုခန်းထဲသို့ ဝင်လိုက်ကြသည်။ တည်းခိုခန်းမှာ စားသောက်ဆိုင်နှင့် တွဲဖက်ဖွင့်လှစ်ထားခြင်း ဖြစ်လေသည်။

ထိုအတွက်ကြောင့်လည်း ဝမ်းကျိုလန်းနှင့် ဦးလေးကောင်းတို့အတွက် ကံကောင်းသွားသည်ဟု ဆိုရပေမည်။

သို့မဟုတ်လျှင် စားသောက်ဆိုင် လိုက်ရှာရဦးမည် ဖြစ်ပေသည်။ ဆိုင်လုလင် တစ်ယောက်သည် ထိုင်ခုံ၌ ပျင်းရိလေးတွဲစွာဖြင့် ထိုင်နေရာမှ ဝမ်းကျိုလန်းတို့ ဝင်လာကြသည်ကို မြင်လျှင် ကပျာကယာထကာ ကြိုဆိုလိုက်လေသည်။



'ကြွပါခင်ဗျာ... ကြွပါ'

ဦးလေးကောင်းက ...

'တို့ ဒီမှာ တစ်ညနားမယ်၊ အခန်းစီစဉ်ပေးပါ၊ ဒီညစာနဲ့ မနက်ဖြန် မနက်စာလဲ စားမယ်'

ဟု ပြောလိုက်လျှင်....

'ရပါတယ်ခင်ဗျာ ရပါတယ်၊ ကျွန်တော် ခုချက်ချင်း စီစဉ်ပေးပါ့မယ်'

အငွေ့တထောင်းထောင်း ထနေသော ပူနွေးသော စားသောက်ဖွယ်ရာများ ရောက်ရှိလာလျှင်....

'ကဲ....တူမကြီး စားလိုက်ဦး'

ဟု ပြောလိုက်၏။

ဝမ်းကျိုလန်း ခေါင်းခါယမ်းလိုက်သည်။

'မစားချင်ပါဘူး ဦးလေးကောင်းရယ်၊ ကျွန်မ ကျွားရဲ တိုက်ကိုပဲ အမြန်ဆုံး အရောက်သွားချင်ပါတယ်'

'ဩော်...ရောက်ရမှာပေါ့ တူမကြီးရယ်၊ ဆရာကြီးရဲ့ကိစ္စ မပြီးပြတ်ခင် တူမကြီး တစ်စုံတစ်ခုဖြစ်သွားရင် ဘယ်နှယ် လုပ်

မလဲ၊ တူမကြီး ကျန်းမာနေဖို့ အရေးကြီးတယ် မဟုတ်လား၊ ဒါမှ ရန်သူကို ရင်ဆိုင်နိုင်မှာပေါ့’

ဦးလေးကောင်းက အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်သဖြင့် ဝမ်းကျိုလန်းလည်း လက်ခံလိုက်ရလေသည်။

သူမ ကျန်းကျန်းမာမာရှိနေမှ ဖြစ်ပေမည်။

ရှေ့ဆက် ဆောင်ရွက်စရာ ကိစ္စများစွာ ရှိသေးသည် မဟုတ်ပါလား။

‘ကဲ....စား....စား....တူမကြီး’

ဝမ်းကျိုလန်းလည်း စားသောက်လိုက်ရလေသည်။

ဦးလေးကောင်းကလည်း စားသောက်လိုက်ကြလေသည်။ ဆိုင်ထောင့်တစ်နေရာ၌ လူတစ်ယောက်သည် ဝမ်းကျိုလန်းတို့ ထက် အလျင်ရောက်နှင့်ကာ စားသောက်နေပါသည်။

ထိုလူငယ်သည် ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားပြီး အသက် နှစ်ဆယ့်လေး နှစ်ဆယ့်ငါးနှစ်ခန့်ရှိမည် ထင်ရ၏။

ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူငယ် တစ်ယောက် ဖြစ်သည်။

ထိုသော်....



ထိုလူငယ်၏မျက်နှာမှာ ခံစားချက် ကင်းမဲ့ကာ အေးတိအေးစက် ဖြစ်နေ၍ တွေ့ရသူများအဖို့ တစ်မျိုးကြီးပဲဟု စိတ်ထဲ ထင်မှတ်မိကြမည် ဖြစ်လေသည်။

ဦးလေးကောင်းနှင့် ဝမ်းကျိုလန်းတို့မှာ လူငယ်ကို အလျဉ်း သတိမထားမိကြချေ။

သူတို့ စားသောက်နေကြစဉ်မှာပင်....

‘ခွပ်....ခွပ်....ခွပ်....ခွပ်’

‘ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း’

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မြင်းစီး သမားတစ်စု ဆိုင်ရှေ့သို့ ရောက်လာကြလေသည်။

ဆိုင်လုလင် ဝမ်းသာသွားလေသည်။

‘ဒီညနေခင်းမှာပဲ ဧည့်သည်တွေ တစ်ယောက်ပြီး ၀ယောက် ရောက်လာကြပါလား၊ ဆိုင်ရှင်တော့ အပိုကြေး ချီးမြှင့်တော့မှာပဲ၊ ဟဲ ဟဲ...ဟဲ’

စိတ်ထဲတွေးရင်း ဆိုင်ထဲဝင်လာသူများကို ကြိုဆိုကာ နေရာ ချပေးလိုက်လေသည်။

မြင်းစီးသမားသုံးယောက် ဆိုင်ထဲရောက်လာကြပါသည်။ ခန်းမာထွားကျိုင်းသူများ ဖြစ်ကြပြီး လက်နက်ကိုယ်စီ ကိုင်

ဆောင်ထားကြခြင်းကြောင့် သိုင်းလောကသားများ ဖြစ်ကြောင်း သိနိုင်ပေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

'ဟေ့....တို့အတွက် အရက်တစ်အိုး မြန်မြန်ယူလာပေး'

ဟု လှမ်းပြောလေသည်။

ဆိုင်လုလင်က အလိုက်သိစွာဖြင့် အရက်တစ်အိုးအပြင် အမြည်းတစ်ပွဲပါ ချပေးလိုက်၏။

ထိုလူသုံးယောက် သဘောကျသွားကြလေသည်။

'ငါတို့ ဒီမှာ သုံးရက်လောက် တည်းခိုကြမယ်ကွ၊ စားတော့လဲ ဒီမှာပဲစားမယ်၊ သုံးရက်စာ ကျသင့်ငွေကိုတွက်လိုက်၊ တစ်ခါတည်း ချေပေးမယ်'

ဟု ပြောလေသည်။

ဆိုင်လုလင်သည် ကျသင့်ငွေကိုတွက်ချက်ကာ ပြောလိုက်၏။ မြင်းစီးသမားများက ချက်ချင်း ငွေချေလိုက်ကြ၏။

ဆိုင်လုလင်အဖို့ ထိုလူ သုံးယောက်သည် သဘောကျစရာ ဖြစ်သွားလေသည်။

'နောင်ကြီးတို့ စိတ်တိုင်းကျဖြစ်ရအောင် စီစဉ်ပေးပါ့မယ်'



ဟု ကတိပေးလိုက်လေသည်။

မြင်းစီးသမား တစ်ယောက်က....

'တို့က သုံးရက်နေမယ် ဆိုပေမယ့် ခရီးဆက်လို့ ရပြီဆိုရင် ချက်ချင်းသွားကြမှာကွ'

ဟု ပြောလေသည်။

ဆိုင်လုလင်က....

'နောင်ကြီးတို့က ဘယ်ကို သွားမလို့လဲဗျာ'

ဟု စပ်စုလိုက်လေသည်။

မြင်းစီးသမား တစ်ယောက်က ...

'ဝါးသုံးပင် ချိုင့်ဝှမ်းဘက်ကို သွားမှာကွ'

'ဟာ...အဲဒီဘက်မှာ ရေတွေကြီးပြီး တံတားတွေ ပျက်နေလို့ အဆက်အသွယ် ပြတ်နေတယ်၊ သွားလို့မရနိုင်ဘူး ထင်တယ်'

'အေးလေ၊ ဒါကြောင့်လဲ ငါတို့ဒီမှာနားဖို့ ဆုံးဖြတ်လိုက်ကြတာပေါ့ကွာ'

ဆိုင်လုလင်က....

'မိုးတိတ်သွားတာတောင် ချက်ချင်းသွားဖို့ မလွယ်ဘူးဗျ'

'ကိစ္စမရှိဘူး၊ ကျုပ်တို့ အခြေအနေကြည့်ပြီး သွားကြမယ်၊ ကဲ... အရက်တစ်အိုး ထပ်ပေးဦး'

'ဟုတ်ကဲ့...ဟုတ်ကဲ့'

ဆိုင်လုလင်က အရက်အိုးယူရန် ထွက်သွားလေသည်။

သူတို့ ပြောဆိုနေကြသော စကားများကို ဝမ်းကျိုလန်းတို့ အတိုင်းသား ကြားနေရပါသည်။

သူမနှင့် ဦးလေးကောင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ဝမ်းကျိုလန်းက....

'ကျွန်မတို့ ဘယ်လိုလုပ်မလဲ'

ဟု တီးတိုးမေးလိုက်လေသည်။

ဦးလေးကောင်း ပခုံးတွန့်လိုက်သည်။

'မြင်းစီး သမားတွေတောင် သွားလို့ မရဘူး ဆိုရင် မြင်းလှည်းနဲ့ သွားလို့ မဖြစ်နိုင်တော့တာအမှန်ပဲ တူမကြီး'

'ဒါဆို ကျွန်မတို့...'

'အခြေအနေ စောင့်ကြည့်ကြသေးတာပေါ့'



ဝမ်းကျိုလန်း စိတ်ပျက်သွားလေသည်။

ဝါးသုံးပင် ချိုင့်ဝှမ်းဆိုသည်မှာ ကျားရဲတိုက်သို့ သွားသည့် လမ်းခရီးတွင် အရေးပါသော နေရာတစ်ခုဖြစ်လေသည်။

တစ်နည်းဆိုရလျှင် ဝါးသုံးပင်ချိုင့်ဝှမ်းမှ ဖြတ်သွားမှသာ ကျားရဲတိုက်သို့ ရောက်သွားနိုင်မည် ဖြစ်လေသည်။

မိုးသက်လေပြင်း ကျရောက်နေခြင်းကြောင့် လမ်းပန်းခရီး ဆက်သွားရေး ပြတ်တောက်နေသဖြင့် မြင်းစီးသမားများပင် ရှေ့ဆက်မသွားဘဲ နောက်လှည့်ပြန်လာခဲ့ကြပုံ ရှိလေသည်။

ဝမ်းကျိုလန်း စိတ်ပျက်နေစဉ်မှာပင် မြင်းစီးသမားများ၏ စကားသံများ ထွက်ပေါ်လာပြန်လေသည်။

'ကျားရဲတိုက် ပိုင်ရှင်ကသာ ကူညီမယ်ဆိုရင် ဒါတို့ကိစ္စ အောင်မြင်မှာပဲ'

'သေချာတာပေါ့ကွာ၊ သူကကူညီမှာပါ'

ဝမ်းကျိုလန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

'လက်စသတ်တော့ သူတို့လဲ ကျားရဲတိုက် ပိုင်ရှင်ဆီမှာ သွားပြီး အကူအညီတောင်းကြမလို့ပါလား'

သူမ မကျေမနပ် ဖြစ်လာလေသည်။

အကူအညီတောင်းသူ များနေပါလျှင် သူမအား ကူညီနိုင်မည်ကို စိုးရိမ်လာသည်။

ထို့ကြောင့် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး....

'ရှင်တို့က ကျွားရဲတိုက်ကို သွားပြီး အကူအညီတောင်းကြမလို့လား'

ဟု လှမ်းမေးလိုက်လေသည်။

မြင်းစီးသမားသုံးယောက် လှမ်းကြည့်လာကြသည်။

သူတို့အား မေးလာသူမှာ ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလျှင် မျက်မှောင် ကြုတ်သွားကြပြီး....

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ မိန်းကလေး'

ဟု တစ်ယောက်က ပြန်မေးလိုက်လေသည်။

ဝမ်းကျိလန်းက....

'ဒါဆိုရင် ရှင်တို့ နောက်ပြန်လှည့်သွားကြတာ အကောင်းဆုံး ဖြစ်လိမ့်မယ်'

'ဟင်'

မြင်းစီးသမားသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။



တစ်ယောက်က ထိုင်ရာမှ ထရပ်လာပြီး...

'ကျုပ်တို့ခါးသိုးဖော်ကို နှောင့်ယှက်ရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ မိန်းကလေးက ကျုပ်တို့အကြောင်း မသိသေးဘူးထင်တယ်'

ဟု အသံမာမာဖြင့် ပြောလိုက်လေသည်။

ဝမ်းကျိလန်းက....

'လက်စသတ်တော့ ရှင်တို့ဟာ ဟူပေခရိုင်က ခါးသိုးဖော်ကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မဟာ ခါးနှစ်လက်ဝမ်းချိမင်းရဲ့သမီး ဝမ်းကျိလန်းပါ၊ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ကျွားရဲတိုက်ပိုင်ရှင်ဆီသွားပြီး အကူညီတောင်းမလို့ပါ။ ကျေးဇူးပြုပြီး ရှင်တို့နောက်ဆုတ်ပေးကြဖို့ တောင်းပန်ပါတယ်'

ဟု ပြောလိုက်၏။

ဟူပေခရိုင်မှ ခါးသိုးဖော်သည် အဖွဲ့ရောင်သိုင်းသမားများဖြစ်ကြ၍ သူမက စိတ်လျှော့ကာ ကောင်းမွန်စွာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ခါးသိုးဖော်သည် ခါးနှစ်လက်ဝမ်းချိမင်းဟူသော အမည်ကြားရလျှင် ကအံ့တသြ ဖြစ်သွားကြလေသည်။

'လက်စသတ်တော့ မိန်းကလေးဟာ ဆရာကြီးဝမ်းချီမင်းရဲ့ သမီးကိုး'

'ဟုတ်ပါတယ်ရှင်'

'ကျုပ်က ကျန့်အိပါ၊ သူတို့ကတော့ ကျန့်အော့နဲ့ ကျန့်စန်းပါ'

ခေါးသုံးဖော်သည် ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်ကြလေသည်။

ကျန့်အိက....

'ဆရာကြီးဝမ်းချီမင်း၊ နေထိုင်ကောင်းတယ် မဟုတ်လား ဗျာ'

ဟု မေးလေသည်။

ဝမ်းကျိုလန်း ပင့်သက်ရှိုက်လိုက်ပြီး....

'ဖေဖေ သေဆုံးသွားပါပြီရှင်'

'ဟင်'

'ဟာ'

'ဘယ်လိုဖြစ်ရတာလဲ'



ခေါးသုံးဖော် အထိတ်တလန့် ဖြစ်သွားကြလေသည်။

ဝမ်းကျိုလန်းက...

'ဖေဖေဟာ လုံနဲ့ဗိုင်း အာဗမ်ဒြာနက အကူအညီတောင်းတာကြောင့် သွားပြီးကူညီချင်း သေခင်း တောင်ကြားမှာ ကြောင်ခေါးပြတွေရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့ရပါတယ်'

ကျန့်အိတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ဝမ်းကျိုလန်းက ..

'ကျွန်မက ကျားရဲဘိုက်ပိုင်ရှင်ဆီမှာ ကြောင်ခေါးပြတွေကို ဖော်ထုတ်ပေးဖို့ သွားပြီး အကူအညီတောင်းမလို့ပါရှင်'

ကျန့်အိက....

'ဒါဆိုရင်တော့ မိန်းကလေးကို ဦးစားပေးရမလို ဖြစ်နေပြီ'

ဟု ပြောလျှင် ကျန့်အော့နှင့် ကျန့်စန်းတို့လည်း ထောက်ခံလိုက်ကြလေသည်။

'ဟုတ်တယ်၊ ကျုပ်တို့ကိစ္စက ဒီလောက် အရေးကြီးလှတာ မဟုတ်ပါဘူး'

'ဆရာကြီးဝမ်းချီမင်းရဲ့ကိစ္စနဲ့စာရင် အသေးအဖွဲ့ပါ၊ သူ့ကို ဦးစားပေးလိုက်တာ ကောင်းပါတယ်'

သူတို့သုံးယောက်၏ သဘောထားကို သိလိုက်ရလျှင် ဝမ်းကျီလန်း လေးစားသွားလေသည်။

သူမ စိတ်ဆိုးမိခဲ့သည့်အတွက်လည်း ရှက်သွား၏။

ကျန့်စန်းက....

'ကျားရဲ့တိုက်ပိုင်ရှင်ဆီမှာ အကူအညီတောင်းတဲ့ လူတွေများလွန်းတော့ ကူညီနေရတာနဲ့ပဲ မအားလပ် ဖြစ်နေတယ်လို့ သိရပါတယ်၊ မိန်းကလေး ခရီးလမ်းကြောင်း ပွင့်သွားတာနဲ့ အမြန်ဆုံးသွားပါ၊ ကျုပ်တို့ကတော့ မိန်းကလေး ပြန်လာတဲ့အထိ ဒီမှာပဲ စောင့်နေကြပါမယ်'

ဟု ပြောလေသည်။

ဝမ်းကျီလန်း အလွန်ပင် ကြည်ညိုလေးစားသွားလေသည်။

'ကျွန်မကို ခုလိုဦးစားပေးကြတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်ရှင်'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

ဦးလေးကောင်းလည်း ယခုမှ သက်ပြင်း ချနိုင်လေတော့သည်။ ကျန့်အိတို့သည် ဝမ်းကျီလန်း၏ စားပွဲဆီသို့ ပြောင်း



ရွှေ့လာကြပြီး သိုင်းလောကအကြောင်းများ ပြောဆိုကြသည်။ စားနစ်လက်ဝမ်းချီမင်း၏ အများအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ပုံကို ချီးကျူးပြောဆိုကြလေသည်။

သူတို့သည် ဟူပေခရိုင်၌ ထင်ရှားသော ပင့်ကူသိုင်းသမားနှင့် အဆင်မပြေဖြစ်နေကြ၍ ကြားဝင်စေ့စပ်ပေးပါရန် ကျားရဲ့တိုက်ပိုင်ရှင်ထံ၌ လာရောက် အကူအညီတောင်းကြခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်း ဝမ်းချီမင်း၏ကိစ္စနှင့်ယှဉ်လျှင် သူတို့၏ကိစ္စသည် အရေးမကြီးဟု သတ်မှတ်လိုက်ကြခြင်း ဖြစ်လေသည်။

မိုးချုပ်သွားသည်အထိ တွေ့ရာလေးပါး ပြောဆိုကြပြီးနောက် အသီးသီး အိပ်စက်အနားယူရန် လူချင်းခွဲလိုက်ကြလေသည်။

စားသောက်ခန်းထဲ၌ လူရှင်းသွားသည်။

ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်သာလျှင် အရက်ကိုဖိမ်ခံသောက်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေပါသည်။

ဦးလေးကောင်းသည် မြင်းလှည်းကို မှန်မှန်မောင်းနှင်နေ၏။ ဝမ်းကျိလန်းအတွက် ကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်လေသည်။

တည်းခိုခန်းတွင် တစ်ညတာတည်းခိုပြီး နံနက် မိုးစင်စင်လင်းလျှင် မိုးသက်မုန်တိုင်း စဲသွားခဲ့လေသည်။

ထို့ကြောင့် ကျန်အိတ်ကိုဆက်ကာ ထွက်လာခဲ့ကြခြင်းဖြစ်လေသည်။ ချိဝါမြို့နှင့် ကျားရဲတိုက်မှာ မိုင်သုံးဆယ်ခန့်သာ ကွာဝေးပေသည်။

လမ်းခရီးတွင် ချောင်းမြောင်းအင်းအိုင်များ၊ ချိုင့်ဝှမ်းများ၊ တောအုပ်များ ပေါများစွာရှိနေခြင်းကြောင့် ကွေ့ပတ်ကျော်ဖြတ်သွားရခြင်းဖြင့် ခရီးဝေးသွားသည်ဟု ဆိုရပေမည်။

အနေရးထဲ လျှိုမြောင်ချိုင့်ဝှမ်းများတွင် ဖြတ်သွား၍ မရလောက်အောင် ရေပြည့်လျှံနေပြီး ချောင်းကူးတံတားများလည်း ရေတိုက်စားပြီး ကျိုးကျနေရာ လမ်းပန်းခရီးဆက်သွယ်ရေး ပြတ်တောက်သွားသည်ဟု ဆိုနိုင်သည်။

မည်သို့ဆိုစေ ဆိုးဝါးသော ရာသီဥတုဒဏ်ကို ကြုံတွေ့နေကျဖြစ်သော ရွာသူရွာသားများသည် မိုးသက်မုန်တိုင်း စဲသွားသည်နှင့် ပြုပြင်ရေးလုပ်ငန်းများကို အပူတပြင်း လုပ်ဆောင်ကြလေသည်။



တံတားများကို ပြင်ကြသည်။ ရေမြောင်းများ တူးကာ ရေများ ဖောက်ထုတ်ပစ်ကြသည်။

ဒေသခံများနှင့်အတူ ကျားရဲတိုက်မှ သိုင်းသမားများကလည်း ဗူးပေါင်းဆောင်ရွက်ကြလေသည်။

အမှန်တော့ ကျားရဲတိုက်၏ ဦးဆောင်မှုဖြင့် ပြုပြင်ရေးလုပ်ငန်းများ အကောင်အထည်ပေါ်လာရခြင်း ဖြစ်သည်။

မိုးသက်မုန်တိုင်း စဲသွားပြီး ၃ရက်အတွင်း သွားနိုင်လာနိုင်သည့် အခြေအနေ ရောက်ရှိလာသည်။

ထို့ကြောင့်....

ဝမ်းကျိလန်းမှာ ကျားရဲတိုက်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့လေတော့သည်။

အန္တရာယ်

ကျားရဲတိုက်....

ကျားရဲတိုက်သည် ကျားတောင်ကုန်းပေါ်၌ တည်ဆောက်ထားသော ရဲတိုက်ကြီးတစ်ခုဖြစ်သည်။

ရဲတိုက်ကို အုတ်နံရံဖြင့် ကာရံထားပြီး အခိုင်အခံ့ ဆောက်လုပ်ထားခြင်း၊ အစောင့်အကြပ်များ ထူထပ်စွာ ချထားခြင်းကြောင့် နေပြည်တော်မှ စစ်သူကြီးများ အသုံးပြုလေ့ရှိသည့် ခံတပ်ကြီးတစ်ခုနှင့်ပင် တူနေပေတော့သည်။

ကျားတောင်ကုန်းသည် ပြေလျော့လျော့ရှိသည် ထင်ရသော်လည်း အတန်မြင့်မားသော တောင်ကုန်းတစ်ခုဖြစ်သည်။



ကျားတောင်ကုန်းပေါ် တက်သွားရာလမ်းတစ်လျှောက်တွင် ကျားရဲတိုက်မှ အစောင့်ကင်းစခန်းများ အထပ်ထပ်ချထားလေသည်။

ဦးလေးကောင်းသည် ကျားတောင်ကုန်းပေါ်မှ ကျားရဲတိုက်ကို လှမ်း၍ တွေ့မြင်လိုက်ရလျှင် စိတ်သက်သာရာ ရသွားလေသည်။

ဝမ်းကျိလန်း၏ ဆန္ဒအတိုင်း ကျားရဲတိုက်သို့ ပို့ဆောင်ပေးနိုင်တော့မည် မဟုတ်ပါလား။

မြင်းလှည်းပြတင်းပေါက်မှ ကြည့်နေသော ဝမ်းကျိလန်းသည်လည်း ဝမ်းသာနေ၏။

ကျားရဲတိုက်ပိုင်ရှင် လက်သုံးချောင်းလုံကသာ ကူညီမည်ဆိုလျှင် ကြောင်ဓားပြများကို ဖော်ထုတ် သုတ်သင်ပစ်နိုင်မည် မဟုတ်ပါလား။

'ရပ်လိုက်'

ရုတ်တရက် ဟန့်တားသံ ထွက်ပေါ်လာလေသည်။

ကျားရဲတိုက်၏ ပထမ ကင်းစခန်းမှ အစောင့်သိုင်းသမားများ လမ်းပေါ်သို့ ရောက်ရှိလာကြပြီး ဟန့်တားလိုက်ကြခြင်း ဖြစ်လေသည်။

'ဟေး ဟေး'

ဦးခလေးကောင်းက မြင်းဇက်ကြိုး တင်းတင်းဆွဲရင်း အသံပေးကာ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

မြင်းလှည်းရပ်တန့်သွားလျှင် ကျားရဲတိုက်မှ အစောင့် တစ်ယောက်သည် အနီးသို့ ရောက်ရှိလာပြီး ...

'ဘယ်ကလာတာလဲ၊ ဘာကိစ္စလဲဆိုတာ ပြောပါ'

ဟု စစ်ဆေး မေးမြန်းလာလေသည်။

ကျန်အစောင့်များက မလှမ်းမကမ်းမှရပ်ကာ အခြေအနေ စောင့်ကြည့်နေကြလေသည်။

ဦးလေးကောင်းက....

'ကျားရဲတိုက် ပိုင်ရှင်ဆီကို အကူအညီတောင်းဖို့ လာခဲ့ကြတာပါ'

ဟု သာရင်းကိစ္စကို ပြောလိုက်၏။

ဦးလေးကောင်းသည် ဝမ်းချိမင်း၏ ကျေးဇူးမကင်းသူ တစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ဝမ်းကျီလန်းက ကျားရဲတိုက်သို့ သွားမည် ဆိုသောအခါ မြင်းလှည်းမောင်း တာဝန်ယူရင်း လိုက်ပို့ပေးခြင်း ဖြစ်သည်။



ဝမ်းကျီလန်းကလည်း မြင်းလှည်းထဲမှ ခေါင်းပြူထွက်လာပြီး....

'ကျွန်မနာမည် ဝမ်းကျီလန်းပါ၊ ဓားနှစ်လက် ဝမ်းချိမင်းရဲ့ သမီးပါရှင်'

ဟု ပြောလိုက်လေသည်။

စစ်ဆေးမေးမြန်းလာသူက....

'ခင်ဗျားတို့ လာမယ်ဆိုတာ ကြိုတင် အကြောင်းကြားထားပြီးပြီလား'

ဟု မေးလေသည်။

ဝမ်းကျီလန်းက....

'အရေးတကြီး လာခဲ့ရတာမို့ ကြိုတင် အကြောင်းမကြားနိုင်ခဲ့ပါဘူးရှင်'

အစောင့်သည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'ကောင်းပြီလေ၊ သွားနိုင်ကြပါပြီ'

ဟု ပြောရင်း လမ်းပိတ်ထားကြသည့် သူ၏လူများကို လက်ဝှေ့ယမ်းပြလိုက်လေသည်။ ထိုလူများက ချက်ချင်း လမ်းဖယ်ပေးလိုက်ကြသည်။

လမ်းပွင့်သွားလျှင် ဦးလေးကောင်းက မြင်းလှည်းကို မောင်းနှင်သွားလေသည်။

ကျားတောင်ကုန်းပေါ် တက်သွားရာ လမ်းတစ်လျှောက်တွင် ကင်းစခန်းသုံးခု ရှိလေသည်။

ဒုတိယ ကင်းစခန်းသည် ပထမကင်းစခန်းထက် ပို၍ စေ့စပ်သေချာစွာ စစ်ဆေးမေးမြန်းပြီး တတိယကင်းစခန်းက ဒုတိယကင်းစခန်းထက်ပို၍ တင်းကျပ်စွာ စစ်ဆေး မေးမြန်းကြသည်။

သို့သော်....

ကင်းစခန်း သုံးခုစလုံးက ဝမ်းကျိလန်းတို့အား ကျားရဲတိုက်သို့ သွားခွင့်ပြုလိုက်ကြလေသည်။

ဦးလေးကောင်းက မြင်းလှည်းကို ဆက်ပြီး မောင်းနှင်သွားရာ အုတ်တံတိုင်းရှေ့သို့ ရောက်သွား၏။

ဝင်ပေါက် တံခါးမကြီးရှေ့မှ အစောင့်များကလည်း ဝင်ခွင့် ပြုလိုက်ကြပြန်သဖြင့် ရဲတိုက်အတွင်းသို့ ချောမောစွာ ဝင်ရောက် နိုင်ခဲ့ကြလေသည်။

ကျားရဲတိုက်သို့ လာရာလမ်းကြောင်းတစ်လျှောက်၌ အစဉ်သတိဝီရိယ ရှိနေကြသော အစောင့်အကြပ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဖြတ်သန်းခဲ့ရခြင်းကြောင့် ကျားရဲတိုက်ပိုင်ရှင်က ခွင့်



မပြုလျှင် ရဲတိုက်အတွင်းသို့ဝင်ဖို့မဆိုထားနှင့်၊ကျားတောင်ကုန်းပေါ်သို့ပင် ခြေချနိုင်မည်မဟုတ်ကြောင်း ဝမ်းကျိလန်း ဆင်ခြင်မိလေသည်။

ကြီးမားခံ့ညားလှသော ရဲတိုက်ကြီးရှေ့၌ မြင်းလှည်းကို ရပ်လိုက်မိလျှင် အစောင့်များက ဝမ်းကျိလန်းကို ကြိုဆိုပြီး ရဲတိုက်အတွင်းသို့ ခေါ်ဆောင်သွားကြလေတော့သည်။

* * *

ဝမ်းကျိလန်းသည် ထိပ်သီးသိုင်းသမားကြီး တစ်ယောက်၏ သမီးပီပီ သိုင်းပညာ တတ်မြောက်ထားသလို သိုင်းလောက၌ ကျင်လည်သွားလာသူ ဖြစ်ပေသည်။

ယခု....

ကျားရဲတိုက်သို့ ရောက်လာသောအခါ စကြံလမ်း အသွယ်သွယ် ခန်းမအဆောင်ဆောင် နေရာမသပ် အစီအရီရှိနေသော အစောင့်အကြပ်များကို တွေ့ရလျှင် ရှောင်လင်၊ ဝူတန်း၊ ဂူမီး၊ ဝါဆန်းစသော အထင်ကရ သိုင်းအဖွဲ့အစည်းကြီးများ ကဲ့သို့

ကြီးကျယ်ခမ်းနားလှပြီး အင်အားတောင့်တင်းလှသော အဖွဲ့ကြီးတစ်ခုဖြစ်ကြောင်း အင်ခြင်မိလိုက်လေသည်။

ကြမ်းပြင်များမှာ ဖယောင်းတိုက်ထားသဖြင့် နင်းရက်စရာမရှိအောင် တလက်လက် တောက်ပြောင်နေသည်။

အလှစိုက်ပန်းအိုးများ၊ အဖိုးတန် အမွေးပွ ကော်ဇောများ၊ ပန်းချီကားများလည်း နေရာအနှံ့တွင် တွေ့ရသည်။

ကျားရဲတိုက်သည် နန်းတော်ကြီး တစ်ခုနှင့်ပင် တူနေပေတော့သည်။

'ဒီဘက်ကိုကြွပါ'

လမ်းပြ ခေါ်ဆောင်လာသူက ဝမ်းကျိုလန်းကို ကျယ်ဝန်းသော ခန်းမဆောင်ကြီးတစ်ခု အတွင်းသို့ ခေါ်ဆောင်သွားပြီး နေရာချပေးလေသည်။

ခန်းမကြီး၏ အရှေ့ဘက်နံရံတွင် ကျားခေါင်းပုံကို ဆေးဖြင့် ရေးခြယ်ထားသည်မှာ အသက်ဝင်လှသည်ကို တွေ့မြင်ရလေသည်။

ကျားခေါင်းရုပ်ကြီး အောက်တွင် ရွှေပိန်းချကုလားထိုင်ကြီးချထားပြီး မီးခိုးရောင် ဝတ်ထားသည့် အဘိုးအို တစ်ယောက်ဆေးတံခဲကာ အခန့်သားထိုင်နေသည်။



ထိုအဘိုးအိုမှာ ကျားရဲတိုက်ပိုင်ရှင် လက်သုံး ချောဝ်းလိုဖြစ်လေသည်။ သူ၏အမည်ရင်းမှာ 'လုံအိချို'ဖြစ်သည်။

လုံအိချို၏ ယာဘက်တွင် အသက် လေးဆယ်ခန့် ရှိသူတစ်ယောက် ရပ်နေ၏။

ယင်းလူမှာ လုံအိချို၏ညာလက်ရုံး 'လိုလီ' ဖြစ်လေသည်။

အပြာရောင်ဝတ်စုံဝတ်ကာ လုံရှည်များ ကိုင်ထားကြသည့် အစောင့်အကြပ်များသည် ခန်းမဆောင်၏ ဝဲယာ တစ်ဖက်တစ်ချက်၌ စီတန်းကာ အသင့်အနေအထားဖြင့် ရပ်နေကြပါသည်။

လုံအိချို၏ရှေ့တွင် လူတစ်ယောက် ရပ်နေ၏။

ထိုလူမှာ ခရမ်းရောင် ဝတ်ထားပြီး ခါး၌ ဆင်စွယ်ဖြင့် လက်ကိုင်ရိုးတပ်ထားသော ဓားတစ်လက် ချိတ်ထားလေသည်။

ဝမ်းကျိုလန်း ရောက်လာချိန်၌ လုံအိချိုနှင့် ခရမ်းရောင်ဝတ်ထားသူတို့ တစ်စုံတစ်ခု အငြင်းပွားနေသည်ကို တွေ့ရလေသည်။

ဝမ်းကျိုလန်းအား ခေါ်လာသူက....

'ခဏ စောင့်ပါ၊ မိန်းကလေးထက်အရင် ရောက်လာတဲ့ ဧည့်သည် ရှိပါသေးတယ်၊ သူပြန်သွားမှ မိန်းကလေး တွေ့ရမှာပါ'

ဟု ပြောပြပြီး အသင့်ချထားသော ရေနွေးကြမ်း၊ မုန့်အချို များဖြင့် ဧည့်ခံလေသည်။

ဝမ်းကျိုလန်းက ကျေးဇူးတင်စကားပြောပြီး ဘာမှမစားဘဲ လုံအိချိတို့အား အကဲခတ် ကြည့်လိုက်လေသည်။

ထိုအချိန်တွင် ခရမ်းရောင်ဝတ်ထားသူက ...

'ဒီလို ဖြေရှင်းတာကို ကျုပ် လက်မခံနိုင်ဘူး၊ တော်ပြီ၊ ခင်ဗျားနဲ့ ပြောနေလို့လဲ အပိုပဲ၊ ကျုပ်သွားတော့မယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ဤတွင် လုံအိချိ၏ညာလက်ရုံး လိုလီက....

'ရပ်လိုက်စမ်း၊ သခင်ကြီးကို စော်ကားမော်ကား ပြောပြီး ထွက်သွားလို့ရမလား'

ဟု လှမ်းပြီး အော်လိုက်လေသည်။

သို့သော် ...

'လိုလီ.... သူသွားပါစေ၊ ကောင်းကောင်းမွန်မွန် လိုက်ပို့ ပေးလိုက်ကြပါ'

လုံအိချိက ဝင်ပြောလိုက်ခြင်းကြောင့် လိုလီ ဟန့်တားခြင်း မပြုနိုင်တော့ချေ။ လိုလီ၏ လက်ထောက်တစ်ယောက်က ခရမ်းရောင် ဝတ်ထားသူကို ခေါ်သွားလေသည်။



ထိုအဖြစ်အပျက်ကို ကြည့်ကာ ဝမ်းကျိုလန်း မျက်မှောင် ကြုတ်သွားလေသည်။

'ဘာဖြစ်ကြတာပါလိမ့်'

သူမ တွေးတောနေစဉ်မှာပင်....

'မိန်းကလေး ရှေ့ကိုကြွပါ'

တစ်ယောက်က လာပြောသဖြင့် ဝမ်းကျိုလန်းမှာ လုံအိချိ ရှေ့သို့ ရောက်သွားလေတော့သည်။

သူမသည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ကျွန်မ ဝမ်းကျိုလန်းက ဂါရဝပြုပါတယ်ရှင်'

ဟု ပြောလိုက်၏။

လုံအိချိသည် ဝမ်းကျိုလန်းအား အကဲခတ် ကြည့်လိုက်ပြီးလျှင်...

'မိန်းကလေး၊ မင်းရဲ့အဖေအတွက် ကျုပ်အထူးပဲ စိတ် မကောင်းဖြစ်မိတယ်လို့ ပြောပါရစေ၊ သူဟာ စံပြသိုင်းသမား ကြီးတစ်ယောက်ပါ၊ သူ့ကို ဆုံးရှုံးလိုက်ရတာ သိုင်းလောက ကြီးအတွက် အစားထိုးမရတဲ့ဆုံးရှုံးမှုကြီးပါပဲ'

ဟု ပြောလေသည်။

ဝမ်းကျီလန်းမှာ ဖခင်ဖြစ်သူကို သတိရလာကာ မျက်ရည်လည်လာလေသည်။

လုံအိချိက....

'မိန်းကလေးကို ကျုပ်ကူညီပါမယ်၊ ကြောင်ဓားပြတွေကို စုံစမ်းဖော်ထုတ်ပြီး ရှင်းလင်းပစ်ပါမယ်'

ဟု ပြောလာပြန်လေသည်။

ဝမ်းကျီလန်း ဝမ်းသာသွားလေသည်။

'ရဲတိုက်ပိုင်ရှင်ကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူးရှင်'

လုံအိချိက သက်ပြင်းချလိုက်ပြီး....

'ကြောင်ဓားပြတွေဟာ ခြေရာဖျောက်တော်ကြလို့ ဖော်ထုတ်ဖို့တော့ မလွယ်ဘူးကွယ့်၊ အချိန်ယူရလိမ့်မယ်၊ မိန်းကလေး စိတ်ရှည်ဖို့လိုတယ်၊ ဒါကြောင့် ကျုပ်ပြောချင်တာက အိမ်ကို ပြန်ဖို့၊ အကြောင်းထူးတာနဲ့ လူလွှတ်ပြီး ကျုပ်ခေါ်ခိုင်းလိုက်ပါမယ်၊ မိန်းကလေးလိုက်စုံစမ်းနေမယ်ဆိုရင် အန္တရာယ်များမယ်၊ ကျုပ်စကားနားထောင်မှ ကျုပ်လဲ ထိထိရောက်ရောက် ကူညီလို့ရလိမ့်မယ်'

ဟု ပြော၏။

ဝမ်းကျီလန်း၏ကိစ္စနှင့်ပတ်သက်ပြီး သေသေချာချာ သိပ်လေ့လာထားပုံရလေသည်။



ဝမ်းကျီလန်း စောဒကတက်စရာစကားရှာမရချေ။

ကြောင်ဓားပြများကို ချက်ချင်းရှာဖွေကာ ဖော်ထုတ်သုတ်သင်ပစ်လိုပါသော်လည်း မဖြစ်နိုင်တော့ကြောင်း ဆင်ခြင်မိလိုက်သဖြင့်...

'ရဲတိုက်ပိုင်ရှင်ကြီး ပြောတဲ့အတိုင်း ကျွန်မ နားထောင်ပါ့မယ်'

ဟု ပြောလိုက်ရလေသည်။

လုံအိချိ ကျေနပ်သွားပုံရလေသည်။

'ကောင်းပြီ၊ မိန်းကလေး ပြန်နိုင်ပါပြီ'

သူတို့နှစ်ယောက် တွေ့ဆုံမှုမှာ ဤတွင် ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ဝမ်းကျီလန်းက ဘဝင်တော့မကျမိချေ။

သူမအကူအညီတောင်းလျှင် ဖခင်၏ မျက်နှာကို ထောက်ထားကာ ရဲတိုက်ပိုင်ရှင်က ချက်ချင်း အကူအညီ ပေးမည်။ ကြောင်ဓားပြများကို လိုက်ရှာပေးမည်ဟုထင်မှတ်ခဲ့၏။

ယခုတော့ အထင်နှင့်အမြင်တခြားစီဖြစ်ရလေသည်။

'ကဲ...လိုက်ပို့ပေးလိုက်ပါ'

လုံအိချိကအမိန့်ပေးလိုက်လျှင်တာဝန်ရှိသူတစ်ယောက်က...

'ကျုပ်နောက် လိုက်ခဲ့ပါ မိန်းကလေး'

ဝမ်းကျိုလန်းကို ခေါ်သွား၏။

ဝမ်းကျိုလန်းလည်း လိုက်သွားရလေတော့သည်။

* * *

တစ်လ....

တစ်လဟူသောအချိန်သည် ကုန်ဆုံးသွားခဲ့ပြီဖြစ်လေသည်။

ဝမ်းကျိုလန်း အိမ်သို့ ပြန်ရောက်လာခဲ့သည်မှာ တစ်လရှိခဲ့ပြီ ဖြစ်သည်။

ကျားရဲတိုက်ပိုင်ရှင် လုံအိချိကတိပေးခဲ့သည့်အတိုင်း ကြောင်ဓားပြများအကြောင်း စုံစမ်း၍ အကြောင်းထူးလျှင် လူလွှတ် ခေါ်ခိုင်းလိုက်မည်ဆိုသည်ကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်သည်။



သို့သော်....

တစ်လဟူသော အချိန်သာ ကုန်ဆုံးသွားသည်။ အခြေအနေက ထူးခြားမလာချေ။

ကြောင်ဓားပြများသည် သိုင်းလောက၏ ကပ်ဆိုးပမာ ဖြစ်လာလေသည်။

ကြောင်ဓားပြများ လုယက်တိုက်ခိုက်သွားသည့် သတင်းများ ကြားရလေတိုင်း ဝမ်းကျိုလန်း ခံပြင်းဒေါသ ထွက်ရစမြဲ ဖြစ်လေသည်။

နောက်ဆုံးတွင်...

'ငါ အိမ်မှာထိုင်နေလို့ ဘာအကျိုးထူးမှာလဲ'

သူမသည် ကျားရဲတိုက် ပိုင်ရှင်ကိုချည်း အားကိုးမနေဘဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

ယခုတစ်ကြိမ်တွင် ခရီးထွက်သောအခါ ဦးလေးကောင်းကို ခေါ်မသွားဘဲ တိတ်တဆိတ်သွားမည်ဟု ကြံစည်လိုက်၏။

ဝမ်းကျိုလန်း ထိုသို့ ဆုံးဖြတ်ချက်ချလိုက်ပြီး နောက်တစ်နေ့မှာပင်....

'ဒေါက်....ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာခြင်းကြောင့် ပစ္စည်းပစ္စယ များ သိမ်းဆည်းနေသည့် ဝမ်းကျိုလန်း ကပျာကယာ အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။

'လာပြီ. လာပြီ'

အိမ်တံခါးဖွင့်ပေးလိုက်သောအခါ အပြင်ဘက်၌ လူငယ်တစ်ယောက် ရပ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုလူငယ်မှာ တည်ကြည်သောအသွင်ရှိပြီး သိုင်းသမားများကဲ့သို့ ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားလေသည်။ ခါး၌ အနီရောင် ပန်းဖွား တပ်ဆင်ထားသည့် ဓားတစ်လက် ချိတ်ဆွဲထား၏။

ဝမ်းကျိုလန်းက....

'ကျားရဲ့တိုက်ကလားရှင်'

ဟု ဝမ်းသာအားရ မေးလိုက်လေသည်။

လူငယ် ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး'

'ဩော်'

ကျားရဲတိုက်မှ သူမဟုတ်ဘဲ လူလွှတ်အကြောင်းကြားခိုင်းခြင်း ဖြစ်မည်ဟု ထင်မိသော ဝမ်းကျိုလန်း စိတ်ဓာတ်ကျသွားလေတော့သည်။



လူငယ်က....

'ကျုပ်နာမည် ချန်းစုပါ။ တောင်းလက်ဝါး ချန်းအင်းရဲ့ သားပါ'

ဟု ပြောလာလေသည်။

ဝမ်းကျိုလန်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

'ဟုတ်...ဟုတ်ကဲ့၊ ကျွန်မ ဝမ်းကျိုလန်းပါ'

ချန်းစုက....

'ခင်ဗျားအဖေနဲ့ ကျုပ်အဖေဟာ လုံနဲ့ဒိုင်း အာမခံဌာနက အကူအညီတောင်းတာကြောင့် ကူညီရင်း သေမင်းတောင်ကြားမှာ ကြောင်ခေါးပြတွေလက်ချက်နဲ့ အသက်ဆုံးခဲ့ရတဲ့ကိစ္စကို ခင်ဗျားသိပြီးပြီထင်ပါတယ်'

ဝမ်းကျိုလန်း ခေါင်းညိတ်လိုက်သည်။

'သိ သိပြီးပါပြီရှင်'

ချန်းစုက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ်က ဒီကိစ္စကိုမကျေနပ်လို့ ကြောင်ခေါးပြတွေကို လိုက်စုံစမ်းနေတာပဲ၊ အခု အရေးကြီးတဲ့စကား ပြောစရာရှိလို့ လာခဲ့တာ'

ဝမ်းကျိလန်း အားတက်လာလေသည်။

သူမသည်လည်း ကိုယ့်အားကိုယ်ကိုးပြီး ကြောင်ဓားပြများအား ဖော်ထုတ်ရန် ဆုံးဖြတ်ပြီးပြီ မဟုတ်ပါလား။

'အိမ်ထဲဝင်ပါဦးလားရှင်'

ချန်းစုကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်လေသည်။

ချန်းစုက ခေါင်းခါယမ်းလိုက်သည်။

'နေပါစေတော့ မဝင်တော့ဘူး'

'အို အားနာစရာကြီးရှင်'

'ကျုပ်က အရေးကြီးတဲ့စကား ပြောချင်တယ်၊ သေသေချာချာ နားထောင်ပါ'

ဝမ်းကျိလန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ပြောပါရှင်'

'ကျုပ်က ကြောင်ဓားပြတွေကို ဖော်ထုတ်ချေမှုန်းဖို့ သေမင်းတောင်ကြားဒေသကို သွားခဲ့တယ်'

'ဟင်...'

ဝမ်းကျိလန်းသည် ချန်းစုကို အထိတ်တလန့် ကြည့်လိုက်မိလေသည်။ ချန်းစုသည် သူမထက်ဦးအောင် အန္တရာယ်နယ်မြေအတွင်းသို့ သွားရောက်ခဲ့ပြီးပြီ မဟုတ်ပါလား။



ချန်းစုက...

'ကျုပ်အဖေ အသက်ခံလိုက်ရတယ်ဆိုတဲ့ သတင်းကြောင့် ချက်ချင်းလိုက်သွားခဲ့တာပဲ'

'ဒါ...ဒါဖြင့် ဖေဖေတို့ရဲ့ အလောင်းကို ရှင်...ရှင်တွေ့ခဲ့သလားဟင်'

ဝမ်းကျိလန်းက တုန်တုန်ယင်ယင်ဖြင့် မေးလိုက်လေသည်။

ချန်းစု၏မျက်နှာထား တင်းမာသွားပြီး...

'ကျုပ်က ရက်အတော်ကြာမှ ရောက်သွားတာ ဆိုတော့ အလောင်းတွေ ပုပ်ပွကုန်ပြီ၊ တောခွေးတွေကြောင့် တချို့အလောင်းတွေဆို အင်္ဂါတောင်မစုံတော့ဘူး'

ဝမ်းကျိလန်း မျက်ရည်လည်လာလေသည်။

ချန်းစုက...

'ဒါပေမယ့် ခင်ဗျားအဖေရယ် ကျုပ်အဖေရယ် ဦးလေးကျင်းတောက်ရယ် သူတို့အလောင်းတွေကို ကျုပ်တွေ့ခဲ့တယ်'

ဝမ်းကျိလန်း ခေါင်းငုံ့ထားလိုက်သည်။

ချန်းစုက ဆက်ပြောသည်။

'ကျုပ်က သေမင်းတောင်ကြား လမ်းတစ်လျှောက်မှာ တစ်သက်လုံးလုံး လိုက်ရှာခဲ့ပေမယ့် ကြောင်ဓားပြနဲ့တူတာဆိုလို့ အရိပ်အယောင်တောင် မတွေ့ရဘူး၊ ကျုပ်သိခဲ့ရတဲ့အချက်က ကြောင်ဓားပြတွေဟာ သေမင်းတောင်ကြားမှာ ပုန်းအောင်းနေထိုင်ကြတာမဟုတ်ဘူး၊ တခြားနေရာက နေ အဲဒီကိုလာပြီး လုယက်တိုက်ခိုက်ကြတာ၊ ကျုပ်ပြောတာ ရှင်းပါတယ်နော်'

ဝမ်းကျိုလန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ဟုတ်ကဲ့ ရှင်းပါတယ်ရှင်'

ကြောင်ဓားပြများနှင့် ပတ်သက်ပြီး အမျိုးမျိုး ပြောဆိုဝေဖန်နေကြသော်လည်း သေမင်းတောင်ကြားဒေသကို အဓိကပစ်မှတ်ဟု မှတ်ယူခဲ့ကြပေသည်။

ယခု...

ချန်းစုပြောလာသည့် စကားမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းနေပါ၏။ ကြောင်ဓားပြတို့သည် သေမင်းတောင်ကြားတွင် နေထိုင်ကြခြင်း မဟုတ်ဘဲ လုယက်တိုက်ခိုက်လိုမှသာ သေမင်းတောင်ကြားသို့ ရောက်လာကြသူများ ဖြစ်ကြောင်း သိရပေပြီ။

လုယက်တိုက်ခိုက်ပြီးသည်နှင့် သေမင်းတောင်ကြားမှ ခြေရာဖျောက်သွားကြသည် ဖြစ်သည်။



ထို့ကြောင့်လည်း သူတို့အား ရှာဖွေ၍ မတွေ့နိုင်ခြင်း ဖြစ်လေသည်။

ချန်းစုက....

'ကျုပ်ရဲ့ အယူအဆကို ပြောရရင် တစ်ယောက်ယောက်က အဖိုးတန်ပစ္စည်း သယ်ပြီး သေမင်းတောင်ကြားက ဖြတ်တော့မယ် ဆိုရင် ကြောင်ဓားပြတွေက ကြိုသိပြီး သွားစောင့်နေကြတယ် လုယက်ကြတယ်၊ ပြီးတာနဲ့ ခြေရာဖျောက်သွားကြတယ်၊ ကျုပ်ပြောတာကို သဘောပေါက်ရဲ့လား'

ဝမ်းကျိုလန်း ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်ရှင်'

'ကြောင်ဓားပြတွေထဲမှာ ထိပ်သီးသိုင်းသမားတွေ ပါနေတယ်'

'ရှင်'

ဝမ်းကျိုလန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အမှန်တော့ ချန်းစုသည် ဝမ်းကျိုလန်းအား အရေးကြီးသော စကားများ ပြောစရာ ရှိနေသည့်တိုင် အိမ်ထဲသို့ မဝင်သည်မှာ မိန်းကလေး တစ်ယောက်တည်းရှိသော အိမ်သို့ ဝင်ရန် မသင့်လျော်ကြောင်း ဆင်ခြင်မိ၍ ဖြစ်ပေသည်။

ဝမ်းကျိလန်းမှာလည်း ချန်းစုပြောသည့် စကားကြောင့် အထိတ်တလန့် ဖြစ်သွားရသည်။

ကြောင်ဓားပြများသည် ရိုးရိုးဓားပြများ မဟုတ်ဘဲ သိုင်းလောကသားများ ပါဝင်နေသည်ဆိုလျှင် ချေမှုန်းသုတ်သင်ပစ်ရန် ပို၍ ခဲယဉ်းသွားနိုင်သည် မဟုတ်ပါလား။

ချန်းစုက ...

'ကြောင်ဓားပြတွေထဲမှာ အင်မတန်ကြောက်စရာကောင်းတဲ့ ဓားသမားတစ်ယောက် ပါနေတယ်၊ ဘာကြောင့်လဲဆိုတော့ လှံနဲ့ဒိုင်း အာမခံဌာနပိုင်ရှင် မောက်ရှုံ မောက်ခုံ ညီအစ်ကိုရဲ့ သံမဏိလှံနဲ့ သံမဏိဒိုင်းကို ဓားနဲ့ ခုတ်ဖြတ်ပစ်နိုင်ခဲ့လို့ပဲ'

ချန်းစုသည် ကြောင်ဓားပြများနှင့် ပတ်သက်ပြီး ပထမ ဦးဆုံး သဲလွန်စရခဲ့သူပင် ဖြစ်ပေတော့သည်။

ချန်းစုက....

'မောက်ခုံရဲ့ဒိုင်းကို ဓားနဲ့ခုတ်ပစ်နိုင်တယ်ဆိုတာ ဘယ်သူမှ ယုံနိုင်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ရန်သူဆီမှာ အင်မတန် ထက်မြက်တဲ့ ဓားတစ်လက် ရှိရမယ်၊ ဒီလိုဓားမျိုးကို ထိပ်တန်း ဓားသမားတွေက လွဲပြီး ဘယ်သူက ဆောင်ထားနိုင်မှာလဲ'

'ကျွန်မ သဘောပေါက်ပါပြီရှင်'



'ဒါကြောင့် ကျုပ်က နာမည်ကြီးဓားသမားတွေကိုလိုက်ပြီး စုံစမ်းမယ်၊ ခင်ဗျားအနေနဲ့လဲ တတ်နိုင်သလောက် စုံစမ်းစေချင်တယ်'

ယခု ချန်းစု အဘယ့်ကြောင့် ရောက်လာရသည်ကို ဝမ်းကျိလန်း သဘောပေါက်သွားပြီ ဖြစ်သည်။

သိုင်းလောက၌ ထင်ရှားသော ဓားသမား အများအပြား ရှိနေရာ တစ်ယောက်တည်း စုံစမ်း၍ ပြီးနိုင်မည် မဟုတ်သဖြင့် မိမိကိုလည်း ကူညီ စုံစမ်းပေးစေလိုခြင်းကြောင့် ဖြစ်ကြောင်း ထင်ရှားပေသည်။

ဝမ်းကျိလန်း တက်တက်ကြွကြွ ဖြစ်လာသည်။

'စိတ်ချပါ၊ ကျွန်မ စုံစမ်းပါ့မယ်'

ချန်းစုက....

'ဒါဖြင့် ကျုပ်သွားမယ်၊ အကြောင်းထူး တစ်ခုခုရှိရင် ကျင်းလိမ်မြို့ကို လာခဲ့ပါ၊ ကျုပ် ဘယ်ရောက်နေတယ်ဆိုတာ ကျုပ်အမေကို အမြဲတမ်း အကြောင်းကြားထားပါ့မယ်'

အကြောင်းရှိက ကျင်းလိမ်မြို့ရှိ သူ၏မိခင်နှင့် ဆက်သွယ်ရန် မှာကြားလိုက်ရလေသည်။

'ကောင်းပါပြီရှင်'

'ကဲ ကျုပ်သွားမယ်'

ဝမ်းကျိုလန်း၏စိတ်ထဲ တားမြစ်[illegible]သည့် ဆန္ဒ ဖြင့်ပေါ်လာ၏။ သို့သော် စိတ်ဆန္ဒကို ချုပ်တည်းကာ....

'ကောင်း[illegible] ပြီရှင်'

ချန်းစုသည် ဝမ်းကျိုလန်းအား နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

သံသယသားကောင်

ကိုးလ၊ လဆန်းသုံးရက်နေ့....

ထိုနေ့တွင် ဝမ်းကျိုလန်းထံသို့ စာတစ်စောင် ရောက်ရှိလာသည်။

ချန်းစုထံမှဖြစ်သည်။

စာကို လက်ခံရရှိပြီးသည်နှင့် ဝမ်းကျိုလန်းသည် အိမ်တံခါးပိတ်ကာ မြင်းတစ်စီးဖြင့် ခရီးပြင်းနှင်သွားလေတော့သည်။

*  *  *

လုရန်မြို့...

လုရန်မြို့သည် [illegible]လွန်[illegible]ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်လေသည်။

ဝမ်ကျိုလန်းသည် လုရန်မြို့သို့ရောက်လျှင် နှင်းဆီနီတည်းခိုခန်းကို ရှာဖွေလိုက်သည်။

နှင်းဆီနီ တည်းခိုခန်း၏ အခန်းနံပါတ်သုံးတွင် ချန်းစု တည်းခိုနေလိမ့်မည် မဟုတ်ပါလား။

ချန်းစု၏စာတွင် ပါသည့်အတိုင်း လုရန်မြို့ အရှေ့ဘက်လမ်းမကြီးပေါ်၌ ဖွင့်လှစ်ထားသည့် နှင်းဆီနီတည်းခိုခန်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရှာဖွေတွေ့ရှိခဲ့လေသည်။

သို့သော်....

ဝမ်းကျိုလန်းရောက်ရှိလာသောအခါ ချန်းစုကို တွေ့ရမည့်အစား စာတစ်စောင်သာလျှင် ရခဲ့လေသည်။

သူမ ရောက်လာလျှင်ပေးဖို့ ချန်းစုက မှာကြားပြီး ထားခဲ့သော စာဖြစ်သည်။

စာထဲ၌

ဝမ်းကျိုလန်း

ကျေးဇူးပြုပြီး တည်းခိုခန်းမှာပဲ ကျုပ်ကို စောင့်နေပါ၊ ကျုပ် ပြန်လာခဲ့ပါမယ်။

ချန်းစု.

ဟု ရေးသားထားလေသည်။



ဝမ်းကျိုလန်း မတတ်သာတော့ဘဲ တည်းခိုခန်းတွင် အခန်းတစ်ခန်း ငှားရမ်းကာ စောင့်ဆိုင်းနေလိုက်ရလေတော့သည်။

* * *

သုံးရက်....

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ချန်းစုသည် လုရန်မြို့သို့ ပြန်ရောက်လာခြင်း မရှိသေးချေ။ နှင်းဆီနီ တည်းခိုခန်းတွင် စောင့်ဆိုင်းနေသည့် ဝမ်းကျိုလန်းမှာ ပျင်းရိလာလေသည်။

ထို့ကြောင့် လုရန်မြို့ထဲ အလည်အပတ် ထွက်လာခဲ့လေသည်။ လုရန်မြို့သည် ထင်ရှားသော မြို့ကြီးဖြစ်သည်နှင့်အညီ သိုင်းလောကသားများ ဝင်ထွက်သွားလာမှု ရှိကြသလို မြို့ခံ သိုင်းသမားများလည်း ရှိကြပေသည်။

ဝမ်းကျိုလန်းသည် လုရန်မြို့တွင်း၌ လည်ပတ်ရင်း သူမဖခင်၏ မိတ်ဆွေရှမ်းထုံဆိုသူသည် လုရန်မြို့၌ နေထိုင်ကြောင်း အမှတ်ရလာလေသည်။

'ဖေဖေ့မိတ်ဆွေရှမ်းထုံ ဘယ်နေရာမှာ နေပါလိမ့်'

သူမစဉ်းစားလိုက်သောအခါ ရှမ်းထုံသည် မြို့တောင်ဘက်ရှိ မယ်တော်ဘုံကျောင်းအနီး၌ နေထိုင်ကြောင်း တဖြည်းဖြည်း စဉ်းစားမိလာလေသည်။

ချက်ချင်းပင် မြို့တောင်ဘက်သို့ ထွက်လာပြီး မယ်တော်ဘုံကျောင်းကို ရှာဖွေလိုက်လေသည်။

မကြာပါချေ။ ခန့်ညားထည်ဝါသော မယ်တော်ဘုံကျောင်းကို ရှာဖွေတွေ့ရှိသွားလေသည်။

ဝမ်းကျိုလန်း ဝမ်းသာသွားသည်။

ဘုံကျောင်းအနီး ပတ်ဝန်းကျင်ရှိ အိမ်များကို အကဲခတ်ကြည့်ရင်း....

'ဦးလေးရှမ်းထုံဟာ ဒီပတ်ဝန်းကျင်မှာ နေထိုင်လိမ့်မယ်'

ရှမ်းယုံသည်လည်း သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။ မားနှစ်လက်ဝမ်းချီမင်း၏ ခင်မင်ရင်းနှီးသော မိတ်ဆွေများတွင် ပါဝင်နေသူဖြစ်သည်။

ဝမ်းချီမင်း၏အိမ်သို့ လာရောက် လည်ပတ်ဖူးခြင်းကြောင့် ဝမ်းကျိုလန်းက သိနေခြင်း ဖြစ်သည်။

ဝမ်းကျိုလန်းသည် လမ်းသွားလမ်းလာ တစ်ယောက်အား စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။



ထိုစဉ် မယ်တော်ဘုံကျောင်းထဲမှ ထွက်လာသည့် လူငယ်တစ်ယောက်ကို တွေ့ရလေသည်။

ထိုလူငယ်ကိုမြင်လျှင် ဝမ်းကျိုလန်း မျက်မှောင် ကြုတ်သွား၏။

'သူ့ကို ငါတွေ့ဖူးပါတယ်'

ဟု ခုခင်ခြင်ကာ မည်သည့်နေရာ၌ တွေ့ဖူးသည်ကို စဉ်းစားလိုက်လေသည်။

အတန်ကြာ စဉ်းစားပြီးမှ....

'ဩော် ကျွားရဲတိုက်ကိုသွားတုန်းက ချီဝ မြို့ကစားသောက်ဆိုင်မှာ ဝင်နားရင်း တွေ့ခဲ့ရတဲ့လူကိုး'

သူမ သတိရလာပြီး လှမ်းကြည့်လိုက်သောအခါ လူငယ်ကို မတွေ့ရတော့ပေ။

လူငယ်သည် ဖျင်ကြမ်းအင်္ကျီ ဝတ်ထားပြီး ခါး၌ ဓား တစ်လက် ချိတ်ဆွဲထားပါသည်။

အေးတိအေးစက် မျက်နှာထားနှင့် အသင်ကြီးစရာမရှိသော လူငယ်တစ်ယောက်ဖြစ်သည်။

သို့သော်....

ထိုလူငယ်အား တွေ့ရသည်နှင့် ရင်ထဲ၌ အေးစိမ့်မှုများ ဖြစ်ပေါ်လာသည်ဟု ဝမ်းကျီလန်း ခံစားလိုက်ရခြင်းကြောင့် သတိထားလိုက်မိခြင်းလည်း ဖြစ်ပေသည်။

'ဟင်....သူဘယ်ရောက်သွားပါလိမ့်'

ဝမ်းကျီလန်း ကပျာကယာ ရှာဖွေကြည့်လိုက်သောအခါ လူငယ်သည် အိမ်တစ်လုံးရှေ့၌ ရောက်ရှိနေသည်ကို တွေ့ရ၏။

ဝမ်းကျီလန်း ရည်ရွယ်ပါဘဲ ထိုလူငယ်ထံသို့ လှမ်းသွားမိလေသည်။ လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများ ရှိနေခြင်းကြောင့် သူမ၏ အပြုအမူကို မည်သူမျှ သတိပြုမိကြမည် မဟုတ်ချေ။

လူငယ်နှင့် အိမ်ထဲမှ ထွက်လာသူတို့၏ ပြောဆိုနေသော စကားသံများကို ဝမ်းကျီလန်း အတိုင်းသား ကြားလိုက်ရလေသည်။

'ဒီအိမ်ဟာ ဘေးသမားရှမ်းထုံ့ရဲ့အိမ် မဟုတ်လားဗျာ'

လူငယ်၏ မေးမြန်းသံ ဖြစ်ပါသည်။

အိမ်ထဲမှ ထွက်လာသည့် အိမ်ဖော်ဖြစ်ဟန်ရှိသောလူက--

'ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲဗျာ'

'ကျုပ် သူနဲ့တွေ့ချင်တယ်'



'ဆရာကြီး အနားယူနေပါတယ်'

လူငယ်က....

'ကိစ္စမရှိဘူး၊ ကျန်းရှောင်အင်းက သူ့ဆီက ဓားပညာ ဆည်းပူးဖို့ ရောက်လာတယ်ဆိုတာ သွားပြောလိုက်ပါ'

'ဗျာ'

လူငယ်၏မျက်နှာ ပို၍အေးစက်သွားပြီး....

'ကျုပ်ပြောတဲ့အတိုင်း သွားပြောလိုက်ပါ'

ဟု ထပ်ပြောလိုက်၏။

အိမ်ဖော်မှာ ချက်ချင်း အိမ်ထဲပြေးဝင်သွား၏။

တစ်ဖန် ချက်ချင်းပင် ပြန်ထွက်လာပြီး....

'အထဲကိုကြွပါဗျာ'

ကျန်းရှောင်အင်းဆိုသော လူငယ်ကို ဖိတ်ခေါ်သွား၏။

သူတို့ အိမ်ထဲသို့ ဝင်သွားကြတော့မှ ဝမ်းကျီလန်း သတိဝင်လာလေသည်။

'ဦးလေးရှမ်းထုံ့ရဲ့အိမ်ဟာ ဒီအိမ်ကိုး'

သူမသည်လည်း ရှမ်းထုံ၏အိမ်ဆီသို့ ခပ်သွက်သွက်လှမ်းသွားလိုက်လေတော့သည်။

* * *

ရှမ်းထုံ....

ရှမ်းထုံသည် အသက် ငါးဆယ်ကျော်ခန့် ရှိသူတစ်ယောက်ဖြစ်သည်။

အမျိုးအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်သူဖြစ်၍ အဖြူခရာင်သိုင်းသမားဟု ထင်ရှားလေသည်။

သူ၏ အစွမ်းထက်သောပညာမှာ ခရေပွင့်ဓားပညာ ဖြစ်သည်။

ယခု....

ရှမ်းထုံသည် သူ၏ရှေ့သို့ရောက်လာသော ကျန်းရှောင်အင်းကိုကြည့်ကာ မျက်မှောင်ကြုတ်သွားသည်။

'မင်းက ကျုပ်နဲ့ ဓားပညာယှဉ်ပြိုင်ချင်တယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

နားမလည်နိုင်ခြင်း အလိုမကျခြင်း စသည့်အဓိပ္ပာယ်များရောယှက်ပါဝင်နေလေသည်။



ကျန်းရှောင်အင်းက....

'ဟုတ်ပါတယ်'

'နေပါဦး၊ မင်းနာမည်ကို ငါခုမှကြားဖူးပါတယ်၊ မင်းက ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ကျန်းရှောင်အင်း ခေါင်းခါယမ်းလိုက်သည်။

'ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူး'

'ဒါနဲ့များ ဘာကြောင့် ငါနဲ့ ယှဉ်ပြိုင်ချင်ရတာလဲ'

ကျန်းရှောင်အင်းက ...

'ဦးရဲ့ဓားပညာကို လေ့လာချင်လို့ပါ'

ရှမ်းထုံ သက်ပြင်းချလိုက်သည်။

ယော်ရာမှကြီးလာသူပီပီ သိုင်းသမားပီပီ ကျန်းရှောင်အင်း၏ သဘောထား မည်သို့ရှိသည်ကို ရိပ်မိလေသည်။

ထို့ကြောင့်....

'သိုင်းပညာဆိုတာ အမျိုးအကျိုး သိုင်းလောက အကျိုး သယ်ပိုး ဆောင်ရွက်ရာမှာ အသုံးချရတဲ့ ပညာရပ်တစ်ခုပါ၊ တစ်ယောက်နဲ့ တစ်ယောက် သူသာတယ် ကိုယ်သာတယ် ယှဉ်ပြိုင်ရတဲ့ ပညာမျိုးမဟုတ်ဘူးကွယ့်'

ဟု ရှင်းပြလိုက်သည်။

ကျန်းရှောင်အင်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သဘောပေါက်ပါတယ်၊ ဦးရဲ့ ဓားပညာကို လေ့လာဆည်းပူးရုံတင်ပါ'

ရှမ်းထုံ မကျေမနပ် ဖြစ်သွားလေသည်။

'မင်း ဒီလောက်တောင် ခေါင်းမာနေရင်လဲ ယှဉ်ပြိုင်ရသေးတာပေါ့'

မလှမ်းမကမ်း၌ ရပ်နေသော အိမ်ဖော်ဘက်သို့လှည့်ကာ...

'ငါ့ဓား ယူလာခဲ့စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

အိမ်ဖော်က ချက်ချင်းပင် ဓားတစ်လက် ယူလာပေးလေသည်။

ရှမ်းထုံက ဓားကိုလှမ်းယူပြီး ကျန်းရှောင်အင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ထိုအချိန်မှာပင် ဝမ်းကျိုလန်း ရောက်ရှိလာလေသည်။

* * *



ရှမ်းထုံသည် အိမ်ထဲသို့လှမ်းဝင်လာသည့် လူရိပ်ကိုတွေ့မြင်လိုက်ရသဖြင့် လှမ်းကြည့်လိုက်လေသည်။

ဝမ်းကျိုလန်းကို မြင်လျှင်...

'မိန်းကလေးက....'

ဝမ်းကျိုလန်းက....

'ကျွန်မကို မမှတ်မိတော့ဘူးလား ဦးလေး၊ ကျွန်မဟာ ဓားနှစ်လက် ဝမ်းချိမင်းရဲ့သမီး ဝမ်းကျိုလန်းလေ'

ဟု ပြောလိုက်၏။

ရှမ်းထုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ဩော်... ဝမ်းချိမင်းရဲ့ သမီးကိုး၊ မှတ်မိပြီ မှတ်မိပြီ၊ မိန်းကလေးက သူနဲ့အတူ လိုက်လာတာလား'

ကျန်းရှောင်အင်းကို ညွှန်ပြကာ မေးလေသည်။

ဝမ်းကျိုလန်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးရှင်'

'ဒါဖြင့် တူမကြီး ခဏနေဦး၊ ကျုပ် သူနဲ့ ရှင်းလိုက်ဦးမယ်'

'ကောင်းပါပြီရှင်'

ဝမ်းကျီလန်းက နောက်ဆုတ်နေလိုက်လေသည်။

ရှမ်းထုံက ကျန်းရှောင်အင်းဘက်လှည့်လိုက်ပြီး....

'ကဲ မင်း ကျုပ်ရဲ့ပညာကို ကြည့်ချင်တယ်ဆိုရင် ဓားထုတ်လိုက်ပေတော့'

ဟု ပြောလိုက်သည်။

ကျန်းရှောင်အင်းက....

'အချိန်တန်ရင် ဓားထွက်လာပါလိမ့်မယ်ဗျာ'

ရှမ်းထုံသာမက ဝမ်းကျီလန်းပါ ကျန်းရှောင်အင်းကို ကြည့်မရဘဲ ဖြစ်သွားရလေသည်။

ရှမ်းထုံက....

'ကောင်းပြီ၊ မင်းသတိထားပါ'

စကားဆုံးလျှင် ဓားဝေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကျန်းရှောင်အင်းကို ထိခိုက်အနာတရ ဖြစ်စေလိုသည့်သဘော မရှိသော်လည်း မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်မည်ဟု စိတ်ကူးထား၏။



သိုင်းလောကမှ လူငယ်လူရွယ်များသည် သိုင်းပညာ တတ်မြောက်လာလျှင် ကိုယ့်ကိုကိုယ်အထင်ကြီးကာ သိုင်းသမားကြီးများနှင့် ပခုံးချင်းယှဉ်လိုစိတ် ဖြစ်ကြလေ့ရှိသည်။

အချို့ဆိုလျှင် အပြောအဆိုမှအစ မောက်မာရိုင်းစိုင်းသွားပြီး လူကြီးကို လူကြီးမှန်း မသိကြတော့ချေ။

ထိုသို့သော အောက်ခြေလွတ်လူငယ်များကို အမြင်မှန်ရစေဖို့ ဆုံးမပေးရမည်ဟု ရှမ်းထုံ ခံယူထား၏။

သို့ဖြစ်၍လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ စတင်တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။ ဓားရိပ်များသည် ကျန်းရှောင်အင်း၏တစ်ကိုယ်လုံးလွှမ်းခြုံသွားလေသည်။

ဝမ်းကျီလန်းသည် ရှမ်းထုံ၏ဓားပညာကို ချီးကျူးမိလိုက်၏။

'ဦးလေးရှမ်းထုံဟာ အသက်အရွယ်ရလာတာတောင် လက်ရည် မကျသေးပါလား၊ ဟိုလူတော့ ဒုက္ခပါပဲ'

သူမ၏ အတွေးမဆုံးမီ....

'ခွမ်း'

ကျယ်လောင်သော မြည်သံတစ်ချက် ထွက်ပေါ်လာလေသည်။

'ဟာ....'

လွှတ်ခနဲ အော်သံနှင့်အတူ ရှမ်းထုံမှာ နောက်သို့ ကပျာကယာ ဆုတ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းကျိုလန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

သေသေချာချာကြည့်လိုက်တော့မှ ရှမ်းထုံ၏လက်ထဲမှဓားသည် ထက်ပိုင်းကျိုးနေပြီး အရေးနိမ့်သွားသည်ကို တွေ့ရလေသည်။

ကျန်းရှောင်အင်း၏လက်ထဲ၌ ဓားကိုင်ထားခြင်း မရှိပါ။ သူ၏ဓားသည် ခါးမှ ဓားအိမ်ထဲ၌ပင် ရှိနေ၏။

ဓားဆွဲထုတ်ပုံ ခုတ်ချပုံ ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်ပုံများသည် လျင်မြန်လွန်းလှသဖြင့် မတွေ့မမြင်လိုက်ရတော့ချေ။

ရှမ်းထုံ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေပါသည်။ ကျန်းရှောင်အင်းကို မယုံကြည်နိုင်စွာကြည့်ရင်း....

'မင်း....မင်း'

စကား ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။

ကျန်းရှောင်အင်းက....

'ဦး ရှုံးသွားပြီ'



ဟု ပြောလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ အိမ်ထဲမှ ထွက်သွားလေတော့သည်။

* * *

ရှမ်းထုံ၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေလေသည်။

'ဒေါင်'

လက်ထဲမှ ဓားကျိုးသည် ကြမ်းပြင်ပေါ် ပြုတ်ကျသွား၏။

'ဒီ....ဒီကောင်လေးဟာ ဓားသရဲလေးပဲ'

ဟု ရေရွတ်လိုက်လေသည်။

ဝမ်းကျိုလန်း မျက်နှာပျက်သွားသည်။

ရှမ်းထုံ၏ ဓားမှာ ဓားကောင်းတစ်လက် ဖြစ်ပါသည်။ ရှမ်းထုံ၏ဓားကို ချိုးဖြတ်ပစ်နိုင်လိုက်သည့်ဓားသည်....

'ဟင်....'

ဝမ်းကျိုလန်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ချန်းစု ပြောခဲ့သည့်စကားများကို ပြန်လည်သတိရလာခြင်းကြောင့် ဖြစ်လေသည်။

'ကြောင်ခေါးပြတွေထဲမှာ ထိပ်သီးခေါးသမားတစ်ယောက် ပါနေတယ်၊ သူ့ဆီမှာ သံမဏိဒိုင်းကိုတောင် ထက်ခြမ်းခွဲပစ်နိုင်တဲ့ ခေါးကောင်းတစ်လက် ရှိနေတယ်'

ယခု...

ကျန်းရှောင်အင်းထံ၌ ခေါးကောင်းတစ်လက်ရှိနေပြီတည်း။

ဝမ်းကျိလန်းက...

'ဦးလေး၊ ကျွန်မ ပြန်လာခဲ့မယ်'

ဟုပြောကာ အိမ်ထဲမှ ပြေးထွက်သွား၏။

ရှမ်းထုံက ဟန့်တားခြင်း မပြုပါချေ။

မမျှော်လင့်ဘဲ လူငယ်လေး တစ်ယောက်ကို ရှုံးနိမ့်ခဲ့ရပြီ မဟုတ်ပါလား။ ထို့ကြောင့် အရှက်ကြီး ရှက်ကာ ဘာမှ မပြောနိုင်ဘဲ ငေးငိုင်နေလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်။

အမှောင်ရိပ်များ သမ်းလာသော်လည်း လုရန်မြို့မှာ စည်ကား သိုက်မြိုက်နေဆဲ....။



အချို့သောအိမ်များတွင် မီးအိမ်များထွန်းညှိထားလိုက်ပြီ ဖြစ်သည်။ ဝမ်းကျိလန်းသည် ခေါင်းငိုက်စိုက်ချကာ ကျန်းရှောင်အင်းနောက်သို့ ပြေးလိုက်ခဲ့လေသည်။

သို့သော်....

ကျန်းရှောင်အင်းအား မတွေ့ရတော့ပါ။

သူမသည် လုရန် တစ်မြို့လုံး အနှံ့လိုက်ရှာခဲ့သည်။ တစ်နေ့သာ ကုန်သွားသည်။ လုံးဝရှာမတွေ့ခဲ့ချေ။

ကျန်းရှောင်အင်းကား ပျောက်ခြင်းမလှ ပျောက်သွားပြီ ဖြစ်သည်။ ထို့ကြောင့် ညနေစောင်းအချိန်တွင် ဝမ်းကျိလန်း လက်လျှော့ကာ ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

နှင်းဆီနီ တည်းခိုခန်းသို့ ရောက်လျှင် ဆိုင်လုလင် တစ်ယောက်က ဆီးကြိုနှုတ်ဆက်လာလေသည်။

'အစ်မလေး ပြန်ရောက်လာပြီကိုး၊ အစ်မလေး စောင့်နေတဲ့လူ ပြန်ရောက်နေပြီ'

'ဟင်....'

ကျန်းရှောင်အင်း ဝမ်းသာသွားလေသည်။

ချန်းစု ပြန်ရောက်လာပြီ မဟုတ်ပါလား။

'သူ ဘယ်မှာလဲ'

မေးရင်း တည်းခိုခန်းထဲ လှမ်းဝင်လိုက်လေသည်။

ထိုစဉ်....

'ညီမ ပြန်လာပြီကိုး'

လှမ်း၍နှုတ်ဆက်သံနှင့်အတူ ချန်းစုကို တွေ့မြင်ရလေသည်။

ချန်းစုက....

'လာ....ညီမ'

တည်းခိုခန်း၏ ဝဲဘက်ရှိ စားသောက်ခန်းမအတွင်းသို့ ခေါ်သွားလေသည်။ တစ်ဖန် စားပွဲတစ်လုံးတွင် နေရာယူကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

ညနေစာစားရန် အချိန်စောနေသေးသည်မို့ လူရှင်းပါသည်။ ချန်းစုနှင့် ဝမ်းကျိလန်းတို့ အေးအေးဆေးဆေး စကားပြော၍ ရပါသည်။

ချန်းစုက....

'ညီမကို လိုက်လာဖို့ ခေါ်လိုက်တာက ကြောင်ခေါးပြူတွေနဲ့ ပတ်သက်ပြီး သဲလွန်စရခဲ့လို့ပဲ'

ဟု စကားစလိုက်သည်။



ဝမ်းကျိလန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျန်းရှောင်အင်းနှင့် ရှမ်းထုံတို့အား ချက်ချင်းမေ့လျော့သွားလေတော့သည်။

'သဲလွန်စရခဲ့ပြီ ဟုတ်လား၊ ကျွန်မကို ပြောပြစမ်းပါရှင်'

ဟု အလောတကြီး မေးလိုက်လေသည်။

ချန်းစုက....

'သဲလွန်စကတော့ တခြားမဟုတ်ဘူး၊ လုံနဲ့ဒိုင်းအာမခံဌာန လုယက်ခံရစဉ်က သယ်ဆောင်သွားတဲ့ အာမခံပစ္စည်းတွေဟာ သိမ်းငှက်ငွေတိုက်က ထုတ်ယူထားတဲ့ ရွှေဒင်္ဂါးတွေဆိုတာ သိခဲ့ရတာပဲ'

အာမခံပစ္စည်းများကြောင့် ဝမ်းချီမင်းတို့အသတ်ခံခဲ့ရခြင်း ဖြစ်ပေသည်။

အာမခံပစ္စည်းများသည် အဓိကကျသော သက်သေခံပစ္စည်းများ ဖြစ်သည်မဟုတ်ပါလား။

အကယ်၍ သိမ်းငှက်ငွေတိုက် အမှတ်အသားပါသည့် ရွှေဒင်္ဂါးများကို သုံးစွဲသူတစ်ယောက်ယောက်သာ ပေါ်ပေါက်လာမည်ဆိုလျှင် ထိုလူသည် ကြောင်ခေါးပြူများနှင့် မလွဲမသွေ ပတ်သက်နေရမည် မဟုတ်ပါလား။

ချန်းစုက....

'ပစ္စည်းပိုင်ရှင် သူကြွယ်ကြီးဟာ ရွှေဒင်္ဂါးတွေကို ထုတ်ယူတဲ့အခါမှာ သူပိုင်ပစ္စည်းဖြစ်တဲ့အကြောင်း ထင်ရှားအောင် ရွှေဒင်္ဂါးတွေပေါ်မှာ ကန့်လန့်ဖြတ် ကြက်ခြေခတ်အမှတ်အသား ပြုလုပ်ခိုင်းခဲ့တယ်လို့ သိမ်းငှက်ငွေတိုက်ကလူတွေဆီက သိခဲ့ရရတယ်'

ဝမ်းကျိလန်း အားတက်လာသည်။

'ကြက်ခြေခတ်အမှတ်အသားပါတဲ့ ရွှေဒင်္ဂါးကို ရှာဖွေမယ်ဆိုရင် ကြောင်ခေါင်းပြဲတွေကို ဖမ်းမိနိုင်ပြီပေါ့'

'ဟုတ်တယ်ညီမ၊ ကျုပ်က ညီမကိုမစောင့်ဘဲ ခရီးထွက်သွားရတာကလဲ ကြက်ခြေခတ်အမှတ်အသားပါတဲ့ ရွှေဒင်္ဂါးတွေကို တွေ့ရတယ်လို့ သိမ်းငှက်ငွေတိုက်ကလူအကြောင်းကြားခဲ့ရလို့ပဲ'

ဝမ်းကျိလန်းက....

'ဩော် အစ်ကိုက သိမ်းငှက်ငွေတိုက်နဲ့ အဆက်အသွယ်လုပ်ထားတာကိုး'

'ဒါပေါ့ညီမရယ်၊ ရွှေဒင်္ဂါးရဲ့ တန်ဖိုးကလဲ မနည်းဘူး မဟုတ်လား၊ သူတို့ လက်ထောက်ချလိုက်လို့ ဒုလို လုယက်ခံခဲ့ရတယ်လို့ စွပ်စွဲခံနေရတော့ သိမ်းငှက်ငွေတိုက်ကလူတွေလဲ မနေနိုင်ကြတော့ဘူးလေ၊ ကြောင်ခေါင်းပြဲတွေကို ဖော်ထုတ်ဖို့ သူတို့နည်း သူတို့ဟန်နဲ့ ကြိုးစားနေကြတာပေါ့'



ဝမ်းကျိလန်းက....

'ကြက်ခြေခတ် ရွှေဒင်္ဂါးတွေ တွေ့ခဲ့ရတယ်ဆိုတာကကော'

ဟု မေးလိုက်သည်။

ချန်းစုက....

'အလယ်ပိုင်း ဒေသမှာပဲ ကုန်သည်ကြီး တစ်ယောက်က စားနပ်ရိက္ခာပစ္စည်းတွေကို အဲဒီရွှေဒင်္ဂါးတွေပေးချေပြီး ဝယ်သွားတာ ကျုပ်တို့လိုက်သွားတဲ့ ရွှေဒင်္ဂါးတွေကို တွေ့ရပေမယ့် ပစ္စည်းဝယ်တဲ့လူတွေ မရှိတော့ဘူး၊ နေရာအနှံ့ လှည့်ပြီးရှာပေမယ့် မတွေ့ရတော့ဘူး'

ဝမ်းကျိလန်း သက်ပြင်းချလိုက်လေသည်။

'ဒီလိုဆိုရင် လမ်းစပျောက်ပြန်ပြီပေါ့'

ချန်းစု ပြုံးလိုက်သည်။

'မပူပါနဲ့ညီမရယ်၊ ကြောင်ခေါင်းပြဲတွေဟာ ကြာကြာပုန်းမနေနိုင်တော့ပါဘူး'

ဝမ်းကျိလန်းက...

'အစ်ကို ကျွန်မကိုစောင့်နေရင် သိပ်ကောင်းမှာပဲ'

'အစ်ကို့ကို ခွင့်လွှတ်ပေတော့၊ အရေးကြီးလို့ ချက်ချင်းထွက်သွားခဲ့ရတာ'

'ခုတော့ ကျွန်မကို အရေးတကြီးခေါ်လိုက်တဲ့ကိစ္စ ပြီးပြတ်သွားပြီပေါ့'

ချန်းစုက....

'အင်း....ဟုတ်တယ်လို့ ပြောရတော့မှာပဲ'

ဝမ်းကျိလန်းက....

'ဒါဆိုလဲ မနက်ဖြန် ကျွန်မပြန်မယ်လေ'

'ညီမသဘောပဲ၊ နောက်တစ်ခါ သဲလွန်စရရင် ချက်ချင်းအကြောင်းကြားလိုက်ပါ့မယ်'

'ကျေးဇူးပါပဲ'

ဝမ်းကျိလန်းသည် အိမ်မပြန်ဘဲ ကိုယ့်ဘာသာ လိုက်လံစုံစမ်းမည်ဟု စိတ်ကူးထားလေသည်။

နှစ်ယောက်သား စကားစကိုဖြတ်၍ ညစာစားသောက်လိုက်ကြသည်။ ထို့နောက် ငှားရမ်းထားသောအခန်းများသို့ပြန်ကာ တစ်ညတာ အနားယူလိုက်ကြတော့သည်။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှထွက်ပေါ်လာခဲ့ပြီဖြစ်လေသည်။ အကြံအစည်ရှိနေသည့် ဝမ်းကျိလန်းသည် ချန်းစုကို နှုတ်ဆက်ကာ ထွက်လာခဲ့ပေသည်။



သူမသည် ကြက်ဇခြေခတ် ရှေဒဂ်ါးများ တွေ့ခဲ့ရသည့် အလယ်ပိုင်းဒေသသို့သွားရန် ဆုံးဖြတ်ထားသည်။

မြင်းတစ်စီးဖြင့် ခရီးပြင်းနှင်လာခဲ့ရာ နေအာဒိတ်မြင့်တက်လာချိန်၌ ရွာကြီးတစ်ရွာသို့ ရောက်လာလေသည်။

ထိုရွာကြီးသည် လမ်းဆုံလမ်းခွတွင် တည်ရှိသော ရွာကြီးဖြစ်ပါသည်။

ဝဲဘက်လမ်းမှသွားလျှင် လုရန်မြို့သို့ ရောက်မည်ဖြစ်ပြီး ယာဘက်လမ်းမှသွားလျှင် အလယ်ပိုင်းဒေသသို့ ရောက်လိမ့်မည်ဖြစ်ပေလသည်။

ဝမ်းကျိလန်းသည် ထိုရွာကြီး၌ ရပ်နားခြင်းမပြုတော့ဘဲ ရှေ့ဆက်ခရီးနှင်ရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှာပင် ရွာထဲမှ မြင်းတစ်ကောင်ဆွဲကာ ထွက်လာသူ တစ်ယောက်ကို တွေ့မြင်လိုက်ရလျှင် ရင်ထိတ်သွားလေသည်။

'ဟင်....သူက ဘယ်လိုလုပ်ပြီး ဒီနေရာမှာ ရောက်နေတာပါလိမ့်'

ထိုလူမှာ ကျန်းရှောက်အင်းဖြစ်လေသည်။

ဝမ်းကျိုလန်း ငေးမောကြည့်နေစဉ်မှာပင် ကျန်းရှောင်အင်းသည် မြင်းပေါ်ခုန်တက်ကာ ယာဘက်လမ်းအတိုင်း ဒုန်းစိုင်းနှင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းကျိုလန်း စိတ်လှုပ်ရှားလာသည်။

'သူ ဘယ်သွားမလို့ပါလိမ့်'

သူမ အတွေးကြွယ်နေဆဲ....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ တဖြည်းဖြည်း ဝေးသွားပြီး ကျန်းရှောင်အင်းမှာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ဝမ်းကျိုလန်း သတိဝင်လာသည်။

ချက်ချင်းပင် မြင်းကို ခြေဖနောင့်ဖြင့်ပေါက်ကာ ဒုန်းစိုင်းနှင်လိုက်လေတော့သည်။

* * *



အလယ်ပိုင်း ဒေသဆီသို့ သွားသောလမ်းမှာ ခရီးဝေးလမ်းမကြီးတစ်ခု ဖြစ်လေသည်။

ယမ်းတစ်လျှောက်တွင် ခရီးသည်များနားခိုရန် ကြားစခန်းများ ရွာများ မြို့များ ရှိလာသည်။

ဝမ်းကျိုလန်းသည် ကျန်းရှောင်အင်းနောက်သို့ လိုက်ခဲ့သော်လည်း မမီတော့ချေ။

ကျန်းရှောင်အင်းသည်လည်း အလယ်ပိုင်းဒေသသို့ သွားပုံရသဖြင့် သူမ ရှေ့ခရီးဆက်ခဲ့လေသည်။

နေမွန်းတည့်ချိန်တွင် ကြားစခန်းတစ်ခုသို့ ရောက်သွားရာ ခေတ္တအနားယူပြီး စားနပ်ရိက္ခာများ ဖြည့်တင်းလိုက်သည်။

ထို့နောက် ခရီးဆက်ခဲ့ပြန်သည်။

ကြားစခန်း၌ ကျန်းရှောင်အင်းအား တွေ့လိုတွေ့ငြား ရှာဖွေခဲ့သေးသော်လည်း မတွေ့ရချေ။

ခရီးဆက်လာခဲ့ရာ တောတောင် လျှိုမြောင်များကို ဖြတ်သန်းပြီး အတော်ပင် ခရီးပေါက်လာခဲ့လေသည်။

အချိန်များသည် တရွေ့ရွေ့ကုန်ဆုံးသွားပြီး ညနေဆည်းဆာ အချိန်သို့ပင် ရောက်လာလေသည်။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေပါ၏။ လူသူလေးပါး ကင်းဝေးသော အရပ်ဖြစ်၍ ဝမ်းကျိလန်း စိတ်ပူလာလေသည်။

'မိုးမချုပ်ခင် နားခိုစရာ တစ်နေရာရောက်အောင် သွားနိုင်မှ ဖြစ်မယ်'

သူမသည် မြင်းကို အရှိန်မြှင့်ကာ မောင်းနှင်လိုက်၏။

သို့သော် တစ်နေ့လုံး ခရီးပြင်းနှင်လာရသဖြင့် ခြေကုန်လက်ပန်းကျနေသော မြင်းကြီးမှာ ဝမ်းကျိလန်း သဘောကျ မပြေးနိုင်တော့ဘဲ ခြေကျလာလေသည်။

ဝမ်းကျိလန်း စိတ်လျှော့လိုက်ရလေတော့သည်။

ခရီးဝေးသွားမည်ဆိုလျှင် လမ်းခရီးအနေအထားကိုကြိုတင်လေ့လာပြီးမှ အစီအစဉ်ချကာ သွားသင့်ကြောင်းလည်း သင်ခန်းစာ ရလာလေသည်။

မြင်းကို အနားပေးပြီးမှ ခရီးဆက်တော့မည်ဟု ဆုံးဖြတ်လိုက်ချိန်မှာပင်....

'ဝှီး'



'ဒုတ်'

အရာဝတ္ထုတစ်ခုသည် လေထုကိုထိုးခွဲကာ သူမထံသို့ ပစ်လွှင့်လာလေသည်။

အတွေးကြွယ်နေသည့် ဝမ်းကျိလန်း ချက်ချင်းသတိဝင်လာသည်။ ပစ်လွှင့်လာသော အရာဝတ္ထုသည် သူမ၏ ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်လာနေပြီဖြစ်ရာ....

'ယား'

ညာသံပေးရင်း မြင်းပေါ်မှ ခုန်ထွက်လိုက်ရလေသည်။

သူမ လျင်မြန်စွာ လှုပ်ရှားနိုင်ခြင်းကြောင့်သာလျှင် အသက်ဘေးမှ သီသီလေး လွတ်မြောက်သွားခြင်းဖြစ်လေသည်။

ဝမ်းကျိလန်းသည် မြေပေါ်ခုန်ဆင်းလိုက်သည်။ ပစ်လွှင့်လာသော အရာဝတ္ထုသည် ဓားရှည်တစ်ချောင်းဖြစ်ပြီး သူမကို မထိဘဲ သစ်ပင်တစ်ပင်၌ စိုက်ဝင်နေ၏။

ဓားရိုး၌ တပ်ဆင်ထားသော အနီရောင် ပန်းဖွားသည် လေထဲ လွင့်နေလေသည်။

'ဟင်'

ဝမ်းကျိလန်း လွတ်ခနဲ ရေရွတ်လိုက်မိ၏။

အကြောင်းမှာ ထိုအနီရောင် ပန်းဖွားတပ်ဆင် ထားသောဓားမှာ ချန်းစု၏ဓားဖြစ်ကြောင်း သိရှိထား၍ ဖြစ်လေသည်။

တောင်လက်ဝါးချန်းထင်းသည် လက်ဝါးသိုင်းဖြင့်ထင်ရှားသော်လည်း သားဖြစ်သူ ချန်းစုမှာ ဓားပညာကို အဓိကထားလေ့လာခဲ့သူ ဖြစ်ပေသည်။

ဝမ်းကျိလန်း မျက်မှောင်ကြုတ်သွား၏။ ချန်းစုသည် လုရန်မြို့တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ယခု သူ၏ဓားကို တွေ့လိုက်ရခြင်းမှာ ချန်းစုသည် သူမနှင့်အဝတူဖြစ်၍ သူမအား ဒုက္ခပေးစရာ အကြောင်းမရှိချေ။

'ဒါ....ဒါဆို'

ရုတ်တရက် အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

သစ်ပင် ချုံနွယ်များ ကြားမှ အနက်ရောင် ဝတ်ထားသူ သုံးယောက် ခုန်ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများသည် ကြောင်ခေါင်း မျက်နှာဖုံးစွပ်ကိုလည်း စွပ်ထားကြပါသေးသည်။ ဝမ်းကျိလန်းမှာ ထိုလူ သုံးယောက်ကို မြင်လျှင်....

'ကြောင်ဓားပြ'

ဟု အော်လိုက်၏။



ချန်းစု၏ဓားကို တွေ့ရသည့် အချိန်မှာ ကြောင်ဓားပြများ၏ လက်ချက်ကြောင့် ချန်းစု သေဆုံးသွားပြီဖြစ်ကြောင်း သူမ နားလည်သဘောပေါက်လာသည်။

ကြောင်ဓားပြများသည် သူတို့အကြောင်း လိုက်လံ စုံစမ်းနေသည့် ချန်းစုကို နှုတ်ပိတ်လိုက်ကြပြီ ဖြစ်သည်။

ယခုတစ်ဖန် သူမကိုလည်း သုတ်သင်ပစ်ရန် ကြိုးစားနေကြပြီ ဖြစ်လေသည်။

ကြောင်ဓားပြ သုံးယောက်သည် ဝမ်းကျိလန်းထံသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လာကြလေသည်။

ဝင်းကျိလန်း အံတင်းတင်း ကြိတ်လိုက်သည်။

အသင့် ဆောင်ထားသည့် တစ်တောင်ခန့် အရှည်ရှိသော ဓားနှစ်လက်ကို ဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူမ၏ဖခင်သည် ဓားနှစ်လက် ဝမ်းချိမင်းဟု ကျော်ကြားခဲ့သူ ဖြစ်သည့်အတိုင်း ဖခင်ထံမှ ဓားနှစ်လက် သိုင်းပညာကို သူမ အမွေရရှိထားလေသည်။

လူပြတ်သော တောလမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

ကြောင်ဓားပြ သုံးယောက်ကလည်း ဘြိဂံပုံသဏ္ဌာန်ဝိုင်းကာ ပိတ်ဆို့တိုက်ခိုက်လိုက်ကြလေသည်။

ထိုလူများသည် သိုင်းပညာ မခေသလို တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူများဖြစ်ကြောင်း ထင်ရှားပါ၏။

တစ်ခဏ အတွင်းမှာပင် ဝမ်းကျိုလန်း၏ တိုက်ကွက်များကို ချေဖျက်ပစ်လိုက်ကြလေသည်။

အမှန်တော့ ဝမ်းကျိုလန်း၏ပညာ မခေပါ။ တိုက်ပွဲအတွေ့အကြုံ မရှိခြင်းကြောင့် သူသေကိုယ်သေ ရင်ဆိုင်လိုက်ရသောအခါ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာပြီး တိုက်ကွက်များ ဖရိုဖရဲဖြစ်ကာ အရေးနိမ့်သွားရလေတော့သည်။

'ခြွမ်း'

ကြောင်ဓားပြတစ်ယောက်၏ ပြင်းထန်သော ဓားခုတ်ချက်က ဝမ်းကျိုလန်း၏ ဓားတစ်လက်ကို ရိုက်ထုတ်ပစ်လိုက်သည်။

အခြား ကြောင်ဓားပြ တစ်ယောက်က ခြေထောက်ဖြင့် လှမ်းကန်လိုက်သည်ကိုလည်း မရှောင်နိုင်ဘဲ....

'ဝုန်း'

'အမလေး'

ဝမ်းကျိုလန်းမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ကြောင်ဓားပြ သုံးယောက်သည် အလွတ်မပေးဘဲ လိုက်လာကြပြီး တိုက်ခိုက်ကြပြန်လေသည်။

'ရှမ်း....ရှမ်း'



'အား'

ဝမ်းကျိုလန်းမှာ မြေပေါ်၌ လူးလိမ့် ရှောင်တိမ်းနေသည့်ကြားမှ ဓားတပ်ချက်ထိသွား၏။

သူမ၏ ပခုံး၌ သွေးခြင်ခြင်း နီရဲသွားလေသည်။

ရုတ်တရက် နာကျင်မှု ကြောက်လန့်မှုနှင့် ခံပြင်းနာကြည်းမှုတို့ ပေါင်းစပ်ကာ ဝမ်းကျိုလန်း ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

'ရှင်တို့ ကျွန်မ အဖေကို သတ်ပစ်လိုက်သလို ကျွန်မကိုလဲ သတ်ပစ်ကြဦးမယ် မဟုတ်လား၊ ကျွန်မ သေရင် ရှင်တို့ကို အဖော်ခေါ်သွားမယ်'

ဟု အော်ဟစ်ရင်း မြေပေါ်မှ ခုန်ထကာ လက်ထဲကျန်နေသည့် ဓားတစ်လက်ဖြင့် တစ်ဟုန်ထိုး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူမ၏ဓားချက်များသည် ကြောက်ခမန်းလိလိ ပြင်းထန်နေလေရာ အနိုင်ရသွားတော့မည်ဟု ထင်မှတ်နေကြသော ကြောင်ဓားပြသုံးယောက် အငိုက်မိသွားကြပြီး....

'အား'

'အင့်'

'အမယ်လေး'

ဒူးရှစ္စာ အော်ဟစ်ကာ မြေပေါ် လဲကျသွားကြလေတော့သည်။

ဝမ်းကျိုလန်း ဖော်မပြနိုင်အောင် ဝမ်းသာသွားလေသည်၊ မမျှော်လင့်ဘဲ ကြောင်ခေါ်းပြမျှားအား အနိုင်ရလိုက်ပြီ မဟုတ်ပါလား။

လက်ထဲမှ ဒါးကို လွှင့်ပစ်ကာ မြေပေါ် ထိုင်ချလိုက်သည်၊ ပခုံးဒဏ်ရာမှ စီးကျလာသော သွေးများကို သုတ်ရင်း....

'အစ်ကိုချန်းစုလဲ သေပြီ၊ ငါဘာဆက်လုပ်ရမလဲ'

ဟု ညည်းတွားလိုက်မိလေသည်။

ထိုအချိန်မှာပင် ဝဲယာ တစ်ဖက်တစ်ချက်မှ ချုံပုတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကြောင်ခေါင်းစွပ်များသည် ဟိုမှတစ်ယောက် သည်မှတစ်ယောက် ထွက်ပေါ်လာကြ၏။

ဝမ်းကျိုလန်း မျက်လုံးပြူးသွားသည်။

'ဟိုက်'

ကြောင်ခေါ်းပြမျှားမှာ သိုင်းပညာတော်သည်။ လူအင်အားကောင်းသည်။ သေမင်းတောင်ကြား ဒေသ၌သာ မဟုတ်ဘဲ အချိန်အခါမရွေး နေရာဒေသမကူး တျင်လည်ကျက်စားနိုင်သူများ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။



ဝမ်းကျိုလန်းသည် ကြောင်ခေါ်းပြမျှားကိုကြည့်ရင်း....

'တစ်ယောက်'

'နှစ်ယောက်....သုံးယောက်'

'လေး ငါး ခြောက်'

သူမ ဆက်ပြီးမရေတွက်နိုင်တော့ပါ။ ဘယ်နေရာကိုကြည့်ကြည့် ကြောင်ခေါ်းပြမျှားကို တွေ့မြင်နေရခြင်းကြောင့် ဖြစ်ပေသည်။

သူမသည် ကြောင်ခေါ်းပြမျှားလက်ထဲမှ လွတ်မြောက်နိုင်ပါဦးမည်လော။

ဝမ်းကျိုလန်းသည် သွေးရူးသွေးတန်းဖြင့် သူမ၏မြင်းဆီသို့ ပြေးသွားပြီး ခုန်တက်လိုက်သည်။

မြင်းကြီးမှာ လန့်ဖျပ်သွားကာ....

'ဟီး....ဟီး....ဟီး'

ရှည်လျားစွာဟီလိုက်ပြီး ကဆုန်ပေါက်ပြေးသွားလေသည်။

ဝမ်းကျိုလန်းမှာ မြင်းပေါ်မှပြုတ်မကျရလေအောင် မနည်းပင် ဖက်တွယ်ပြီး လိုက်သွားရ၏။

'မလွတ်စေနဲ့'

ကြောင်ခေါ်းပြမျှား လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

သင်းအချို့က နောက်မှပြေးလိုက်လာကြပြီး အချို့က ရှေ့မှ ခံးပိတ်ထားလိုက်ကြလေသည်။

ထိတ်လန့်နေသော မြင်းကြီးမှာ ပိတ်ဆို့ထားသည်ကိုလည်း နားမလည်ဘဲ အတင်းထိုးဖောက်ပြေးလေသည်။

ကြောင်ခေးမြည်ယောက်က ဓားဖြင့် ပစ်ပေါက်လိုက်ရာ မြင်းကြီး၏တင်ပါး၌ စိုက်ဝင်သွားလေသည်။

မြင်းကြီး လန့်ပြီး ခုန်လိုက်သည်။ ထို့နောက် ဆက်၍ ပြေး သွား၏။

'ဝေးဝေးပြေးနိုင်မှာမဟုတ်ဘူး လိုက်ကြဟေ့'

ကြောင်ခေးပြမျာ:က ညာသံပေးကာ ပြေးလိုက်သွားကြ လေတော့သည်။

### ထူးဆန်းသော လူငယ်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက် သွားပြီ ဖြစ်လေသည်။

နေခြည် ကွယ်ပျောက်သွားပြီ ဖြစ်၍ ဝန်းကျင်တစ်ခုလုံး အမှောင်ထု ကြီးစိုးသွားလေသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းညိုကြီးသည် ကမူးရှူးထိုး ပြေးနေဆဲ....

ဝမ်းကျိုလန်းမှာ မြင်းကျောပေါ်၌ ပြားပြားဝပ်ကာ လိုက် ပါသွားလေသည်။

မြင်းညိုကြီးသည် သစ်ပင်ချုံနွယ်များကို တိုးဝှေ့ပြေး သည်။ ကျောက်တုံး ကျောက်ခဲ ကျောက်ဆောင်များကို ဖြတ် ကျော်သွားသည်။

မြင်းပေါ် လိုက်လာသည့် ဝမ်းကျိုလန်းသည်လည်း မသက်သာလှပါ။

သစ်ကိုင်း သစ်ခက်များနှင့် ထိုးမိ ရိုက်မိခြင်းကြောင့် တစ်ကိုယ်လုံး ဒဏ်ရာအနာတရ ဖြစ်သွားလေသည်။

နာကျင်မှု ဝေဒနာများကို ကြိတ်မှိတ် ခံစားရင်း မြင်းညိုကြီးကို ဖက်တွယ်ကာ လိုက်သွား၏။

အကယ်၍ မြင်းပေါ်မှ ပြုတ်ကျ ကျန်နေခဲ့မည် ဆိုလျှင် ကြောင်ဓားပြများ လက်ထဲ၌ အသက်ပေးလိုက်ရမည် ဖြစ်ပေသည်။

မြင်းညိုကြီး ကမူးရှူးထိုး ပြေးနေသည်ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေပေတော့သည်။

မည်သို့ဆိုစေ....

သူမ ကြာကြာ ကံကောင်းမနေနိုင်ခဲ့ပါ။ မြင်းညိုကြီးသည် ပါးစပ်မှ အမြှုပ်တစီစီထွက်ကာ အမောဖောက်လာပြီး....

‘ဝုန်း’

မြေပေါ် လဲကျသွားလေသည်။

ဝမ်းကျိုလန်းလည်း မြင်းပေါ်မှလွင့်စဉ်ကာ မြေပေါ်သိမ့်သွား၏။

‘အမယ်လေး’



အသည်းခိုက်အောင် နာကျင်သွားသဖြင့် လွှတ်ခနဲ အော်လိုက်မိလေသည်။

ထိုအချိန်မှာပင်....

‘ဟိုဘက်က အော်သံကြားတယ်ဟေ့’

‘မြန်မြန်လာကြ’

မလှမ်းမကမ်းမှ ကြောင်ဓားပြများ၏အသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ဝမ်းကျိုလန်း မျက်လုံးပြူးသွားသည်။

ကြောင်ဓားပြများသည် သူမနောက်သို့ သဲကြီးမဲကြီး လိုက်နေကြဆဲပင် မဟုတ်ပါလား။

ဝမ်းကျိုလန်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။ နာကျင်မှုဝေဒနာကို ဂရုမထားနိုင်ဘဲ အမှောင်ထဲ တိုးဝင် ပြေးလွှားသွားလေသည်။

ကြောင်ဓားပြများနှင့် ဝေးရာဆီသို့ မှန်းဆကာ ပြေးသွားခြင်း ဖြစ်သည်။

မှောင်မိုက် နေခြင်းကြောင့် သစ်ပင်ချုံနွယ်များနှင့် တိုးမိတိုက်မိသည်။ ခလုတ် တံသင်း ချိုင့်ကျင်း များကြောင့် တဖိုင်းဖိုင်း ချော်လဲလေသည်။

မည်သို့ဆိုစေ သူမသည် အားမလျှော့ဘဲ ဆက်၍ ပြေးလွှားသွားလေသည်။

မပြေးဘဲ ရပ်လိုက်သည်နှင့် ကြောင်ဓားပြများ ချက်ချင်း ရောက်လာကြပြီး သုတ်သင်ပစ်လိုက်ကြမည်ဟူသော အသိစိတ်က သူမကို ဆက်၍ပြေးလွှားနိုင်ရန် ခွန်အားမွေးဖွားပေးခဲ့လေသည်။

ဝမ်းကျီလန်းမှာ ပြေးရင်း ပြေးရင်း ဦးခေါင်းထဲမူးနောက် ရီဝေလာသည်။ အသက်ရှူ ကျပ်လာပြီး ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲသွားတော့မတတ် ခံစားလာရလေသည်။

ထိုအချိန်မှာပင် အရှေ့ဘက်မလှမ်းမကမ်း၌ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

မီးရောင်ရှိလျှင် လူရှိရပေမည်။

ဝမ်းကျီလန်း ဝမ်းသာသွားသည်။ မီးရောင် ထွက်ပေါ်နေသည့် နေရာသို့ ဦးတည်ပြေးလွှား သွားလိုက်လေတော့သည်။

* * *

တောအုပ်အတွင်း၌ ဘုံကျောင်းပျက်တစ်ခု ရှိနေသည်။

မီးရောင်သည် ထိုဘုံကျောင်းပျက်မှ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။ ဝမ်းကျီလန်း ပြေးလွှားနေသော ခြေလှမ်းများ မှုမမှန်တော့ပါ။

သို့သော် သူမသည် အားတင်းကာ ဆက်၍ပြေးလွှားသွား လေသည်။ ဘုံကျောင်းပျက်ရှေ့သို့ ရောက်သွားချိန်တွင်....



'ဝှစ်....ဝှစ်....ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာပြီး လက်နက်ပုန်းလေးများသည် သူမ၏ နောက်ကျောဆီသို့ ပစ်လွှင့်လာပါသည်။

ဝမ်းကျီလန်း မည်သို့မျှ မရှောင်နိုင်မှန်း သိပါ၏။ ထို့ကြောင့် မြေပေါ်လှဲချလိုက်ရာ အရှိန်ဖြင့် လိမ့်သွားလေသည်။

'ချွင်....ချွင်....ချွင်'

လက်နက်ပုန်းလေးများသည် ဝမ်းကျီလန်း၏ ဦးခေါင်း ပေါ်မှ ပွတ်ကာသီလာ ဖြတ်ကျော်ကာ ဘုံကျောင်းပျက်နံရံကို ထိမှန်သွားလေတော့သည်။

ဝမ်းကျီလန်းသည် ကြောက်အားလန့်အားဖြင့် နောက်လှည့် ကြည့်လိုက်၏။

ကြောင်ဓားပြများသည် သစ်ပင်ချုံနွယ်များ ကြားမှ ဘုံကျောင်းပျက်ရှိရာ မြေကွက်လပ်ဆီသို့ ခုန်ထွက် လာကြသည်။

မည်သည့်နည်းနှင့်မျှ ပြေးမလွတ်နိုင်တော့ဟု ဝမ်းကျီလန်း စိတ်တုံးတုံးချလိုက်စဉ်မှာပင် ကြောင်ဓားပြများသည် နောက်သို့ ပြန်ဆုတ်သွားကြပြီး အမှောင်ရိပ်ထဲသို့ အလျှိုလျှို ခုန်ဝင်ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားကြတော့သည်။

ဝမ်းကျီလန်း တအံ့တဩဖြစ်သွားသည်။

ကြောင်ဓားပြများ အဘယ့်ကြောင့် နောက်ဆုတ်သွားကြ ပါသနည်း။

သူမ တွေးတောနေစဉ်မှာပင် ဘုံကျောင်းပျက်ထဲမှ တေးသီချင်းသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တစ်စုံတစ်ယောက်သည် ဘုံကျောင်းပျက်ထဲ၌ ရှိနေသည်မှာ သေချာလှပေသည်။ ဝမ်းကျီလန်းက အားတင်းကာ ကျောက်လှေကားထစ်များအတိုင်း ဘုံကျောင်းပျက်ပေါ် တက်သွားသည်။

လှေကား တစ်ထစ် ...နှစ်ထစ် ...သုံးထစ်။

အပေါ်ဆုံးလှေကားထစ်သို့ ရောက်သောအခါ မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။

ယခုတစ်ကြိမ်တွင် သူမ စိတ်လျော့လိုက်ရာ သတိလစ်မေ့မြော သွားလေသည်။ ထိုသို့ သတိမလစ်မီ အချိန်လေးအတွင်းမှာပင် ဘုံကျောင်းပျက်ထဲ၌ မီးပုံတစ်ပုံရှိနေပြီး မီးပုံရှေ့၌ လူတစ်ယောက် ထိုင်ကာ တေးသီချင်းညည်းနေသည်ကို တွေ့မြင်ခဲ့ရလေသည်။

* * *

ဘုံကျောင်းပျက်ထဲ၌ မီးပုံတစ်ပုံရှိနေပါသည်။

တိုးတိုးလေးညည်းနေသော တေးသီချင်းသံ လေးတွဲ့တွဲ့လည်း ထွက်ပေါ်နေသည်။



ပူနွေးမှုကြောင့် ဝမ်းကျီလန်းမှာ တဖြည်းဖြည်း သတိရလာ၏။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မီးပုံနံဘေး၌ လဲလျောင်းနေရသည့် အဖြစ်ကို သတိပြုမိလေသည်။

ကို့ကြောင့် လူးလိမ့်ထရန် ကြိုးစားလိုက်၏။

'မထနဲ့လေ၊ မင်းမှာ ဒဏ်ရာတွေနဲ့'

သီချင်းညည်းနေသူက သတိပေးလာသည်။

ဝမ်းကျီလန်းကား ထိုင်ဖြစ်အောင် ထိုင်လိုက်မြို့ဖြစ်သည်။ လှုပ်ရှားလိုက်သဖြင့် တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်သွားပါသည်။

ငြိမ်ငြိမ်လေးထိုင်နေလိုက်တော့မှ တဖြည်းဖြည်း သက်သာသွား၏။ သီချင်းညည်းနေသူကို အလျှင်အမြန် အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူမှာ ဝက်ဝံအရေခွံဖြင့် ချုပ်ထားသည့် အင်္ကျီကို ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်ဖြစ်သည်။

ခန္ဓာကိုယ် တောင့်တင်းသန်မာပြီး ယောကျ်ားပီသစွာ ချောမော ခန့်ညားသူ ဖြစ်သည်။

အထူးသဖြင့် သူ၏မျက်နှာပေါ်မှ အပြုံးက နှစ်လိုဖွယ်ရာ ဖြစ်လေသည်။ ပျော်ပျော်နေတတ်ပုံရသော လူငယ်တစ်ယောက် ဖြစ်သည်။

ထိုလူငယ်က ဝမ်းကျိုလန်းကို ပြုံးပြရင်း....

'ခင်ဗျား တော်တော်ဆိုးတာပဲ၊ ဒီလောက်ဒဏ်ရာရအောင် ဘာတွေများ လျှောက်လုပ်လို့လဲဗျာ၊ ကျုပ်သာ ခင်ဗျားနေရာမှာဆို အိပ်ရာထဲ တစ်နှစ်လောက် လဲနေတော့မှာပဲ'

ဟု ပြောလေသည်။

ဝမ်းကျိုလန်းက ဘာမှမပြောဘဲ ဆက်ပြီး အကဲခတ်ကြည့်နေ၏။ လူငယ်သည် လူဆိုးလော လူကောင်းလော၊ မိတ်ဆွေလော ရန်သူလော ရုတ်တရက် မဝေခွဲနိုင်သေးချေ။

လူငယ်အနီး ကျောပိုးအိတ် တစ်လုံးနှင့် ရှည်မျှောမျှော သဏ္ဍာန်ရှိ အဝတ်ထုပ်တစ်ထုပ် ရှိနေသည်။ သူ့ပိုင်ဆိုင်သမျှ ပစ္စည်း အကုန်ဖြစ်ဟန်ရှိသည်။

ကြောင်ဓားပြတစ်ယောက်ဖြစ်လျှင် သူ့မအား ယခုအချိန်အထိ အသက်ရှင်ခွင့် ပေးထားမည်မဟုတ်ဟု ဆင်ခြင်မိလာသဖြင့် ဝမ်းကျိုလန်း စိတ်သက်သာရာ ရလာလေသည်။

လူငယ်က....

'ခင်ဗျားရဲ့ ပခုံးကဒဏ်ရာ အတော်ကြီး ဆေးထည့်ဖို့လိုမယ်၊ ကျန်တဲ့ဒဏ်ရာတွေက အသေးအဖွဲ့ပါ၊ ကျုပ်က ဆေးထည့်ပေးမလို့ပဲ၊ မသင့်လျော်ဘူးထင်လို့ ဒီအတိုင်းကြည့်နေခဲ့တာ၊ အခု ခင်ဗျားသတိရလာပြီ၊ ကိုယ့်ဘာသာထည့်ပေတော့'



ပြောပြောဆိုဆို ကျောပိုးအိတ်လေးထဲမှ ဆေးဘူးလေးတစ်ခု နှိုက်ယူကာ လှမ်းပေးလိုက်လေသည်။

ဝမ်းကျိုလန်းက...

'ကျေး....ကျေးဇူးတင်ပါတယ်ရှင်'

သူမသည် ဆေးဘူးကိုယူပြီး ဖွင့်ကြည့်လိုက်ရာ အစိမ်းရောင်ခြဲပျစ်ပျစ်အရည်များကို တွေ့ရပြီး အနံ့အသက်မှာ မခံမရပ်နိုင်အောင် စူးစူးဝါးဝါး ရှိနေသဖြင့် မျက်နှာရှုံ့မဲ့သွားလေသည်။

သူမ၏အမူအရာကြောင့် လူငယ်ပြုံးလိုက်ပြန်သည်။

'ထိခိုက်ဒဏ်ရာတွေကို ယူပစ်သလို ပျောက်ကင်းသွားနိုင်တဲ့ဆေးလို့ ကျုပ်ဆရာက ပြောတယ်၊ ကျုပ်အတွက် အသုံးလိုမှာမဟုတ်ဘူး၊ ခင်ဗျားပဲ ယူထားလိုက်ပါ'

ဟု ပြော၏။

ဝမ်းကျိုလန်းမှာ ပခုံးမှ နာကျင်နေသော ဝေဒနာကြောင့် ဆေးအနည်းငယ်ယူကာ ပွတ်လိမ်းလိုက်လေသည်။

ဆေးရည်နှင့် ထိတွေ့မိလျှင် အေးမြသော အရသာ ခံစားလိုက်ရပြီး သွေးတိတ်သွားသည်။ နာကျင်သော ဝေဒနာများလည်း ချက်ချင်းကွယ်ပျောက်သွားလေသည်။

လူငယ်၏စကား မှန်ကန်နေကြောင်း တွေ့ရသဖြင့်....

'ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်'

ဟု ထပ်ပြောလိုက်လေသည်။

လူငယ်က လက်ကာပြလိုက်သည်။

'ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ကျေးဇူးတင်ချင်းတင်ရင် ကျုပ်ဆရာကိုတင်ပါ'

'ကောင်းပါပြီ၊ ရှင့်ဆရာကို ကျေးဇူးတင်ပါတယ်'

ဝမ်းကျိုလန်း၏ စကားကြောင့် လူငယ်ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား ခင်ဗျားကကျုပ်ပြောတိုင်းဟာကယ်ကို လိုက်ပြောတာကိုး၊ ကဲ ကဲ ထားလိုက်ပါတော့၊ ခင်ဗျားခုလို ဒုက္ခရောက်ရလာတာ ကိုယ့်ကိုကိုယ် နှိပ်စက်ထားတာတော့ မဟုတ်ပါဘူးနော်'

'အို ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကြံကြီးစည်ရာရှင်'

'ဒါဖြင့် သူများ လက်ချက်ကြောင့်ပေါ့'

'ဟုတ်ပါတယ်၊ ကြောင်ခေါ်းပြာတွေရဲ့ လက်ချက်ပါ'

လူငယ် မျက်လုံးပြူးသွားလေသည်။

'ကြောင်ခေါင်းပြာဟုတ်လား၊ ကျုပ် ထိုင်းလောကထဲ ရောက်လာကတည်းက ဟိုမှာလဲ ကြောင်ခေါင်းပြာ၊ ဒီမှာလဲ ကြောင်



ခေါင်းပြာ ပြောပြောနေကြတာကြားလို့ တွေ့ချင်စိတ်တောင် ဖြစ်မိတယ်၊ ကဲ...သူတို့ ဘယ်မှာလဲ ပြောပါဦး'

ဝမ်းကျိုလန်းက သူမနောက်သို့ လိုက်လာကြကြောင်းပြောရန်ဟန်ပြင်လိုက်စဉ်မှာပင် အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ကျုပ်တို့ ရှိပါတယ်'

လူငယ်က လှမ်းကြည့်လိုက်၏။

ထိုအခါ လက်နက်ကိုယ်စီဆွဲကိုင်ထားကြသည့် ကြောင်ခေါင်းပြာများ တစ်ဟုန်ထိုး ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကြောင်ခေါင်းပြာများသည် ဟာလာဟင်းလင်း ဖြစ်နေသည့် ဘုံကျောင်းပျက် တံခါးပေါက်မှ လည်းကောင်း၊ ပြိုပျက်နေသော နံရံများမှ လည်းကောင်း တစ်ဟုန်ထိုး ပြေးဝင်လာကြလေသည်။

ဝမ်းကျိုလန်းသည် ကြောင်စားမြွေများ ရောက်လာသည်ကို မြင်လျှင် ထိတ်လန့်တုန်လှုပ်သွား၏။

လူငယ်ကမူ....

'ကြောင်စားမြွေဆိုပါလား၊ တွေ့ချင်နေတာနဲ့ အတော်ပဲ'

ကြမ်းပြင်ပေါ်တွင် ပွစာကြဲနေသော အုတ်ကျိုးအုတ်ပဲ့များကို ကောက်ယူကာ တရစပ်ပစ်ပေါက်လိုက်လေသည်။

အုတ်ကျိုး အုတ်ပဲ့များသည် မိုးသီးမိုးပေါက်များပမာ ကြောင်စားမြွေများထံသို့ တိုးဝင်သွားလေသည်။

'အား....'

'အင့်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ပြေးလာကြသည့် ကြောင်စားမြွေများသည် ရှေ့မတိုးနိုင်ဘဲ တဗိုင်းဗိုင်း လဲကျကုန်၏။

ထိပ်ပေါက်ခေါင်းကွဲ ခြေကျိုးလက်ကျိုးဖြစ်ကာ လူးလိမ့်ထ၍ နောက်ပြန်ဆုတ်သွားကြလေသည်။

အုတ်ကျိုးအုတ်ပဲ့များကို ကျော်ပြီး ပြေးဝင်လာနိုင်သူဟု မရှိသလောက်ဖြစ်လေသည်။



'ဟား...ဟား....ဟား'

လူငယ်သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကြောင်စားမြွေ မဟုတ်ဘဲ ကြောင်စုတ် ကြောင်နာတွေပါလား'

ဟုလည်း လှောင်ပြောင်လိုက်လေသည်။

ဝမ်းကျိုလန်းမှာ မျက်လုံးကြီးပြူးကာ လူငယ်ကိုကြည့်မိ၏။

ကြောက်စရာကောင်းသည်ဟု ကျော်ကြားနေသော ကြောင်စားမြွေများအား တစ်စက်ကလေးမှ ဂရုစိုက်ပုံ မရခြင်းကြောင့်လည်းကောင်း၊ ရှေ့တိုးမလာနိုင်အောင်ဆုံးမလိုက်ခြင်းကြောင့်လည်းကောင်း ခေသူမဟုတ်ဟုလည်း ရိပ်မိလိုက်လေသည်။

ကြောင်စားမြွေများသည် တဖြည်းဖြည်း နောက်ဆုတ်သွားကြပြီး ဘုံကျောင်းအပြင်ဘက်သို့ အသီးသီး ခုန်ထွက်သွားကြလေသည်။

တစ်ခဏအတွင်းပင် ဘုံကျောင်းထဲ၌ တစ်ယောက်မှ ရှိမနေတော့ချေ။

ဝမ်းကျိုလန်း ဝမ်းသာသွားသည်။

'သူတို့ ထွက်ပြေးသွားပြီ၊ တော်ပါသေးရဲ့ရှင်'

လူငယ် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တော့ မတင်ဘူး'

'ဟင်....ဘာဖြစ်လို့လဲ'

ဝမ်းကျိုလန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

လူငယ်က...

'သူတို့က ကျုပ်ကိုမနိုင်လို့ သူတို့ဆရာကို သွားခေါ်ကြတာပဲ ဖြစ်မယ်'

'ရှင်'

ဝမ်းကျိုလန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ထိုအချိန်မှာပင်

'ဟုတ်တယ်၊ မင်းက ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်တဲ့အတွက် အသက်ပေးရလိမ့်မယ်'

စကားသံနှင့်အတူ လူတစ်ယောက် လှမ်းဝင်လာလေသည်။

ထိုလူမှာ အနီရောင်ဝတ်ထားပြီး သံဘုလုံးကြီးတစ်ခု ကိုင်ထားသော ကြောင်စားပြဖြစ်လေသည်။

ထိုသူ၏လက်ထဲမှ သံဘုလုံးကြီးကိုမြင်လျှင် လူငယ် အားပါးတရ ရယ်မောလိုက်ပြီး....



'ဟား....ဟား....ဟား.... ခင်ဗျားလက်ထဲက ဘုလုံးကြီးနဲ့ မောင်းသာတီးလိုက်ရရင် အတော်ကို နားထောင်ကောင်းမယ့် မောင်းကွဲသံထွက်လာမှာပဲ'

ဟု ပြောလိုက်လေသည်။

သံဘုလုံးကြီးကိုင်ထားသူ ဒေါသချောင်းချောင်းထွက်သွားလေတော့သည်။

'မောင်းကိုတော့ မထုဘူး၊ မင်းခေါင်းကိုပဲ ထုမယ်'

ဟု ကြုံးဝါးရင်း သံဘုလုံးကြီးကို တဝှီးဝှီးမြည်အောင် ဝေ့ယမ်းကာ လူငယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'ဟား....ဟား....ဟား'

လူငယ်က တဟားဟားရယ်မောရင်း လှည့်ပတ်ပြေးလွှား ရှောင်တိမ်းလိုက်သည်။

'မပြေးနဲ့'

သံဘုလုံးကြီးနှင့်လူကလည်း အော်ဟစ်ရင်း တရကြမ်း လိုက်လံတိုက်ခိုက်လေသည်။

သူတို့နှစ်ယောက်မှာ ငုတ်တုတ်ထိုင်နေသော ဝမ်းကျိုလန်းကို အလယ်ဗဟိုပြုကာ စက်ဝိုင်းပုံ ပြေးလွှားလှည့်ပတ်နေကြလေတော့သည်။

'ဟား...ဟား...ဟား....မိအောင်ဖမ်းဗျို့'

လူငယ်က တဟားဟားရယ်မောရင်း အော်ပြော၏။

သံဘုလုံးကြီးနှင့်လူက သဲကြီးမဲကြီး လိုက်နေသော်လည်း ပတ်ပြေးနေသည့် လူငယ်ကို မမီဘဲဖြစ်နေသည်။

ထို့ကြောင့် ဒေါသခြောင်းခြောင်းထွက်လာပြီး....

'သတ္တိရှိရင် မပြေးနဲ့'

ဟု အော်ဟစ်လိုက်ရာ....

'ကောင်းပြီဗျို့'

လူငယ်က ချက်ချင်းပင် တုံ့ခနဲရပ်လိုက်လေသည်။

ဤတွင် သံဘုလုံးကြီးနှင့်လူသည် အရှိန်မထိန်းနိုင်ဘဲ လူငယ်ကို ဝင်တိုက်လိုက်မိလေတော့သည်။

'အင့်'

သံဘုလုံးကြီးနှင့်လူ ကပျာကယာ နောက်ခုန်ဆုတ်လိုက်ရာ အရှိန်ဖြင့် ဖင်ထိုင်လဲကျသွားလေသည်။

သူ၏လက်ထဲမှ သံဘုလုံးကြီးသည်လည်း လူငယ်၏လက်ထဲသို့ ရောက်သွား၏။

လူငယ်က သံဘုကြီးကို ဝေ့ယမ်းလိုက်ရာ တဝှီးဝှီးမြည်သော လေတိုးသံများ ထွက်ပေါ်လာလေတော့သည်။

'ဟား မဆိုးဘူးဟေ့၊ ခင်ဗျားပစ္စည်း ခင်ဗျားပြန်ယူ'



ပတ်ချာလည်နေသည့် သံဘုလုံးကြီးအား ပစ်ချပေးလိုက်ရာ အနီရောင် ကြောင်ခေါင်းစွပ် ကပျာကယာ ရှောင်တိမ်းလိုက်ခြင်းကြောင့် သံမိသလင်းပြင်ပေါ် ဒုန်းခနဲ ကျသွားပြီး ဖုန်မှုန်များ တထောင်းထောင်း ထသွားလေသည်။

အကယ်၍ ရှောင်တိမ်းခြင်းမပြုလျှင် ထိခိုက်ဒဏ်ရာ ရသွားနိုင်လောက်ပေသည်။

အနီရောင် ကြောင်ခေါင်းပြုသည် လူငယ်အား မယုံကြည်နိုင်စွာ ကြည့်နေပြီးမှ သတိဝင်လာဟန်ဖြင့် လိမ့်နေသည့် သံဘုလုံးကြီးကို ကောက်ယူလိုက်ပြီး အပြင်ဘက် ခုန်ထွက်သွားလေသည်။

အဝတ်အစား လေတိုးသံများနှင့်အတူ ထိုလူ ချက်ချင်း ကွယ်ပျောက်သွားသည်။

လူငယ်က ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသော ဝမ်းကျိုလန်းအား ပခုံးတွန့်ပြလိုက်ပြီး....

'ဒီတစ်ခါတော့ သူတို့ ပြန်လာရဲကြတော့မှာ မဟုတ်ဘူး'

ဟု ပြောလေသည်။

မှန်ပေသည်။ မိုးစင်စင်လင်းသွားသည့်တိုင် ကြောင်ခေါင်းပြုများရောက်မလာကြတော့ချေ။

* * *

လမ်းပေါ်၌ လူစည်ကားနေသည်။

ဝမ်းကျီလန်းသည် သစ်ပင်တစ်ပင်အောက်မှနေပြီး လှုပ်ရှားသွားလာနေကြသူများအား ငေးမော ကြည့်နေမိလေသည်။

သူမ၏ ဒဏ်ရာများမှာ လူငယ်ပေးသောဆေးကို လိမ်းခဲ့သဖြင့် အံ့ဩစရာ ကောင်းလောက်အောင် သက်သာသွားပြီဖြစ်သည်။

ဒဏ်ရာများအတွက် စိတ်အေးသွားရသော်လည်း ညစ်ပတ်စုတ်ပြဲနေသော အဝတ်အစားများကြောင့် ဒုက္ခရောက်နေရလေသည်။

ယခု သူမသည် စောင်ကျားကြီးတစ်ထည်ကို ဝတ်ရုံသဖွယ်ပြုလုပ်ကာ ခပ်တည်တည်ခြုံထားရလေသည်။

ဤပုံစံအတိုင်း မြို့ထဲမဝင်ရဲသဖြင့် သစ်ပင်အောက်၌ ရပ်နေရခြင်းဖြစ်သည်။

နေခြည်မှာ တစ်စထက်တစ်စအားကောင်းလာပြီး ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်လာသည်။

ဝမ်းကျီလန်းသည် နံနက်ဝေလီဝေလင်း အချိန်ကတည်းက ရောက်နေခြင်းဖြစ်သည်။

အလင်းရောင် အားကောင်းလာပြီဖြစ်၍ သူမ ကြာကြာဆက်နေ၍ မဖြစ်တော့ချေ။ လမ်းဘေး၌ စောင်ကျားကြီး



ခြုံထားသော မိန်းကလေးတစ်ယောက်အား သူ့ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လာကြလိမ့်မည် ဖြစ်ပေသည်။

ဝမ်းကျီလန်း စိုးရိမ်ပူပန် နေစဉ်မှာပင် ဝက်ဝံရေအင်္ကျီဝတ်ဆင်ထားသောလူငယ် ခပ်သုတ်သုတ် လျှောက်လာနေသည်ကို တွေ့ရလေသည်။

ဝမ်းကျီလန်း ဝမ်းသာသွားသည်။ သို့သော်.... ၃၆

'ရှင် ဘယ်လျှောက်သွားနေတာလဲ ကြာလိုက်တာ'

ဟု ဆီးကြိုအပြစ်တင်လိုက်၏။

လူငယ်က ...

'အဝတ်အထည် ဆိုင်တွေက မဖွင့်သေးဘူးဗျ၊ အတင်းတံခါးဖွင့်ခိုင်းပြီးဝယ်လာရတာ၊ ကျုပ်တောင် အဆောက်ခံရသေးတယ်၊ ကဲ....ရော့ ရော့၊ ဝတ်ပြီးရင် မြို့ထဲလိုက်ခဲ့၊ ကျုပ်စောင့်နေမယ်'

ပြောပြီး အဝတ်ထုပ်ကို ပစ်ပေးကာ လှည့်ထွက်သွားလေသည်။ ဝမ်းကျီလန်းလည်း ချက်ချင်းပင် အထုပ်ကိုဖြေကာ လူငယ်ဝယ်လာသော အဝတ်အစားများကို ဝတ်ဆင်လိုက်လေသည်။

အဝတ်အစားများ အနည်းငယ် ပွရောင်းရောင်း ဖြစ်နေသော်လည်း မဆိုးလှချေ။ စောင်ကျားကြီးခြုံထားရသည်ထက်စာလျှင် တော်ပေသေးသည် မဟုတ်ပါလား။

ဝမ်းကျိုလန်းသည်း မြို့ထဲဝင်သွားလေသည်။

လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားမိလျှင် လှမ်းခေါ်သံကြားရသဖြင့် ကြည့်လိုက်ရာ လူငယ်က လက်ယပ်ခေါ်နေသည်ကို တွေ့ရသဖြင့် ဆိုင်ထဲဝင်လိုက်လေသည်။

လူငယ်သည် သူမအတွက် မုန့်နှင့်လက်ဖက်ရည်များ အဆင်သင့် မှာကြားထားသည်ကို တွေ့ရလေသည်။

'ကဲ....စားလိုက်'

ဝမ်းကျိုလန်း ဆာလောင်နေသဖြင့် ဘာမှ မပြောဘဲ စားလိုက်လေသည်။ သူမ စားသောက် ပြီးစီး သွားသောအခါ လူငယ်က....

'ကဲ ကျုပ်တာဝန်ကျေပြီ၊ သွားတော့မယ်'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေသည်။

ဝမ်းကျိုလန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ရှင်....ရှင် ဘယ်သွားမလို့လဲ'

လူငယ် ပြုံးလိုက်သည်။

'သိုင်းလောကထဲ ခရီးဆန့်ရမှာပေါ့ဗျာ'

'ရှင်....ရှင်'

'ကျုပ်က ခင်ဗျားကို ကူညီပြီးပြီလေ'



မှန်ပေသည်။ ကြောင်စားပြများ လက်မှ ကယ်တင်ခဲ့သည်။ ဒဏ်ရာများအတွက် ဆေးပေးသည်။ တစ်ညလုံး စောင့်ရှောက်ထားသည်။

မိုးလင်းလျှင် ဤမြို့လေးသို့ ခေါ်လာပြီး အဝတ်အစား ဝယ်ပေးသည်။ ကျွေးမွေးသည်။

လူငယ်သည် အကောင်းဆုံးဖြစ်အောင် ကူညီခဲ့ပြီးပြီ ဖြစ်လေသည်။ ဝမ်းကျိုလန်း သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မကို ကူညီတဲ့ကျေးဇူး မမေ့ပါဘူးရှင်'

'ဟဲ....ဟဲ....မလိုပါဘူးဗျာ၊ ကဲ....ကျုပ်ကို ခွင့်ပြုပါဦး'

လူငယ်သည် ရယ်ရယ်မောမောဖြင့် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ ဝမ်းကျိုလန်းက လူငယ်ကိုမကြည့်ဘဲ ခေါင်းငုံ့ထားလိုက်၏။

သူမ၏ မျက်လုံးအစုံ၌ မျက်ရည်များ ပြည့်လျှမ်းလာသည်။ ရင်ထဲ ဟာလာဟင်းလင်း ဖြစ်သွားလေသည်။

ရုတ်တရက် ထွက်သွားရန် ဟန်ပြင်နေသော လူငယ်သည် ထိုင်ခုံတွင် ပြန် ထိုင်ချလိုက်ပြီး....

'ခင်ဗျားအတွက် တစ်ခုခု လုပ်ပေးစေချင်သေးတယ် ထင်တယ်။ ဟုတ်ရဲ့လားဗျာ'

ဟု မေးလေသည်။

ဝမ်းကျိလန်း ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးရှင်၊ လုံလောက်ပါပြီ၊ မလိုတော့ပါဘူး'

လူငယ်က....

'လိုသေးတယ်၊ ဘာလုပ်ပေးရမယ်ဆိုတာ ကျုပ်သိပြီ'

'ရှင်'

'အနည်းဆုံး ခင်ဗျားကို အိမ်ရောက်အောင် ပြန်ပို့ပေးသင့်တယ် မဟုတ်လား'

ဝမ်းကျိလန်းက လူငယ်ကို မော့ကြည့်လိုက်ရာ သူ့မအား ပြုံးပြနေသည်ကို တွေ့ရလေသည်။

'ကျုပ်ပြောတာ မှန်တယ်မဟုတ်လား'

ဝမ်းကျိလန်း ပင့်သက်ရှိုက်လိုက်သည်။

'ရှင် မှားနေပြီ၊ ကျွန်မက အိမ်ပြန်မှာမဟုတ်ဘူး၊ အလယ်ပိုင်းကို သွားမှာရှင်'

လူငယ် မျက်မှောင်ကြုတ်သွားသည်။

ဝမ်းကျိလန်းက ဆက်ပြောလိုက်လေသည်။

'ကျွန်မအဖေကို သတ်သွားတဲ့ လူသတ်သမားကို လိုက်ရှာမလို့ပါ'



'ဪ'

အမြဲပြုံးနေသည့်လူငယ် မျက်နှာပျက်သွားလေသည်။

ဝမ်းကျိလန်းက....

'ညက ကျွန်မကို ဒုက္ခပေးခဲ့ကြတဲ့ ကြောင်ခေါးပြုတွေဟာ ကျွန်မအဖေကို သတ်ပစ်လို့အားမရသေးဘဲ ကျွန်မကိုပါ သတ်ပစ်ဖို့ ကြိုးစားခဲ့ကြတာပေါ့ရှင်'

လူငယ်က....

'ကျုပ်ကို စိတ်မဆိုးနဲ့နော်၊ ခင်ဗျားအဖေက သူတို့နဲ့ ဘယ်လို ပတ်သက်မိလို့လဲ'

ဟု မေးလေသည်။ ဆိုင်း

ဝမ်းကျိလန်းက လုံ့နှင့်ဗိုင်း အာမခံဌာနအား ကူညီရန် ခရီးထွက်သွားရာမှ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

လူငယ်၏မျက်နှာ လေးနက်တည်ကြည်လာလေသည်။

'ခင်ဗျားပြောတဲ့အတိုင်း ဆိုရင်တော့ ကြောင်ခေါးပြုတွေရဲ့ ခေါင်းဆောင်ဟာ အင်မတန် ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်ဖြစ်မှာ သေချာတယ်'

ဟု မှတ်ချက် ချလိုက်လေသည်။

ဝမ်းကျိလန်း အံ့ကြိတ်ရင်း....

'ကျွန်မ အသက် သေချင် သေပါစေ၊ ကြောင်ဓားပြ ခေါင်းဆောင်ကို ဖော်ထုတ်ဆုံးမဖို့ ကြိုးစားရမှာပဲ'

လူငယ် ခေါင်းခါယမ်းလိုက်သည်။

'ခင်းပြောတဲ့အတိုင်း သေသွားဖို့ပဲ ရှိမှာပေါ့'

'ကျွန်မ မကြောက်ဘူး'

'ခေါင်းမမာချင်စမ်းပါနဲ့ဗျာ၊ အလုပ်ကြီးကြီး လုပ်မယ့်လူဟာ ခေါင်းအေးအေး ထားတတ်ရတယ်၊ အလောတကြီး မလုပ်ရဘူး၊ မသေချာဘဲ မလုပ်ရဘူး'

ဝမ်းကျိုလန်း မျက်မှောင်ကြုတ်သွားပြီး....

'ရှင် ဘာကိုဆိုလိုတာလဲ'

ဟု မေးလိုက်သည်။

လူငယ်က....

'ကြောင်ဓားပြ ခေါင်းဆောင်ကို ဖော်ထုတ်ဖို့ ခင်ဗျားမှ မတတ်နိုင်တာ၊ ဒါကြောင့် ကိုယ်တိုင်မကြိုးစားဘဲ တတ်နိုင်တဲ့လူကို ကူညီဖို့ပဲရှိတာပေါ့'

ဝမ်းကျိုလန်းက....

'နေပါဦး၊ ဘယ်သူက တတ်နိုင်မှာမို့လဲ'

'ကျုပ်လေ....'



လူငယ်က သူ၏ရင်ဘတ်ကို လက်ညှိုးညွှန်ကာ ပြောလိုက်၏။

ဝမ်းကျိုလန်း ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ဝမ်းသာသွားလေတော့သည်။

'ရှင်.. ရှင် ကြောင်ဓားပြခေါင်းဆောင်ကို ဖော်ထုတ်မယ်ဟုတ်လား'

'သေချာတာပေါ့ဗျာ၊ ကျုပ်လိုင်းလောကထဲ ဆင်းလာတာကိုက ပြိုင်ဘက်ရှာချင်လို့ပဲ၊ နာမည်ကြီးနေတဲ့ သိုင်းသမားတွေ တကယ့်အရည်အချင်း ရှိမရှိ စမ်းကြည့်မလို့ဗျ'

ထိုစကားကိုကြားလျှင် ဝမ်းကျိုလန်းသည် ကျန်းရှောင်အင်းအား ဖျတ်ခနဲ သတိရလိုက်လေသည်။

ကျန်းရှောင်အင်းသည်လည်း သူ၏ပညာစွမ်းကိုပြရန် သိုင်းလောကသို့ ခြေချလာခဲ့သည် မဟုတ်ပါလား။

လူငယ်က....

'ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ၊ ကျုပ်ပြောတာ သဘောတူတယ်မဟုတ်လား'

ဟု မေးလေသည်။

ဝမ်းကျိုလန်းက....

'အင်ပကာင်အဖွဲ့ရဲ့ယမ်များတယ်ဆိုတာ အရင်ဆုံး ရှင်သိထားရလိမ့်မယ်ရှင်'

'ဟား ...ဟား ...ဟား'

လူငယ်က သဘောကျစွာ ရယ်မောလိုက်လေသည်။

လက်ဖက်ရည်ဆိုင်ထဲမှ အခြားစားသောက်နေသူများ လှမ်းကြည့်လာကြသော်လည်း လူငယ်က ဂရုမစိုက်ချေ။

'ကျုပ်က သိုင်းလောကမှာ အကောင်ဆုံးဆိုတဲ့ သိုင်းသမားတွေ ကုန်အောင်ကို လိုက်ပြီးယှဉ်ပြိုင်မှာ၊ ကြောင်ခေါးပြခေါင်းဆောင်ကျမှ ရမှာလားဗျာ'

ဝမ်းကျိုလန်းသည် ထိုလူငယ်၏သဘ္တိကို သဘောကျသွားလေသည်။

လူငယ်က....

'ကဲ ခင်ဗျား သဘောတူတယ်မဟုတ်လား'

ဟု ထပ်မံမေးလိုက်၏။

ဝမ်းကျိုလန်း ခေါင်းညိတ်လိုက်သည်။

'သဘောတူပါတယ်ရှင်'

လူငယ် ကျေနပ်သွားသည်။

'ဒါဆိုရင် ကျုပ်အကြံပေးမယ်၊ ခင်ဗျား အိမ်ပြန်ပြီး အေးအေးဆေးဆေး နေပါ၊ ကြောင်ခေါးပြတွေရဲ့လက်ချက်မိသွားသူတွေ မကြာမကြာ တွေ့ရတတ်တဲ့ နေရာတွေကို စုံစမ်းပြီး စာရင်းလုပ်ပေးပါ'



ဝမ်းကျိုလန်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ အိမ်ပြန်နေလို့ကတော့ ဘာမှ လုပ်နိုင်မှာမဟုတ်ဘူးရှင့်'

'ဘာဖြစ်လို့လဲ'

'လိုက်ပြီးမစုံစမ်းဘဲ ဘယ်သူက အိမ်တိုင်ယာရောက် သတင်းလာပို့ပါ့မလဲရှင်'

လူငယ် ပခုံးတွန့်လိုက်လေသည်။

ဝမ်းကျိုလန်းက....

'ကြောင်ခေါးပြတွေအကြောင်းကို သိမ်းငှက်ငွေတိုက်ကစပြီး စုံစမ်းရလိမ့်မယ်၊ သူတို့ဆီကို ကျွန်မသွားမယ်'

လူငယ် ကပျာကယာ လက်ကာပြလိုက်သည်။

'နေ... နေ၊ ကျုပ်သွားမယ်'

'သိမ်းငှက်ငွေတိုက် ဘယ်မှာရှိတယ်ဆိုတာ ရှင်သိလို့လား'

လူငယ် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဝမ်းကျိုလန်းက....

'ကျွန်မကို ကူညီရင် ကျွန်မကလဲ ရှင့်ကိုပြန်ပြီး ကူညီနိုင်တာရှိပါတယ်'

'ဘာများလဲ ပြောစမ်းပါဦးဗျ'

'သိုင်းလောက ထိပ်သီးသိုင်းသမားတွေအကြောင်း ပြောပြနိုင်တာပေါ့ရှင်'

လူငယ် သက်ပြင်းချလိုက်သည်။

'ကျုပ်နာမည် သုကျင်းသက်ပါ'

သူ၏အမည်ကို ပြောပြလိုက်သည်။

ဝမ်းကျိလန်းက ...

'ကျွန်မကတော့ ဝမ်းကျိလန်းပါရှင်'

သူတို့နှစ်ယောက်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများအဖြစ် ပြောင်းလဲသွားကြလေသည်။

## ထောင်ချောက်

ချန်အန်းမြို့...

ချန်အန်းမြို့ အရှေ့ဘက် လူကုံထံများ နေထိုင်ကြသော အရပ်ရှိ ခြံဝင်းကြီးတစ်ခုသို့ ဧည့်သည်များ ရောက်ရှိလာကြလေသည်။

ခြံဝင်းပိုင်ရှင်မှာ နဂါးနိုင်ခဲ့သူဟူသော သိုင်းလောကတွင်ထူးရသည့် သိုင်းသမားကြီး မုထင်းယီဖြစ်သည်။

မုထင်းယီသည် သိုင်းလောက အရေးကိစ္စတစ်ခုနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးရန် မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြားထားခြင်း ဖြစ်ပါသည်။

ဧည့်ခန်းမဆောင်ကြီးအတွင်း၌ စားပွဲကုလားထိုင်များ အစီအရီ ချထားပြီး စားသောက်ဖွယ်ရာများ အရက်များ အလျှံပယ်ရှိနေ၏။

ရောက်လာကြသော ဧည့်သည်များကလည်း အသီးသီးနေရာယူထားကြလေသည်။

ဧည့်သည်များမှာ သိုင်းလောက၌ ထင်ရှားသော သိုင်းသမားများ၊ သိုင်းအဖွဲ့ခေါင်းဆောင်များနှင့် အာမခံဌာနပိုင်ရှင်များ ဖြစ်ကြသည်။

စုစုပေါင်း နှစ်ဆယ်ခန့်ရှိလေသည်။

ဖိတ်ကြားထားသည့် ဧည့်သည်များ စုံလင်သွားသည်နှင့် မုထင်းယီက ဆွေးနွေးပွဲကို စတင်လိုက်လေသည်။

'မိတ်ဆွေတို့အားလုံး သိကြပြီးဖြစ်တဲ့အတိုင်း ကြောင်ဓားပြတွေ သောင်းကျန်းနေတာနဲ့ ပတ်သက်လို့ တိုင်ပင်ဆွေးနွေးလိုတာကြောင့် ခုလို ဖိတ်ခေါ်လိုက်ရတာပါ'

ဧည့်သည်အားလုံးက မုထင်းယီ၏စကားကို စိတ်ဝင်စားစွာ နားစွင့်နေလိုက်ကြလေသည်။

မုထင်းယီက ဆက်ပြောသည်။

'ကြောင်ဓားပြတွေဟာ သေမင်းတောင်ကြားဒေသတစ်ဝိုက်မှာ ကျင်လည်ကျက်စားနေခဲ့ကြတာ အတော်ကြာပါပြီ၊ သူတို့ကို နှိမ်နင်းဖို့ ကြိုးစားပေမယ့် ကနေ့အထိ မအောင်မြင်သေးပါဘူး၊ သူတို့ ဘယ်သူဘယ်ဝါတွေ ဘယ်မှာ စခန်းချတယ်ဆိုတာ သိဖို့မပြောနဲ့၊ အရိပ်အယောင်တောင် တွေ့ဖူး မြင်ဖူးသူ မရှိသလောက်ပါပဲ'



မှန်ပေသည်။ တွေ့ဖူး မြင်ဖူးသူတိုင်းသည် ကြောင်ဓားပြများ၏ လက်ချက်ဖြင့် သေဆုံးသွားကြသည် မဟုတ်ပါလား။

မုထင်းယီက....

'ကြောင်ဓားပြတွေရဲ့ လက်ချက်ကြောင့် သိုင်းလောကသားတွေဘက်က ဆုံးရှုံးခဲ့ရတာ မနည်းတော့ပါဘူး၊ ဒါကြောင့် ပြတ်ပြတ်သားသား ရှာဖွေချေမှုန်းသင့်ပြီလို့ ကျုပ်အကြံပြုချင်ပါတယ်'

သူ၏စကားအဆုံးတွင် အာမခံဌာနပိုင်ရှင် တစ်ယောက်က ထိုင်ရာမှ ထရပ်လိုက်ပြီး....

'ကျုပ်ပြောပါရစေ၊ ကျုပ်တို့ဟာ အမြစ်ပြတ်ချေမှုန်းပစ်မယ်ဆိုပြီး လူစုလူဝေးနဲ့ သေမင်းတောင်ကြားကို မွှေနှောက်ခဲ့ကြတာ သုံးလေးကြိမ် မကတော့ပါဘူး၊ ဒါပေမယ့် တစ်ခါမှ ကြောင်ဓားပြတွေရဲ့ အရိပ်အယောင်တောင် မတွေ့ခဲ့ရပါဘူး၊ ဒါကြောင့် ဘယ်လိုရှာဖွေကြမယ်ဆိုတာကို အဓိကဦးစားပေးပြီး စဉ်းစားသုံးသပ်ဖို့ အကြံပြုချင်ပါတယ်'

သူ၏စကားကို ကျန်လူများကလည်း ထောက်ခံလိုက်ကြလေသည်။

'ဟုတ်တယ်....ဟုတ်တယ်'

'ကျုပ်တို့လဲ ကြိုးစားဖူးကြတာပဲ၊ နည်းလမ်းရှာဖို့ လို့ပြ'

ပုထင်းယီက ပြုံးလိုက်သည်။

'မှန်ပါတယ်ဗျာ၊ ကျုပ်က နည်းလမ်းအသစ်တစ်ခု ရှာဖွေတွေ့ရှိထားတာမို့ တိုင်ပင်ဖို့ မိတ်ဆွေတို့ကို ဖိတ်ကြားလိုက်တာပါ'

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ကျားရဲတိုက်ကို ကိုယ်စားပြုကာ တက်ရောက်လာသည့် ညာလက်ရုံးလိုလီက....

'ဘယ်လိုနည်းလမ်းလဲဗျ'

ဟု ထမေးလေသည်။

လိုလီသည် ကျဲပေါက်တစ်ကောင်ပမာ သန်မာထွားကျိုင်းသူ ဖြစ်လေသည်။

ကျားရဲတိုက်ပိုင်ရှင် လုံအိချီ၏ ညာလက်ရုံးကြီးမို့ သိုင်းလောကသားများ၏ ကြည်ညိုလေးစားမှု ခံရသူဖြစ်သည်။

ထို့အပြင် သိုင်းလောကၡ် သူ၏ အမည်တစ်ခု ရှိနေပါသေး၏။ မိုးကြိုးဓားလိုလီဟူ၍ ဖြစ်လေသည်။

ကြောင်စားပြဲများအား နှိမ်နင်းရာတွင် ကျားရဲတိုက်ကလည်း တက်ကြွစွာ ပါဝင်လာသဖြင့် သိုင်းလောကသားများအားတက်သရော ဖြစ်နေကြလေသည်။



လုံအိချီသည် အလွန်တရာ အရေးကြီးသော ကိစ္စများမှလွဲပြီး အခြားကိစ္စများကြောင့် ရဲတိုက်အပြင်သို့ ထွက်သည်မရှိပါ။ ရဲတိုက်ထဲ၌ပင် နေသူဖြစ်ရကား အပြင်ကိစ္စများကို လိုလီက ဒိုင်ခံဆောင်ရွက်ရလေသည်။

ယခု....

ဆွေးနွေးပွဲသို့ လိုလီ တက်ရောက်လာခြင်းကြောင့် အရေးပါသော ဆွေးနွေးမှုများ ဖြစ်ပေါ်လာလိမ့်မည်ဟု တက်ရောက်လာသူတိုင်းက ယုံကြည်ထားကြလေသည်။

လိုလီက မေးမြန်းလိုက်လျှင် ပုထင်းယီက....

'ဆောင်ချောက်ဆွဲတဲ့ နည်းလမ်းပါပဲ၊ အဖိုးတန်ပစ္စည်းတွေ သယ်လာတယ်လို့ သတင်းလွှင့်မယ်၊ ပြီးရင် လက်ရွေးစင်တွေကို မြင်းလှည်းတွေထဲမှာ ဝှက်ပြီးသွားကြမယ်၊ ကြောင်စားပြဲတွေက တကယ်မှတ်ပြီး လာတိုက်ကြရင် ကုန်ဆုံးပြီပေါ့ဗျာ'

သူ၏အကြံကို သုံးပုံနှစ်ပုံက ထောက်ခံကြလေသည်။

ကျန်တစ်ပုံကမူ....

'တည့်ကြက်လုပ်ရမယ့်လူတွေ အန္တရာယ်များတယ်'

'ကြောင်စားပြဲတွေ အင်အား ကောင်းတယ်ဆိုတာ မေ့ထားလို့မရဘူးဗျ'

'ပုန်းအောင်းပြီး လိုက်သွားတဲ့လူတွေက ဝိုင်းပြီး အတိုက် ခံရရင် ဘယ်လောက် ခံနိုင်မှာလဲ'

စသည် စသည်ဖြင့် အားနည်းချက်များကို ထောက်ပြကြလေသည်။

မုထင်းယီက....

'ကျုပ် စဉ်းစားပြီးပါပြီ၊ တည်ကြက်ကို လွှတ်လိုက်ပြီးတာနဲ့ ကျုပ်တို့က နောက်ယောက်ခံပြီး တိတ်တဆိတ်လိုက်သွားကြမယ်၊ တည်ကြက်က ရန်သူတွေတာနဲ့ အချက် ပေးလိုက်ရင် ကျုပ်တို့ အလုံးအရင်းနဲ့ ဝင်ပြီး ချေမှုန်းကြဘာပေါ့ ကိုင်း.... ဘယ့်နှယ်လဲဗျ'

ညီ့သည်များသည် တစ်ယောက်တစ်ပေါက် ပြောဆိုဆွေးနွေးကြကာ နောက်ဆုံး မုထင်းယီအစီအစဉ်ကို သဘောတူလိုက်ကြလေသည်။

ကျားရဲတိုက်မှ လိုလီကလည်းသဘောတူသည်။

'ကြောင်ဓားပြချေမှုန်းဖို့ အဖွဲ့အတွက် ကျုပ်တို့ကျားရဲတိုက်က လက်ရွေးစင်တစ်ရာလွှတ်ပေးပါ့မယ်'

မုထင်းယီ ဝမ်းသာသွားလေသည်။

'ကျားရဲတိုက်က ကူညီရင် ကျုပ် အကြံအစည်မအောင်မြင်စရာမရှိပါဘူးဗျာ'



ထိုအချိန်တွင် အိမ်ဖော်လုလင်တစ်ယောက် ရောက်လာပြီး မုထင်းယီအား တစ်စုံတစ်ခု တိုးတိုးပြောလေသည်။

မုထင်းယီက ...

'မိတ်ဆွေတို့ တိုင်ပင်ဆွေးနွေးနေကြပါဦး'

ဟုညီ့သည်များအားပြောကာ အိမ်ဖော်လုလင်နောက်သို့ လိုက်သွားလေသည်။ ညီ့သည် ခန်းမဆောင် အပြင်ဘက် ရောက်လျှင်....

'ဘယ်က လူငယ်လဲကွ'

ဟု မကျေမနပ်မေးလိုက်၏။

အိမ်ဖော်လုလင် မျက်နှာပျက်နေ၏။

'ကျွန်တော် မသိပါဘူး'

'ငါတို့ ဆွေးနွေးတိုင်ပင်နေတာကို မင်းမသိဘူးလား၊ မတွေ့နိုင်ဘူး ပြောပြီး မောင်းထုတ်ပစ်လိုက်ပါလား'

'ကျွန်တော် မောင်းထုတ်ပါတယ် သခင်ကြီး၊ ဒါပေမယ့် သူကထွက်မသွားဘဲ သခင်ကြီးနဲ့ တွေ့ရမှဖြစ်မယ်လို့ တွင်တွင်ပြောနေပါတယ်'

'တောက်....တော်တော်ရှုပ်တဲ့ကောင်'

မုထင်းယီ ဒေါကြီးမောကြီး လျှောက်လာခဲ့ရာ အိမ်အပြင်ဘက်သို့ ရောက်လာခဲ့လေသည်။

အိမ်ရှေ့၌ လူငယ်တစ်ယောက် မလှုပ်မယှက် ရပ်နေသည်ကို တွေ့မြင်ရလေသည်။

အိမ်ဖော်လုလင်က....

'သူပါပဲသခင်ကြီး'

ဟု လက်ညှိုးထိုးကာ ပြောလေသည်။

မုထင်းယီက....

'ဒီမှာသူငယ်၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေပါတယ်၊ ဒါကြောင့် လာပြီး မနှောင့်ယှက်ချင်စမ်းပါနဲ့၊ မြန်မြန် ထွက်သွားပါ'

ဟု မောင်းထုတ်လိုက်လေသည်။

လူငယ် မည်သူမည်ဝါဖြစ်သည်ကိုလည်းကောင်း၊ မည်သည့်ကိစ္စဖြင့် လာသည်ကိုလည်းကောင်း စိတ်လည်း မဝင်စားပါ၊ မေးလည်းမမေးပါ။

လူငယ်က....

'ကျွန်တော် မသွားနိုင်ပါဘူး'

ဟု ခပ်တည်တည် ပြန်ပြောလေသည်။

ပမာမခန့်ရှိသည့် လူငယ်၏အသွင်ကြောင့် မုထင်းယီ ဒေါသပွသွားလေသည်။

'ဘာကွ'



လူငယ်က....

'ကျွန်တော်က ဦးနဲ့ယှဉ်ပြိုင်ဖို့ လာခဲ့တာပါ၊ ဒါကြောင့် မယှဉ်ရသေးဘဲ ပြန်မသွားနိုင်ပါဘူး'

'ဟေ....'

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် မုထင်းယီ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

လူငယ်ကို မျက်လုံးကြီးပြူးကာ ကြည့်ရင်း....

'ငါနဲ့ယှဉ်ပြိုင်ဖို့ ဟုတ်လား'

ဟု မေးလိုက်သည်။

လူငယ် ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

'နေပါဦး၊ မင်းကဘယ်သူလဲ၊ ဘာကြောင့် ငါနဲ့ယှဉ်ပြိုင်ချင်ရတာလဲ'

ယခုမှ လူငယ်၏ လာရင်းကိစ္စကို မေးဖြစ်လိုက်လေသည်။

လူငယ်က....

'ဦးဟာ နာမည်ကြီး သိုင်းသမားတစ်ယောက်မို့ ဦးရဲ့ပညာကို လေ့လာဆည်းပူးချင်လို့ပါ'

စကားက ရှိုးသော်လည်း မည်သူသာသည်ကို သိလိုပါသည် ဟူသော အဓိပ္ပာယ်ဆောင်နေ၏။

'ကျွန်တော့်နာမည် ကျန်းရှောင်အင်းပါ'

မုထင်းယီသည် ကျန်းရှောင်အင်း၏ အမည်ကို မကြားဖူးပါ။

'မင်းရှူးနေပြီလား'

ဟု စိတ်ပျက်စွာ မေးလိုက်၏။

ကျန်းရှောင်အင်းက....

'မရှူးပါဘူး'

'ဒါဖြင့် သေချင်လို့ပေါ့'

ကျန်းရှောင်အင်း၏မျက်နှာတွင် သရော်ပြုံးတစ်ခု ပေါ်လွင်လာလေသည်။

'ကျွန်တော် ဘယ်နည်းနဲ့မှ မသေနိုင်ဘူးဆိုတာ သေချာပါတယ်'

မုထင်းယီသည် ကျန်းရှောင်အင်းကို ကြည့်ရင်း စိတ်ထဲ ခပ်ချဉ်ချဉ်ရှိလာသဖြင့်....

'မင်းက ငါ့ဆီကပညာကို လေ့လာဆည်းပူးချင်တာ အမှန်ပဲနော်'



'ဟုတ်ပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ မြို့ပြင်သစ်ပင်းမှာ သွားစောင့်နေ၊ နေဝင်ခါနီးအချိန် ငါလာခဲ့မယ်'

ကျန်းရှောင်အင်း ကျေနပ်သွားသည်။

'ကောင်းပါပြီခင်ဗျာ'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

မုထင်းယီက....

'အလိုက်ကမ်းဆိုးမသိတဲ့ မသာကောင်လေးပဲ'

ဟု အမှနာပစကား ပြောလိုက်သည်။ အိမ်ဖော်လုလင်က...

'ဟုတ်တယ်နော် သူက....'

မျက်နှာလိုမျက်နှာရ ထောက်ခံပြောဖို့ ဟန်ပြင်နေစဉ်...

'တိတ်စမ်း'

မုထင်းယီက ငေါက်လိုက်သဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းစ ပြုနေပြီ ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်သမ်းနေ၏။

အသံစာစာပေးကာ ငှက်ကလေးများသည် အုပ်စုဖွဲ့၍ ပျံသန်း သွားကြသည်။

တစ်နေ့တာ အချိန်ကုန်ဆုံးတော့မည် ဖြစ်ပေသည်။

ချန်အန်းမြို့ကား ညနေဆည်းဆာအချိန် ရောက်သည့်တိုင် စည်ကားသိုက်မြိုက်နေဆဲ။

မုထင်းယီသည် သုန်မှုန်သော မျက်နှာထားဖြင့် မြို့ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။

နေ့လယ်ပိုင်းက လူငယ်တစ်ယောက်သည် သူ့အား လာရောက် နှောင့်ယှက်သွားသည် မဟုတ်ပါလား။

သိုင်းလောကသားများနှင့် ဆွေးနွေးပွဲ ရှိနေခြင်းကြောင့် ဂရုမစိုက်အားဘဲ ထွက်သွားလျှင် ပြီးရောဟု သဘောပိုက်ကာ မြို့ပြင်သင်္ချိုင်းတွင် စောင့်နေရန် ပြောခဲ့သည်။

ထို့နောက် မိတ်ဆွေများနှင့် ဆက်လက် ဆွေးနွေးရင်း လူငယ်ကို သတိမေ့သွား၏။

ညနေမစောင်းမီ ဆွေးနွေးပွဲပြီးဆုံးကာ ဧည့်သည်များ အလျိုအလျို ပြန်သွားကြပါသည်။



မုထင်းယီလည်း ပင်ပန်းခဲ့သမျှ အတိုးချကာ အနားယူရန် ဟန်ပြင်၏။ ဤတွင် အိမ်ဖော်လုလင် ရောက်လာကာ ယနေ့ ညနေတွင် လူငယ်နှင့် အချိန်းအချက် ရှိခဲ့သည်ကို ပြောလေသည်။

မုထင်းယီ သတိရလာသည်။

သို့သော်....

လူငယ်ကို အထင်မကြီးသဖြင့် သူပြောသလို သင်္ချိုင်းမြေတွင် စောင့်နေခြင်းရှိမရှိ အိမ်ဖော်လုလင်ကိုပင်လွှတ်ကာ စုံစမ်းခိုင်းလိုက်လေသည်။

အိမ်ဖော်လုလင် ပြန်ရောက်လာသောအခါ လူငယ်သည် သင်္ချိုင်းမြေ၌ စောင့်ဆိုင်းလျက်ရှိကြောင်း သိရ၏။

မုထင်းယီလည်း ဒေါသဖြစ်သွားကာ ဓားဆွဲပြီး ထွက်လာခဲ့လေသည်။

* * *

သင်္ချိုင်းမြေတွင် မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေပါသည်။

ဆည်းဆာရောင်ခြည်ကြောင့် မြေပုံ မှတ် တိုင် များ သည် လည်းကောင်း၊ သစ်ပင်ချုံနွယ်များသည် လည်းကောင်း ရှည်မျှောမျှောအရိပ်ကြီးများ ထိုးကျနေ၏။

လွှမ်းမောဖွယ် ကောင်းသလို သံဝေဂရစရာ ကောင်းသော နေရာဖြစ်ပါသည်။

ဆင်းရဲချမ်းသာမရွေး ရာထူးဂုဏ်ရှိန်မရွေး ယောကျ်ား မိန်းမမရွေး ကြီးသည် ငယ်သည်မရွေး သင်္ခါရတရားကို မလွန်ဆန်နိုင်ဘဲ သေဆုံးခြင်းသို့ ရောက်ရသည် မဟုတ်ပါလား။

မုထင်းယီသည် သင်္ချိုင်းမြေထဲလှမ်းဝင်လိုက်ပြီး ကျက်သရေမရှိဟု တွေးမိလိုက်ပြီး ခြေလှမ်း တုံ့ခနဲ ရပ်သွားလေသည်။

'ငါ ဘာကြောင့်များ သင်္ချိုင်းထဲမှာ ချိန်းမိလိုက်တာပါလိမ့်'

ဟုလည်း တွေးမိလိုက်၏။

အမှန်တော့ နေ့လယ်က လာရှုပ်ကောင်းလားဟု ဒေါသဖြစ်ဖြစ်နှင့် ချိန်းလိုက်မိခြင်း ဖြစ်သည်။

လူငယ်ကို တစ်ခါတည်း သုတ်သင်ပြီး မြေမြှုပ်ပေးလိုက်ခြင်းဖြင့် ကိစ္စပြတ်သွားမည် ဖြစ်ပေသည်။

ထိုအတွေးနှင့် ချိန်းကိုက်ခြင်းဖြစ်ပြီးမှ သင်္ချိုင်းမြေသည် မင်္ဂလာမရှိသည့်နေရာ အတိတ်နိမိတ်မကောင်းသည့် နေရာဟု တွေးမိလာပြန်လေသည်။

မုထင်းယီ နှေးကွေး လေးလံသော ခြေလှမ်းများဖြင့် လှမ်းလာရင်း သင်္ချိုင်းမြေအတွင်းဘက်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေသည်။



အေးစိမ့်သော လေတစ်ချက် ဝေ့ယမ်း တိုက်ခတ်လာလေသည်။

'ဂစ်'

ငှက်တစ်ကောင်သည် မုထင်းယီ၏ ဦးခေါင်းပေါ်မှ ဖြတ်ပျံသွား၏။

မုထင်းယီ ဒေါပွသွားပြီး လက်ကို လှုပ်ရှားလိုက်လျှင် ဝင်းလက်သော အလင်းရောင်တစ်ချက် ထွက်ပေါ်လာကာ...

'ဖုတ်'

ငှက်သည် နှစ်ပိုင်းပြတ်ပြီး မြေပေါ် ပြုတ်ကျလာလေတော့သည်။

ရုတ်တရက်...

'ကောင်းလိုက်တဲ့ ဓားကွက်'

ချီးကျူးသံ ထွက်ပေါ်လာ၏။

မုထင်းယီ လှမ်းကြည့်လိုက်သောအခါ အုတ်ဂူများကြား၌ ထိုင်နေသော လူငယ်ကို တွေ့လိုက်ရလေသည်။

* * *

ကျန်းရှောင်အင်းသည် အုတ်ဂူတစ်လုံးပေါ်၌ တင်ပျဉ်ခွေကာ ထိုင်နေ၏။

မုထင်းယီအား စောင့်ဆိုင်းနေခဲ့ရသည့်အချိန်တွင် အတွင်းအား လေ့ကျင့်နေခဲ့ပုံ ရလေသည်။

ယခု...

မုထင်းယီ ရောက်လာပြီဖြစ်ရာ ထိုင်ရာမှ ထလာပြီ ဖြစ်လေသည်။

မုထင်းယီသည် အမင်္ဂလာမရှိဟု ခံစားနေရသည့်ကြားထဲ ခေါင်းပေါ်မှ မြေဝပ်ငှက်တစ်ကောင် ကျော်ဖြတ်သွားသော အခါ ဒေါသဖြစ်ကာ ဓားဆွဲထုတ်ပြီး ခုတ်ချပစ်လိုက်ခြင်း ဖြစ်သည်။

ဓားကို ဆွဲထုတ်ခုတ်ချလိုက်ပြီး ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းပြီးလိုက်ချိန်၌ ကျန်းရှောင်အင်းကို တွေ့လိုက်ရခြင်းလည်း ဖြစ်လေသည်။

မုထင်းယီက ကျန်းရှောင်အင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးနောက်....

'ခုနေ အချိန်ရှိသေးတယ်'

ဟု ပြောလိုက်လေသည်။

ယှဉ်ပြိုင်ခြင်းမပြုဘဲ နောက်ဆုတ်လိုက ဆုတ်နိုင်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်လေသည်။



ကျန်းရှောင်အင်းက....

'ကျွန်တော် လှမ်းပြီးသားခြေလှမ်းကို ဘယ်တော့မှ နောက်ပြန်မဆုတ်ပါဘူး'

'ဒါဖြင့် မင်းက ငါနဲ့ ယှဉ်မယ်ပေါ့'

'ဟုတ်ပါတယ်'

မုထင်းယီက....

'ဓားပညာ ယှဉ်ပြိုင်တယ်ဆိုတာ အခန့်မသင့်ရင် အသက်အန္တရာယ် ထိခိုက်နိုင်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား'

'သိပါတယ်'

ကျန်းရှောင်အင်းက သိလျက်ယှဉ်လိုသည်မှာ အသက်သေရမည်ကို မကြောက်ဟု ပြောလိုက်ခြင်းနှင့် အတူတူပင် ဖြစ်လေသည်။

မုထင်းယီ နှာခေါင်းရှုံ့လိုက်သည်။

'ကောင်းပြီလေ၊ မင်းသိတယ်ဆိုရင် ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ ယှဉ်ပြိုင်ကြတာပေါ့၊ ဦးက စမလား ကျွန်တော်စရမလား'

မုထင်းယီသည် ကျန်းရှောင်အင်းအား စတိုက်ပါဟု ပြောမည် ပြုပြီးမှ တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်....

'နေဦး'

ဟု ဟန့်တားလိုက်သည်။

ကျန်းရှောင်အင်းက ...

'ဦး ဘာပြောချင်လို့လဲဗျာ'

'တို့နှစ်ယောက် ယှဉ်တွဲနေရာမှာ တကယ်လို့ မင်းတစ်စုံတစ်ခု ဖြစ်သွားရင် ကျုပ်က ဘယ်သူ့ကို အကြောင်းကြားပေးရမလဲ၊ မင်း ဘာမှာခဲ့ချင်သလဲ'

သူ၏ အမေးစကားကြောင့် ကျန်းရှောင်အင်း ပြုံးလိုက်သည်။

'ဘာမှ မှာစရာမရှိပါဘူး၊ ဒီနေရာဟာ အကောင်းဆုံး နေရာ တစ်ခုပဲ မဟုတ်လားဗျာ'

မုထင်းယီ သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ မင်းက လူငယ်ဆိုတော့ အခွင့်အရေး ပေးရမှာပေါ့၊ ကဲ မင်းပဲစပြီးတိုက်ပါ'

ကျန်းရှောင်အင်းက....

'ဦး သတိထားပါ'

စကားဆုံးလျှင် ခါးမှဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

* * *



မုထင်းယီသည် အသက် ဆယ့်ခြောက်နှစ်သားမှ စကာ သိုင်းလောကသို့ ခြေချလာခဲ့သူဖြစ်သည်။

အသက်နှစ်ဆယ်တွင် ဝူတန်းဂိုဏ်းချုပ်က သဘောကျသဖြင့် ခေါ်ယူကာ ဓားပညာ သင်ကြားပေးခဲ့သည်။

ဆယ့်ငါးနှစ်လုံးလုံး ဓားပညာကို အပတ်တကုပ် လေ့ကျင့် ပြီးနောက် ဝူတန်းဂိုဏ်းချုပ်၏ ခွင့်ပြုချက်ရယူကာ သိုင်းလောက သို့ ပြန်လည်ခြေချခဲ့သည်။

တတ်မြောက်ထားသောဓားပညာဖြင့် သိုင်းလောကအကျိုး အများအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် သိုင်းလောက၌ ထင်ရှားပြီး လူအများ၏ ကြည်ညိုလေးစားမှု ခံယူရရှိခဲ့လေသည်။

မုထင်းယီသည် သူ၏ ဘဝတစ်လျှောက်တွင် ကျန်းရှောင် အင်းကဲ့သို့ ပညာလာပြိုင်သော လူငယ်လူရွယ် အတော်များများ နှင့် ကြုံတွေ့ခဲ့ရဖူးသဖြင့် မည်သို့ ရင်ဆိုင်ရမည်ဆိုသည်ကို နားလည် သဘောပေါက်ထားပြီး ဖြစ်လေသည်။

လူငယ်များကို ဦးစားပေးကာ တိုက်ခိုက်စေပြီး သူတို့၏ တိုက်ကွက်များကို ပထမ ရှောင်တိမ်းပြမည်။ ဒုတိယ ချေဖျက် ပြမည်။ တတိယ အနိုင်ယူပြမည် စသည့် အဆင့်သုံးဆင့်ဖြင့် သူ့အား ဦးညွတ်သွားစေခဲ့သည်ချည်း ဖြစ်ပါသည်။

ကျန်းရှောင်အင်းက စိန်ခေါ်လာသော အခါ၌လည်း ထုံးစံအတိုင်း အဆင့်သုံးဆင့် ခွဲကာ ပညာပြပြီး မိမိအပေါ် ရှိသေဝပ်တွားလာစေရမည်ဟု ဆုံးဖြတ်ထားလေသည်။

ကျန်းရှောင်အင်းက ဓားဆွဲထုတ်ပြီး ခုန်ချလာသောအခါ ဘန္ဓာကိုယ်ယိမ်းနွဲ့ပြီး ရှောင်တိမ်းရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ကျန်းရှောင်အင်း၏ဓားသည် သူရှောင်တိမ်းမည့် ဘက်သို့ ရွေ့လျား ပိတ်ဆို့လာသည်ကို တွေ့မြင်ရသဖြင့် ရင်ထိတ်သွားလေသည်။

ကျန်းရှောင်အင်းက သိုင်းကွက်ပြောင်းလဲလိုက်ခြင်း မဟုတ်ပါ။ စတင် တိုက်ခိုက်လိုက်သော ဓားကွက်သည် ပုံသဏ္ဌာန် အမျိုးမျိုး ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

မုထင်းယီ ရင်ထိတ်သွားသည်။

ကျန်းရှောင်အင်းသည် သူတွေ့ခဲ့ဖူးသော လူငယ်များနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားနေသည်ကို ချက်ချင်း ရိပ်မိလိုက်၏။

ကျန်းရှောင်အင်း၏ ဓားချက်ကို ရှောင်ရှားနေခြင်းသည် အန္တရာယ်အား ဖိတ်ခေါ်ခြင်း ဖြစ်ကြောင်းလည်း နားလည် သဘောပေါက်သွား၏။

ထို့ကြောင့်....

'ယား'

ညာသံပေးကာ ခါးမှဓားကို ဆွဲထုတ်ပြီး ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ဓားနှစ်လက် အရှိန်ပြင်းစွာ ထိတွေ့မိလိုက်လေသည်။



'ခြွမ်း'

မီးပွင့်ကလေးများ ထွက်ပေါ်လာသည်။

မုထင်းယီ၏ဓား ထက်ပိုင်းကျိုးသွားသည်။

ကျန်းရှောင်အင်း၏ဓားသည် မုထင်းယီ၏ဓားကို ခုတ်ဖြတ် ပစ်လိုက်ပြီးနောက် မုထင်းယီ၏ရင်ဝသို့ ဆက်၍ တိုးဝင်လာ လေသည်။

'အား'

မုထင်းယီ အထိတ်တလန့် အော်လိုက်လေသည်။

သို့သော်....

ဝင်းလက်တောက်ပသော ဓားရောင်များသည် ရုတ်ခြည်း ကွယ်ပျောက်သွားသည်။

ကျန်းရှောင်အင်း၏ ဓားသည် ခါးမှ ဓားအိမ်ထဲသို့ ပြန်လည် ရောက်ရှိသွား၏။

မုထင်းယီ အလီးဝယိုင်ဖြင့် နောက်ဆုတ်သွားသည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ စို့ရွှဲနေလေသည်။

ကျန်းရှောင်အင်းကိုလည်း မယုံကြည်နိုင်စွာဖြင့် ကြည့်နေ မိ၏။

'မင်း....မင်း'

ကျန်းရှောင်အင်းက....

'ဦး ရှုံးသွားပြီ'

ဟု ပြောလိုက်လေသည်။

မုထင်းယီ ခေါင်းငိုက် စိုက်ကျသွားလေသည်။

ကျန်းရှောင်အင်းသည် လုပ်စရာရှိသည်ကို လုပ်ခဲ့ပြီး ပြောစရာရှိသည်ကို ပြောခဲ့ပြီးဖြစ်၍ မုထင်းယီအား ကျောခိုင်းကာ ထွက်သွားလေသည်။

မုထင်းယီ သတိ ဝင်လာသောအခါ အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးသွားပြီ ဖြစ်သည်။

အမှောင်ထုအားကောင်းလာသဖြင့် ချန်အန်းမြို့မှ **အိမ်တိုင်း** အိမ်တိုင်းလိုလို မီးထွန်းညှိထားလိုက်ကြပြီ ဖြစ်လေသည်။

မြို့လယ်ပိုင်းနှင့် အစွန်ကကျသော လမ်းများပေါ်တွင် လူစည်ကားနေဆဲ ဖြစ်သည်။

သို့သော်....

မြို့ပြင်သုသာန်သို့သွားသော လမ်းကြားလေးထဲ၌မူ လူရှင်းနေသလို အမှောင်ရိပ် ကျနေပါ၏။



မုထင်းယီသည် ခေါင်းငိုက်စိုက်ချကာ နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း လှမ်းလာခဲ့လေသည်။

သူ၏ခန္ဓာကိုယ်သည် အရက်မူးသမားများကဲ့သို့ ဒယိမ်း ဒယိုင် ဖြစ်နေပါသည်။

သူ၏မျက်လုံးများ ရီဝေနေပြီး ရောဂါဝေဒနာဆိုးတစ်ခု ခံစားနေရသည့် အသွင်မျိုးလည်း ရှိနေသည်။

သူသည် ကျန်းရှောင်အင်းအား ရှုမလှ ရှုံးခဲ့ရပြီဖြစ်သည်။ ထို့ကြောင့် အိမ်သို့ပင် မပြန်လိုတော့ပါ။

သူ၏ဘဝတွင် မမျှော်လင့်ဘဲ ရှုံးနိမ့်မှုနှင့် ကြုံတွေ့လိုက်ရခြင်းကြောင့် ဖြေမဆည်နိုင်အောင် ဖြစ်နေရပါသည်။

ကျန်းရှောင်အင်းကသာ ဓားချက်ကို အချိန်မီ ရုပ်သိမ်းနိုင်ခြင်း မရှိခဲ့ပါလျှင်- အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲရလိမ့်မည် ဖြစ်ပေသည်။

နေ့လယ်ပိုင်းအချိန်ကပင် သိုင်းလောကအား ဒုက္ခပေးနေသည့် ကြောင်ဓားပြများအား ချေမှုန်းရေး ဆွေးနွေးပွဲတွင် ခေါင်းဆောင်နိုင်ခဲ့ပြီးညပိုင်းအချိန်ရောက်သောအခါ အဓိပ္ပာယ်ကင်းမဲ့သူတစ်ယောက်အဖြစ် ပြောင်းလဲသွားရပြီတည်း။

ရှေ့ဆက်ပြီး သိုင်းလောက၌ ဝင့်ကြွားစွာ ရပ်တည်နေနိုင်ရန် ဆိုသည်မှာ....

မုထင်းယီ၏ခြေလှမ်းများ ပို၍ နှေးကွေးသွား၏။

ထိုအချိန်မှာပင်....

'ဂလုံ'

'ညောင်'

အိမ်တစ်လုံး၏ အနောက်ဘက်မှ ကြောင်တစ်ကောင် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

ကြောင်သည် မုထင်းယီရှေ့မှ ဖြတ်ပြေးသွားသည်။

သူတစ်ပါးအိမ် မီးဖိုချောင်သို့ဝင်လာရင်း ခိုးစားသော ကြောင်ဘစ်ကောင်ပင်။

'ကြောင်ယုတ် ကြောင်သူ....'

ကြောင်သူခိုးဟု အော်လိုက်မည်ပြုပြီးမှ ကြောင်ဓားပြဆိုသော စကားလုံးကို သတိရလာသဖြင့် ဆက်ပြီး မအော်ဖြစ်ဘဲ ရပ်သွားလေသည်။

ကြောင်မှာ အမှောင်ရိပ်ထဲ ပြေးဝင်ကွယ်ပျောက်သွား၏။ မုထင်းယီက ရှေ့ဆက်လှမ်းသွားရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် အမှောင်ရိပ်ထဲမှ ကြောင်တစ်ကောင် ထွက်ပေါ်လာလေသည်။ မုထင်းယီ ခြေလှမ်းတုံ့ခနဲရပ်သွား၏။

တဖြည်းဖြည်း ရွှေ့လျားလာနေသည့် ကြောင်ကိုကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

အကြောင်းမှာ....



ထွက်ပေါ်လာသော ကြောင်မှာ သတ္တဝါ ကြောင် တစ်ကောင် မဟုတ်ပါ။ ကြောင်ခေါင်းမျက်နှာဖုံး စွပ်ထားသူ တစ်ယောက်သာလျှင် ဖြစ်လေသည်။

'ကြောင်ဓားပြ'

မုထင်းယီ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

* * *

ကြောင်ဓားပြ....

ကြောင်ဓားပြတစ်ယောက်သည် မုထင်းယီရှေ့သို့ ရောက်ရှိလာလေသည်။ မုထင်းယီ အံကြိတ်လိုက်သည်။

'မင်းတို့က ချန်အန်းမြို့လို နေရာမျိုးမှာတောင် လာပြီး သောင်းကျန်းဝံ့သလား'

ကြောင်ဓားပြထံမှ ခပ်အုပ်အုပ်ရယ်မောသံ ထွက်ပေါ်လာလေသည်။

'ချန်အန်းမြို့က ဘာမို့လဲ'

'ဘာကွ'

'ကျုပ်တို့ဟာ တောထဲတောင်ထဲမှာပဲ ကျင်လည်ကျက်စားနေဝံ့တယ်လို့ ခင်ဗျားထင်သလား'

မုထင်းယီ နှာခေါင်းရှုံ့လိုက်သည်။

'မင်းတို့ ဘယ်လောက်များ သတ္တိရှိလို့လဲ'

'အခု ခင်ဗျားမျက်မြင်ပဲလေ'

'ဘာ'

မုထင်းယီ စိတ်လှုပ်ရှားသွားသည်။

ကြောင်ခေါးပြုများသည် မျက်နှာမဖော်ဝံ့သူများ ဖြစ်ကြသလို ပုန်းလျှိုးကွယ်လျှိုးနေရသူများဟု နားလည်ထားခဲ့ပါ၏။

ယခုတော့ ချန်အန်းမြို့ပေါ်သို့ပင် တက်လာချေပြီ။

ကြောင်ခေါးပြုက....

'ကျုပ်တို့ဟာ သိုင်းလောကရဲ့ ဘယ်နေရာမှာမဆို လှုပ်ရှားနိုင်တယ်ဆိုတာ မကြာခင် အားလုံးသိရလိမ့်မယ်၊ ခင်ဗျားကတော့ ကျုပ်တို့ကို ထောင်ချောက်ဆင်ပြီး ဒုက္ခပေးဖို့ ကြံစည်နေတဲ့ နေရာမှာ ဦးဆောင်တဲ့အတွက် အရင်ဆုံးသိရမယ်လေ'

'ဟင်'

မုထင်းယီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သူ၏ အိမ်ဂေဟာ၌ ပြုလုပ်ခဲ့သော ဆွေးနွေးပွဲအကြောင်းကို ကြောင်ခေါးပြုများ မည်သို့ သိရှိသွားကြပါသနည်း။

တစ်စုံတစ်ခု မှားယွင်းနေပြီဟု နားလည်လာလေသည်။



ထိုအချိန်တွင်....

ကြောင်ခေါးပြုက....

'ခင်ဗျားရဲ့ အကြံအစည်က ခင်ဗျားရဲ့သေမင်းဖြစ်သွားတာပဲဗျ'

ဟု ပြောကာ လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

မသဲမကွဲ အလင်းရောင် အောက်တွင် ဝင်းလက်တောက်ပသော ဓားရောင် ထွက်ပေါ်လာလေသည်။

ကြောင်ခေါးပြုလက်ထဲ၌ လခြမ်းသဏ္ဌာန် ဓားကွေးတစ်လက်ကိုင်ဆောင်ထားလေသည်။

လခြမ်းဓားသည် မုထင်းယီ၏ ရင်ဝသို့ ဝေ့ကာဝိုက်ကာ တိုးဝင်လာလေသည်။ မုထင်းယီ အံကြိတ်လိုက်သည်။

'ငါက ကြောက်နေရဦးမှာလား'

ချက်ချင်းပင် ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။

ကြောင်ခေါးပြု ဓားချက်ကို ရှောင်ဖယ်ကာ ပြန်လည်ခုတ်ချပစ်မည်ဟု ကြံရွယ်ထား၏။

သို့သော်....

'ဟိုက်'

မုတင်းယီ လွှတ်ခနဲအော်လိုက်မိလေသည်။

အကြောင်းမှာ သူ၏ခါး၌ ဓားအိမ်သာ ရှိပြီး ဓားမရှိဘဲ ဟောင်းလောင်း ဖြစ်နေခြင်းကြောင့်တည်း။

သူ၏ ဓားသည် ကျန်ရှောင်အင်းနှင့် ရင်ဆိုင်ခဲ့စဉ်က ထက်ပိုင်းကျိုးသွားခဲ့သည် မဟုတ်ပါလား။

လက်ထဲ ကျန်နေသော ဓါးကျိုးတစ်ပိုင်းကိုလည်း သချိုင်းထဲ၌ လွှင့်ပစ်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ကြောင်ဓားပြနှင့် ရင်ဆိုင်ဖို့ ဟန်ပြင်လိုက်သော်လည်း ကြံစည်စိတ်ကူးသလို ဖြစ်မလာနိုင်တော့ပါ။

မုထင်းယီ အထိတ်တလန့်ဖြစ်သွားသည့် တဒင်္ဂအချိန်လေးအတွင်းမှာပင် လခြမ်းဓားသည် သူ၏ရင်ဝသို့ တိုးဝင်သွားလေတော့သည်။

'အား'

မုထင်းယီ၏ စူးရှသော အော်ဟစ်သံသည် ညဉ့်ယံကို ထိုးဖောက် ထွက်ပေါ်လာ၏။

သူ၏ခန္ဓာကိုယ်ကြီး တအိအိပြိုလဲကျသွားချိန်မှာပင် ကြောင်ဓားပြသည် တစ်ဝိုဘစ်ခုအား မလှမ်းမကမ်းသို့ လွှင့်ပစ်လိုက်ပြီး အမှောင်ရိပ်ထဲ ခုန်ဝင်ကွယ်ပျောက် သွားလေတော့သည်။

သိမ်းငှက်သိုက်သို့ အသွား

မြစ်ရေတသွင်သွင် စီးဆင်းနေသည်။

မြစ်ထဲ၌ လှေသမ္ဗန်များ စုန်ချည်ဆန်ချည် သွားလာနေပါသည်။

ရေကြောင်း ခရီးသည် ကုန်ပစ္စည်းများ ပို့ဆောင်ရာ၌ တွင်ကျယ်သည့် လမ်းခရီးမဟုတ်ပါလား။

ကုန်ပစ္စည်းများကို ရေလမ်းဖြင့် မြစ်ချောင်း အင်းအိုင်များဆီမှ သယ်ဆောင်လာကြပြီး ရပ်ဝေးသို့ ပို့ဆောင်ကာ ရောင်းဝယ် ဖောက်ကားမှု ပြုကြခြင်းကြောင့် အဓိကကျသော ဆိပ်ကမ်း မြို့များသည်အရေးပါလာလေသည်။

ရေဖြူ ဆိပ်ကမ်းသည် အဓိကကျသော ဆိပ်ကမ်းတစ်ခု ဖြစ်ပြီး မြို့ကြီးတစ်မြို့၏ တံခါးပေါက်ဟုလည်း ဆိုနိုင်ပေသည်။

ယနေ့....

ရေဖြူ ဆိပ်ကမ်း၌ ဆိုက်ကပ်လာသော ရွက်လှေကြီးတစ်စီး ပေါ်မှ လူငယ်တစ်ယောက်နှင့် ချောမောလှပသောမိန်းကလေး တစ်ယောက်တို့ ဆင်းလာကြလေသည်။

သူတို့ နှစ်ယောက်သည် ခရီးဆောင် ဝန်စည်စလှယ်များ ပါလာခြင်း မရှိသည့်အတွက် ခရီးသွားများတွင် ထူးခြားနေသူ များဟု ဆိုနိုင်ပေသည်။

အမှန်တော့ ထိုလူငယ်နှင့် မိန်းကလေးမှာ သုကျင်းသက်နှင့် ဝမ်းကျိသန်းတို့ ဖြစ်ကြပေသည်။

သူတို့သည် သိမ်းငှက်ငွေတိုက်သို့ သွားရန် ခရီးထွက်လာကြ ခြင်း ဖြစ်သည်။

သုကျင်းသက်တွင် ကျောပိုးအိတ် တစ်လုံး ပါသော်လည်း ဝမ်းကျိသန်းမှာ အဝတ်အထည် ကိုယ်တစ်ခု ဖြစ်လေသည်။

သူတို့အတွက် ခရီးဆောင်ပစ္စည်းများသည် အဓိကမဟုတ်ဘဲ ကြောင်ခေါင်းပြများအား ဖော်ထုတ်နိုင်ရေးသည် ပဓာန ကျ နေသည် မဟုတ်ပါလား။



သိမ်းငှက်ငွေတိုက်သို့ ရောက်လျှင် ကြောင်ခေါင်းပြ များနှင့် ပတ်သက်ပြီး သဲလွန်စရနိုင်သည်ဟု ယုံကြည်ထားကြလေသည်။

သူတို့နှစ်ယောက် ဆိပ်ကမ်းမှတစ်ဆင့် မြို့ထဲဝင်လာခဲ့ကြလေ သည်။ ဆိပ်ကမ်းမြို့ဖြစ်သည်နှင့်အညီ ဈေးသည်များ ကုန်သည် ပွဲစားများဖြင့် စည်ကားသိုက်မြိုက်နေပါသည်။

နေရာတိုင်းတွင် ကုန်စည်ပစ္စည်းများ စုပုံထပ်ပိုးထားသည် ကို တွေ့ရ၏။

ဈေးသည်များက ဈေးခေါ်နေကြပြီး၊ အထမ်းသမားများ က ထမ်းပိုးရင်း ဘေးကို ဘေးကိုဟု အော်ကာ အပြေးသွား နေကြ၏။

လက်တွန်းလှည်းများ၊ မြင်းလှည်းများသည် လက်ညှိုးထိုး မလွဲတွေ့နေရ၏။

ပျားပန်းခတ်မျှ လှုပ်ရှားသွားလာ နေကြပုံကို ကြည့်ကာ ဝမ်းကျိလန်းမှာ ခေါင်းမူးလာတော့သည်။

'ကျွန်မတော့ ဒီမြို့မှာ ကြာကြာနေရရင် အသက်တိုမှာပဲ' ဟု ညည်းလိုက်မိလေသည်။

သုကျင်းသက် ပြုံးလိုက်သည်။

'နေသားကျသွားတော့လဲ ဘာမှ မထူးဆန်းတော့ပါဘူး ဗျာ၊ ကဲ... ဟိုရှေ့ကဆိုင်ထဲ ခဏဝင်နားကြရအောင်'

'ကောင်းတာပေါ့ရှင်'

နှစ်ယောက်သား ဆိတ်သားစွပ်ပြုတ် သက်သက်ရောင်းချသော ဆိုင်တစ်ဆိုင်ထဲဝင်ကာ ထိုင်လိုက်ကြသည်။

စွပ်ပြုတ်နှစ်ခွက် မှာသောက်လိုက်ကြလေသည်။

ဝမ်းကျီလန်းသည် စွပ်ပြုတ်တစ်ပန်းကန်မကုန်မီ တော်လိုက်သည်။

သူကျင်းသက်က....

'ခင်ဗျား တော်ပြီလား'

'ဟုတ်တယ်၊ ကျွန်မသိပ်မကြိုက်ဘူးရှင်'

'ဟဲ....ဟဲ ကျုပ်ကတော့ကြိုက်တယ်'

အမှန်ပင် သူကျင်းသက်သည် စွပ်ပြုတ် သုံးပန်းကန်အထိ သောက်လိုက်လေသည်။

အားရပါးရသောက်ပြီးမှ....

'ကျုပ်ငယ်ငယ်ကဆိုရင် သုံးနှစ်လုံးလုံးစွပ်ပြုတ်သောက်ခဲ့ရဖူးတယ်၊ အသားမပါတဲ့ အရိုးစွပ်ပြုတ်ကို ပြောတာနော်'

'ရှင်....'

ဝမ်းကျီလန်းအံ့ဩသွားသည်။

သို့သော် သူကျင်းသက်သည် ငယ်စဉ်က အလွန်ဆင်းရဲနွမ်းပါးခဲ့သူ ဖြစ်ကြောင်း နားလည် သဘောပေါက်လိုက်မိလေသည်။



ရုတ်တရက် သူကျင်းသက် အပေါ် ကရုဏာသက်သော စိတ်များ ဖြစ်ပေါ်လာ၏။

သူကျင်းသက်က....

'ကျုပ်က သိုးကျောင်းရတယ်၊ အမေက လိမ္မော်ခင်းမှာ အလုပ်လုပ်တယ်လေ၊ ပင်ပန်းပေမယ့် ပျော်စရာတော့ ကောင်းသား'

မမျှော်လင့်ဘဲ သူ၏ဘဝအကြောင်း တစ်စွန်းတစ်စ သိလာရခြင်းကြောင့် ဝမ်းကျီလန်း စိတ်ဝင်စားသွားလေသည်။

'လက်စသတ်တော့ ရှင်ဟာ တောင်ပေါ်သား တစ်ယောက်ကိုး'

ဟု မှတ်ချက်ချလိုက်သည်။

သူကျင်းသက် ခေါင်းညိတ်လိုက်သည်။

'မြောက်ဘက်တောင်တန်းပေါ်ကပေါ့ဗျာ၊ သိပ်ပျော်စရာကောင်းတာ၊ ခင်ဗျားရောက်ဖူးသလား'

'ဟင့်အင်း....တစ်ခါမှ မရောက်ဖူးဘူး'

သူကျင်းသက်၏မျက်နှာ ပြုံးရွှင်နေသည်။

'တောင်ပေါ်မှာ ဆီးနှင်းတွေ ဖုံးအုပ်ထားတာ တစ်နှစ်ပတ်လုံးလိုလိုပဲ၊ ကျုပ်ငယ်ငယ်က ဆီးနှင်းနဲ့ အိမ်ဆောက်တမ်းကစားတယ်၊ သူငယ်ချင်းတွေနဲ့ ပစ်ပေါက် ဆော့ကစားကြတယ်'

'ကျွန်မလဲ ရောက်ဖူးချင်ပါတယ်ရှင့်'

ဝမ်းကျီလန်းက ပြောလိုက်၏။

သူကျင်းသက်က....

'ဟာ....မသွားချင်နဲ့၊ အအေးဒဏ်ခံနိုင်ဖို့မလွယ်ဘူး၊ တောင်နဲ့ တောင်ကြားက ရာဇဝင်ဆိုင်ရာ အင်းလဲ ရှိသေးတယ်၊ ကျုပ်အမေဟာ ရွာထဲဝင်သောင်းကျန်းတဲ့ ဝက်ဝံအုပ်ကြောင့် သေသွားရတာ ပေါ့'

'ဩော်....'

'အမေသေတော့ ကျုပ် အသက်ကိုးနှစ်ပဲ ရှိသေးတယ်'

သူကျင်းသက်သည် ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ဘဝ ရောက်ခဲ့ရသူ ဖြစ်နေပေတော့သည်။

ဝမ်းကျီလန်းက....

'ရှင့်အဖေ မရှိတော့တဲ့နောက်ပိုင်း ရှင်ဘယ်သူနဲ့ နေသလဲ'

ဟု မေးလိုက်၏။

သူကျင်းသက်က...

'တောင်ပေါ်က ရသေ့ကြီးတစ်ပါးက ကျုပ်ကိုခေါ်ပြီး မွေးစားခဲ့တာပေါ့၊ ကျုပ်ရဲ့ မွေးစားအဖေဆိုလဲ ဟုတ်တယ်၊ ကျေးဇူးရှင်ဆရာကြီးဆိုလဲ ဟုတ်တယ်'



ပြောရင်း ပြောရင်း သူ၏အပြုံးမှာ မပီမပြင်ဖြစ်လာသည်။ သူ၏မျက်လုံးများ ရီဝေလာသည်။ ဇာတိရပ်ရွာကို လွမ်းဆွတ်လာသည့် သဘောဖြစ်လေသည်။

ဝမ်းကျီလန်းက ရသေ့ကြီးအကြောင်းမေးရန် ဟန်ပြင်လိုက်စဉ်မှာပင် သူကျင်းသက်၏ အမူအရာ ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။

စကားလမ်းကြောင်း ပြောင်းလဲသွား လတော့သည်။

'ကဲ အချိန်တောင် အတော်ကုန်သွားပြီ၊ ကျုပ်တို့ သွားကြရအောင်'

ဝမ်းကျီလန်း မမေးဖြစ်တော့ဘဲ သဘောတူလိုက်ရလေသည်။

'ကောင်းပါပြီရှင်'

သူတို့သည် ကျသင့်ငွေ ပေးချေရန် ဆိုင်လုလင်ကို လှမ်းခေါ်လိုက်၏။ ထိုအချိန်တွင် ဆိုင်လုလင်မှာ လူတစ်ယောက်နှင့် အငြင်းပွားနေလေသည်။

သူတို့ ပြောဆိုနေကြသော စကားသံများကို ဝမ်းကျီလန်းတို့ အတိုင်းသား ကြားနေရ၏။

'ငှပ်ပြုတ်တစ်ခွက်ကို ငွေရှစ်ကျပ်ပဲကျတာ တစ်ထောင်တန် ရွှေဒင်္ဂါး လာပေးတော့ ဘယ်လိုလုပ် ပြန်အမ်းရမှာလဲဗျ'

'ဟော့ ကျုပ်မှာ ပါတာပေးတာ၊ မင်းတို့ လဲယူပေါ့'

'လဲစရာမှ မရှိတာဗျ'

'အေး မရှိရင်လဲ ယူလိုက်ကွာ'

'ခင်ဗျား ဘာပြောတာလဲဗျ'

'ဘာပြောရမလဲ၊ အကုန်ယူလိုက်၊ ပြန်မအမ်းနဲ့တော့'

'ဟင်... ခင်... ခင်ဗျား'

ရွှေဒင်္ဂါးပေးသူသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်လေသည်။

လူမမာတစ်ယောက်အသွင် ရှိသလို ချမ်းသာကြွယ်ဝသည့် လူစားမျိုး ဖြစ်ပုံရတွေ့ရပါ၏။

တစ်ထောင်ကျပ်တန် ရွှေဒင်္ဂါးတစ်ပြားအား ပေးပစ်နေခြင်းကြောင့် ထူးဆန်းသည်ဟု ဝမ်းကျိုလန်း ထင်မိလေသည်။

သူတို့ အကဲခတ် ကြည့်နေစဉ်....

'ရော့ ယူလိုက်'

အနက်ရောင် ဝတ်ထားသူက ဆိုင်လုလင်၏လက်ထဲ ရွှေဒင်္ဂါးကို ထည့်ပေးလိုက်ပြီး ဆိုင်ထဲမှ ထွက်သွားလေသည်။

ဆိုင်လုလင်မှာ မတန်တဆကြီး ပေးသွားသဖြင့် လက်ဘိုခြေတုန်ဖြင့် မယူ့ယူ့ လှမ်းယူလိုက်ရာ....

'ဒေါက်'



ရွှေဒင်္ဂါးသည် လက်ထဲမှ လွတ်ကျသွားပြီး ကြမ်းပြင်ပေါ် လိမ့်သွားလေသည်။

ထိုအခါမှ ဆိုင်လုလင် ကပျာကယာ ပြေးကောက်လိုက်၏။

သို့သော်....

လူတစ်ယောက်က သူ့ထက်အလျင်ရွှေဒင်္ဂါးလေးကို ကောက်ယူထားလိုက်လေသည်။

ဝမ်းကျိုလန်း ဖြစ်ပါသည်။

ဝမ်းကျိုလန်းသည် သူမ၏ခြေထောက်အနီးသို့ လိမ့်လာသော ရွှေဒင်္ဂါးလေးကို ကောက်ယူကာ ဆိုင်လုလင်လေးကို ပေးရန် ဟန်ပြင်လိုက်သည်။

ထိုတစ်ဒင်္ဂ အချိန်ကလေးအတွင်းမှာပင် ရွှေဒင်္ဂါးပြားပေါ်၌ ကြက်ခြေခတ်သဏ္ဌာန် အမှတ်အသား ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ သိမ်းငှက် ငွေတိုက်မှ ထုတ်ယူကာ လုံနှင့်ဒိုင်း အာမခံဌာနမှ သယ်ဆောင်သွားခဲ့သည့် ရွှေဒင်္ဂါးများ၌ ပါဝင်နေသော ရွှေဒင်္ဂါးတစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

ဆိုင်လုလင်က....

'ကျေးဇူးတင်ပါတယ် အစ်မလေး'

ဟု ပြောလာသဖြင့် ဝမ်းကျိုလန်းလည်း ပြုံးပြရင်း ရွှေဒင်္ဂါးလေးကို ပေးလိုက်လေသည်။

ဆိုင်လုလင်က ရွှေဒင်္ဂါးပြားကိုယူကာ ထွက်သွားသည်။

ထိုအခါမှ ဝမ်းကျိုလန်းက ...

'ဒါ တိုက်ရာပါပစ္စည်းပဲ၊ ဟိုလူနောက်ကို ကျွန်မတို့ လိုက်ကြမယ်'

သုကျင်းသက်အား ပြောရင်း ထိုင်ရာမှ အလျင်အမြန် ထရပ်လိုက်လေတော့သည်။

* * *

အနက်ရောင် ဝတ်ထားသူသည် မြို့အနောက်ဘက်ရှိ ဆိပ်ကမ်းဘက်သို့ ဦးတည်သွားနေ၏။

သုကျင်းသက်နှင့် ဝမ်းကျိုလန်းတို့က မလှမ်းမကမ်းမှနေပြီး နောက်ယောင်ခံ လိုက်သွားကြလေသည်။

တိုက်ရာပါ ပစ္စည်းများအား အသုံးပြုသူသည် ကြောင်ဓားပြများနှင့် ပတ်သက်နေနိုင်သည် မဟုတ်ပါလား။

တဖြည်းဖြည်း မြို့ပြင်ရှိ ကုန်သိုလှောင်ရုံကြီးများ အနီးသို့ ရောက်မှန်းမသိ ရောက်လာကြလေသည်။



အနက်ရောင် ဝတ်ထားသူသည် သိုလှောင်ရုံတစ်ခုအတွင်းသို့ ဝင်သွား၏။

သုကျင်းသက်နှင့် ဝမ်းကျိုလန်းတို့ ခြေလှမ်းရပ်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ကုန်လှောင်ရုံမှာ အမိုးအကာများ ပျက်စီးနေခြင်းကြောင့် ကုန်ပစ္စည်းများ သိုလှောင်ခြင်းမပြုတော့ဘဲ ထားသည့် ကုန်လှောင်ရုံ ဖြစ်ပါသည်။

အဆောက်အအုံတစ်ခုလုံးကို ဖျက်ကာ အသစ်ပြန်ဆောက်မှသာ ရနိုင်တော့မည့် အခြေအနေရှိသည်။

သုကျင်းသက်က....

'ကဲ ခင်ဗျား အပြင်မှာစောင့်နေ၊ ကျုပ် အထဲဝင်ပြီး အခြေအနေ ကြည့်လိုက်ဦးမယ်'

ဟု ပြောလိုက်၏။

ဝမ်းကျိုလန်း သဘောမတူပါ။

'ဟင့်အင်း၊ ကျွန်မ မနေခဲ့ဘူး၊ ကျွန်မပါ လိုက်ခဲ့မယ်'

'ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်'

နှစ်ယောက်သား လှုပ်ရှားလိုက်ကြလေသည်။

သတိကြီးစွာထားပြီး ကုန်လှောင်ရုံဟောင်းအနီးသို့ ချဉ်းကပ် သွားလိုက်ကြလေသည်။

ပတ်ဝန်းကျင်၌ တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ကုန်လှောင်ရုံဟောင်းကြီးဆီမှ အသံဗလံများ ထွက်ပေါ်လာသည်ကိုလည်း မကြားရပါ။

'အထဲဝင်ကြမယ်'

သုကျင်းသက်ကပင် ဦးဆောင်ကာ ကုန်လှောင်ရုံထဲ လှစ်ခနဲ ဝင်လိုက်လေသည်။ ဝမ်းကျိုလန်းလည်း လိုက်သွားသည်။

နှစ်ယောက်သား အတွင်းဘက် ရောက်ရှိသွားကြသောအခါ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော ကုန်သေတ္တာများ ဟိုတစ်စု သည်တစ်စု ရှိနေသည်ကို တွေ့ရလေသည်။

အနက်ရောင်ဝတ်ထားသူကို မတွေ့ရတော့ချေ။ သုကျင်းသက် ပြုံးလိုက်သည်။

'ကျုပ်တို့ နောက်ယောင်ခံလိုက်လာကြတာကို သူသိသွားပြီ'

ဟု ဝမ်းကျိုလန်းကို ပြောပြလေသည်။

'ဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ'

'သူဟာ ဒီကို တမင်များခေါ်လာတာပဲ'

ထိုအချိန်မှာပင် ရယ်မောသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



သုကျင်းသက်က....

'ခင်ဗျား ထွက်လာရင် ကောင်းမယ်'

ဟုပြောလိုက်လျှင် သေတ္တာပျက်များကြားမှ လူတစ်ယောက် ထွက်ပေါ်လာခဲ့လေသည်။

အနက်ရောင် ဝတ်ထားသူပင် ဖြစ်လေသည်။

ထိုလူက....

'မင်းတို့က ကြက်ခြေခတ် ရွှေဒင်္ဂါးနောက်ကို လိုက်နေကြတာလား'

ဟု မေးလေသည်။

ဝမ်းကျိုလန်းက....

'ဟုတ်တယ်၊ စုပ်ပြုတ်ဆိုင်မှာ ရှင်ပေးခဲ့တဲ့ ရွှေဒင်္ဂါးမျိုးပေါ့၊ ကျွန်မတို့ ဘာကြောင့် လိုက်နေကြတယ်ဆိုတာ ရှင်သိမယ် ထင်တယ်'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'ကြောင်ခေါးပြတွေရဲ့ သဲလွန်စ လိုချင်လို့ ဟုတ်တယ် မဟုတ်လား'

'သိပ်မှန်တာပေါ့ရှင်'

ထိုလူက ရယ်မောလိုက်ပြီး....

'မင်းတို့ ကိုယ့်သေတ္တာတွင်း ကိုယ်တူးကြတာပဲ'

ဟု ပြောမလေသည်။

သုကျင်းသက်က....

'ခင်ဗျားမှားပြီ၊ သေတွင်းတူးတာ ခင်ဗျား၊ ကျုပ်တို့မဟုတ်ဘူး၊ ကျုပ်တို့ကို သဲလွန်စပေး ႏ မျှားခေါ်လာတာကိုက မှားနေပြီ၊ ခင်ဗျား ပြေးလို့မရတော့ဘူးလေ'

ထိုလူက....

'မင်း သေချာရဲ့လား'

'သိပ်သေချာတာပေါ့ဗျာ'

ထိုလူက....

'ကျုပ်ကို ဒုက္ခမပေးရင် ရွှေဒင်္ဂါး အပြားတစ်ရာပေးမယ် ဘယ်လိုလဲ'

သုကျင်းသက် မျက်မှောင်ကြုတ်သွားသည်။ ထိုလူ၏ သဘောထားကို ရုတ်တရက် မှန်းဆ၍ မရတော့ချေ။

ထိုလူက....

'မင်းတို့ ဆက်ပြီး မကြိုးစားနဲ့တော့၊ အေးအေးဆေးဆေး နောက်ဆုတ်လိုက်ကြပါ၊ ရော့ မင်းတို့အတွက်'

ပြောပြောဆိုဆို အထုပ်တစ်ထုပ် ပစ်ပေးလိုက်လေသည်။



သုကျင်းသက်က....

'သတိထား'

ဝမ်းကျိုလန်းကိုဘေးသို့တွန်းထုတ်လိုက်ပြီး ပစ်လွှင့်လာသော အထုပ်ကို ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်လေသည်။

'ဒြိမ်း....'

မြည်သံတစ်ချက် ထွက်ပေါ်လာသည်။

အထုပ်မှာ ပေါက်ပြဲသွားပြီး တဖိတ်ဖိတ်တောက်ပနေသော ရွှေဒင်္ဂါးများသည် ကြမ်းပြင်ပေါ် ပြန့်ကြဲသွားလေတော့သည်။

'ဟင်'

'ဟာ'

ဝမ်းကျိုလန်းနှင့် သုကျင်းသက်တို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ပြန့်ကြဲနေသော ရွှေဒင်္ဂါးများသည် ကြက်ခြေခတ် အမှတ်အသားပါသည့် ရွှေဒင်္ဂါးများချည့်ဖြစ်နေသည်မဟုတ်ပါလား။

ထိုလူသည် ကြောင်ဓားပြများနှင့် ပတ်သက်နေမည်ဆိုသည်မှာ ယုံမှားသံသယဖြစ်စရာ အကြောင်းမရှိတော့ချေ။

ထိုလူသည် ကြွမ်းပြင်ပေါ် ခြေဆောင့်ကာအပေါ်သို့ တက်သွားပြီး ခေါင်မိုးအပေါက်ကြီးမှတစ်ဆင့် အပြင်ဘက်ထိုးထွက်သွား၏။

မှင်တက်မိနေကြသော ဝမ်းကျိလန်းနှင့် သုကျင်းသက်တို့ သတိဝင်လာကြ၏။

'မပြေးနဲ့'

အောင်ဂေါက်ကာ ပြေးလိုက်သွားကြရန်ဟန်ပြင်လိုက်ကြ၏။

ထိုအချိန်မှာပင်....

'မြန်မြန်လာကြဟေ့'

ညာသံပေးသံများနှင့်အတူ ပြေးလွှားလာသည့် ခြေသံများ ထွက်ပေါ်လာ၏။

လူတစ်စုသည် ကုန်လှောင်ရုံအတွင်းသို့ တစ်ဟုန်ထိုးပြေးဝင်လာကြပြီး သုကျင်းသက်တို့အား ဝိုင်းရံထားလိုက်ကြလေတော့သည်။

* * *

အနက်ရောင် ဝတ်ထားသူ ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်လေသည်။



တစ်ဟုန်ထိုး ပြေးဝင်လာကြသူများသည် သုကျင်းသက်နှင့် ဝမ်းကျိလန်းတို့အား ဝိုင်းရံထားလိုက်ကြသည်။

သုကျင်းသက်တို့အနီး၌ ရွှေဒင်္ဂါးများကား ပြန့်ကြဲလျက်။

'မင်းတို့ ဘယ်ပြေးမလဲ'

'ကြောင် ားပြ တွေ မိပြီ'

'မိန်းကလေးတစ်ယော က်လဲ ပါတယ်ဟေ့'

ဝိုင်း ထားသူများက တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

သုကျင်းသက်နှ ဝမ်းကျိလန်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့် က်ကြလေသည်။

သုကျင်း က်က...

'သူတို့ ဘာတွေ ပြောနေတာလဲ'

ဟု မေးလိုက်လျှင် ဝမ်းကျိလန်းက ပခုံးတွန့်လိုက်ပြီး...

'သူတို့ကို မေးကြည့်ပေါ့'

ဟု ပြန်ပြောလိုက်လေသည်။

သုကျင်းသက်က....

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာလုပ်ကြမလို့လဲဗျ'

ဟု ငေးလိုက်၏။

ဤတွင် ဝိုင်းရံထားသူများအထဲမှ မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ထူထူပျစ်ပျစ်ရှိသူတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာပြီး....

'ဘာလုပ်ကြလို့လဲ ဟုတ်လား၊ မင်းတို့ကို ဆုံးမလို့ပေါ့ ကြောင်ခေးပြလေးရဲ့'

'ဘာဗျ၊ ကျုပ်က ကြောင်ခေးပြမဟုတ်ဘူး'

'ဟေ့....သက်သေခံပစ္စည်းတွေနဲ့ လက်ပူးသက်ကြပ် မိနေတာတောင် ဘာငြင်းချင်သေးသလဲ၊ ကဲ....အေးအေးဆေးဆေး အဖမ်းခံမလား၊ အသေခံမလား၊ ကြိုက်တဲ့လမ်းရွေးပေတော့'

သူကျင်းသက်က ...

'ဟာ ဒီလူ ဘာတွေ လျှောက်ပြောနေတာလဲ၊ ခက်ကုန်ပါပြီ'

ဟု ပြောကာ ဝမ်းကျိုလန်းဘက် ပြန်လှည့်လိုက်ပြီး....

'ဟိုလူရဲ့ ထောင်ချောက်ထဲ ကျုပ်တို့ တည့်တည့်ကို ဝင်ခဲ့ကြတာပဲ'

'ဟုတ်တယ်၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ'

'မီးစင်ကြည့် ကကြတာပေါ့'

ထိုအချိန်တွင် ဝိုင်းရံထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

'ဟေ့ အဖမ်းခံစမ်း'



'မသေချင်ရင် ဒူးထောက်လိုက်ကြ'

'ကြားပါတယ် ချကွာ'

တိုက်ခိုက်သတ်ပုတ်ကြတော့မည့်ဟန်ဖြင့် ရှေ့တိုးလာကြ၏။

သူကျင်းသက် နှာခေါင်းရှုံ့လိုက်သည်။

'ကျုပ်ကို မတရားလုပ်လို့ကတော့ ခွင့်လွှတ်မှာ မဟုတ်ဘူးနော်'

'အံမယ် ကြီးကြီးကျယ်ကျယ်'

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့်လူသည် သူကျင်းသက်နှင့် ဝမ်းကျိုလန်းတို့မှာ လူငယ်များ ဖြစ်နေကြခြင်းကြောင့် အထင်သေးသွားပြီး ဓားတစ်လက်ဖြင့် ဝင်ရောက် တိုက်ခိုက်လာလေသည်။

သူကျင်းသက်က ...

'ခင်ဗျားစပြီး တိုက်ခိုက်တာနော်၊ ကျုပ်မှာ အပြစ်မရှိဘူး'

ပြောရင်းခြေတစ်ဖက်မြှောက်ကာ ကန်ကျောက်လိုက်လျှင်....

'ဝုန်း'

ထိုလူမှာ အပေါ်မြှောက်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ဟင်'

'ဟာ'

ရှေ့တိုးရန် ဟန်ပြင်နေကြသူများ ထိတ်လန့်သွားကြပြီး ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

သို့သော် သူကျင်းသက်တို့အား ဝိုင်းရံထားကြဆဲ။

အေးအေးဆေးဆေး ထွက်သွား၍ ရနိုင်တော့မည် မဟုတ်မှန်း တွေးမိသဖြင့် သူကျင်းသက် စိတ်ပျက်သွားလေသည်။

သူတို့ အကျပ်ရိုက်နေစဉ်မှာပင်....

'ဆရာထင်းလုံ လာပြီဟေ့....'

လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

ဝိုင်းရံထားကြသူများ လှုပ်လှုပ်ရွားရွား ဖြစ်သွားကြလေသည်။ သူကျင်းသက်တို့လှမ်းကြည့်လိုက်သောအခါ အပြာရောင်ဝတ်ထားသည့် အဘိုးအိုတစ်ယောက် ဦးဆောင်သည့် လူတစ်စု ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

'ဆရာထင်းလုံ၊ ဟောဒီမှာ ကြောင်ခေါးပြတွေကို ဖမ်းမိထားပြီ'

ဝိုင်းရံထားသူများက ဆီးကြို၍ ပြောကြလေသည်။

အပြာရောင် ဝတ်ထားသည့် အဘိုးအို၏အမည်မှာ ဆရာထင်းလုံ ဖြစ်ကြောင်း သူကျင်းသက်တို့ သိလိုက်ကြရ၏။



ဆရာထင်းလုံသည် ဝိုင်းရံထားသူများ အားကိုးအားထားပြုရသူ ဖြစ်ကြောင်းလည်း နားလည်လိုက်သဖြင့် စိတ်သက်သာရာ ရသွားလေသည်။

သူတို့ ထောင်ချောက်ထဲ ခံလိုက်ရသည့်အဖြစ်ကို အေးအေးဆေးဆေး ရှင်းနိုင်သည် မဟုတ်ပါလား။

သို့မဟုတ်ပါလျှင် ရန်သူအမှတ်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်နေကြမည် ဖြစ်ရာ ပြေရှင်းဖို့ အချိန်ရနိုင်တော့မည် မဟုတ်ပါချေ။

ဆရာထင်းလုံသည် ရှေ့သို့ လှမ်းထွက်လာပြီး သူကျင်းသက်တို့နှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

'မင်းတို့က ကြောင်ခေါးပြတွေလား၊ ခေါင်းစွပ်တွေကို ဘာကြောင့် စွပ်ထားကြတာလဲ'

ဟု မေးလေသည်။

သူကျင်းသက် ပခုံးတွန့်လိုက်သည်။

'ကြောင်ခေါးပြ မဟုတ်ဘူးဆိုတာ ရှင်းနေတာပေါ့ဗျာ'

'ဩော်'

ဆရာထင်းလုံ ပြုံးလိုက်သည်။

'မင်းရဲ့ သိုင်းပညာ ပဒေသာထင်တယ်၊ ကြောင်ခေါးပြ ဟုတ်မဟုတ် လက်တွေ့ စမ်းသပ်ကြည့်ရဦးမယ်'

ပြောပြောဆိုဆို စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းကျိုလန်း မနေနိုင်တော့ဘဲ....

'ခဏနေပါဦးရှင်'

ဟန့်တားရင်း ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

ဆရာထင်းလုံ မျက်မှောင်ကြုတ်သွားပြီး....

'မိန်းကလေး ဘာပြောချင်လို့လဲ'

ဟု မေးလိုက်သည်။

ဝမ်းကျိုလန်းက...

'ကျွန်မတို့ဟာ ကြောင်ခိုးပြတွေ မဟုတ်ပါဘူးရှင်၊ ကျွန်မ ရှင်းပြပါရစေ'

ဆရာထင်းလုံ ခေါင်းညိတ်လိုက်သည်။

'ပြောပါမိန်းကလေး'

'ကျွန်မတို့ဟာ ကြက်ခြေခတ်အမှတ်အသားပါတဲ့ ရွှေဒင်္ဂါး ထုတ်သုံးတဲ့လူတစ်ယောက်ကိုတွေ့လို့ နောက်ယောင်ခံလိုက်ခဲ့ကြတယ်'

သူမသည် အနက်ရောင်ဝတ်ထားသူက ထောင်ချောက်ဆင်ခဲ့ပုံကို ရှင်းပြလိုက်လေသည်။

ဆရာထင်းလုံသည် သေသေချာချာ နားထောင်နေပြီးမှ...

'မိန်းကလေးပြောတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဒါပေမယ့် သက်သေပြစရာမရှိဘူးဆိုတော့ ယုံကြည်ဖို့ မလွယ်သေးဘူးကွယ့်'



ဝမ်းကျိုလန်းက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျွန်မနာမည် ဝမ်းကျိုလန်းပါ၊ ကျွန်မအဖေဟာ ခါးနှစ်လက် ဝမ်းချိမင်းပါ၊ ကျွန်မအဖေဟာ အာမခံပစ္စည်းတွေပို့ဆောင်ပေးတဲ့နေရာမှာ ကူညီခဲ့လို့ အသက်ပေးလိုက်ရတယ်ဆိုတာ ဦးကြားမိမှာပါ၊ ကျွန်မဟာ ကြောင်ခိုးပြတွေကို ဖော်ထုတ်ဖို့ ကြိုးစားနေသူပါ၊ ကျွန်မကို ကြောင်ခိုးပြလို့ စွပ်စွဲတာက အဓိပ္ပာယ်ရှိနိုင်ပါတော့မလားရှင်'

သူမ၏ ရှင်းပြမှုကို ကြားလိုက်ရလျှင် ဝိုင်းရံထားကြသူများ ငိုင်သွားကြလေသည်။ ဆရာထင်းလုံကလည်း....

'လက်စသတ်တော့ ဝမ်းချိမင်းရဲ့သမီးကိုး၊ ကဲ ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်၊ ကျုပ်နဲ့လိုက်ခဲ့ကြပါဦး'

ဟု ဖိတ်ခေါ်လေသည်။

'ဦးက....'

'ကျုပ်က သိမ်းငှက်ရဲတိုက်ရဲ့ တာဝန်ခံပါ'

'ဩော်'

ဝမ်းကျိုလန်းသည် ဆရာထင်းလုံနှင့် လိုက်သွားရန် သဘောတူလိုက်လေသည်။ သူမ လိုက်သွားမည်ဖြစ်ရာ သုကျင်းသက်လည်း ပါသွားလေသည်။

* *

သိမ်းငှက်အာမခံဌာန ...

သိမ်းငှက်အာမခံဌာနသည် သယ်ဆောင်ကျယ်ဝန်းသော ခြံဝင်းကြီး အတွင်း၌ အဆောင်ကြီး သုံးဆောင်ဖြင့် ဖွဲ့စည်း ဆောက်လုပ်ထားသော အဆောက်အအုံကြီး၌ ဖွင့်လှစ်ထား လေသည်။

သိမ်းငှက်အာမခံဌာနရုံးချုပ်မှာ ရွှေခြားနှင့်ခွေလို့ ဆားထုံ တင်း။ ရွှေခြားငှက်သို့ အားကိုးတင်းသည် လွှင့်ခဲ့သော ငါးနှစ်က စ၍ အာမခံဌာနကိစ္စအဝဝကို ညာလက်ရုံး သိမ်းငှက်ဆင်းလုံကို လွှဲပြောင်းဆောင်ရွက်စေခဲ့လေသည်။

သိမ်းငှက်ထင်းလုံသည် လက်ရွေးစင် အသားသုံးရာကျော် ကို ဦးဆောင်ကာ အာမခံဌာန လုပ်ငန်းကိစ္စအဝဝကို စနစ် တကျ စီမံဆောင်ရွက်ခဲ့လေသည်။

လုံနှင့်ဒိုင်း အာမခံဌာန လုပ်ကိုင်ခဲ့ရသည့်ကိစ္စမှာ သိမ်းငှက် အာမခံဌာနနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိချေ။

ကြောင်ခေါင်းပြများအား ဖော်ထုတ်နိုင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးနေခြင်းသာ ဖြစ်လေသည်။

ဆရာထင်းလုံက ဝမ်းကျိုလန်းတို့အား ခေါ်သွားခြင်းကြောင့် မည်သူကမျှ အနှောင့်အယှက် မပြုကြတော့ချေ။

ဆိပ်ကမ်းမြို့လေးမှသည် ဘယ်ငါးမိုင်ခန့်သာ ဝေးသော သိမ်းငှက်အာမခံဌာနသို့ သွားရာတွင် ဆရာထင်းလုံက မြင်း များဖြင့် ခေါ်ဆောင်သွားလေသည်။



သုံးယောက်သား မြင်းကို ခပ်မှန်မှန်စီးနင်းကာ စကား တပြောပြောဖြင့် သွားကြခြင်းဖြစ်လေသည်။

'ခေါ်းနှစ်လက် ဝမ်းချီခင်းဟာ ထိပ်သီးသိုင်းသမားကြီး တစ်ယောက်ပါပဲ၊ နတ်လက်သီး ကျင်းတောက်နဲ့ တောင်လက် ဝါး ချန်းထင်းတို့လဲ ခေကြတာမဟုတ်ဘူး၊ ပြီးတော့ လုံနဲ့ဒိုင်း အာမခံဌာနက မောက်ရှူ မောက်ခုံတို့လဲ ရှိသေးတယ်၊ သူတို့ ငါးယောက်ရဲ့ အင်အားဟာ နည်းနည်းနောနောမှ မဟုတ် တာ၊ သူတို့ ခံလိုက်ရတယ်ဆိုတော့ ကြောင်ခေါင်းပြ တွေဟာ တကယ့်ကို အန္တရာယ်ပေးနိုင်တဲ့ လူတွေဆိုတာ ထင်ရှားနေပြီ ပေါ့၊ ဒါကြောင့် ကျုပ်တို့လဲ အထူးပဲ စိတ်ဝင်စားနေကြတယ် လေ'

သူကျင်းသက်က....

'သိမ်းငှက် အာမခံဌာနကို ထိပါးလာမှာ စိုးရိမ်လို့မဟုတ် လား'

ဟု ဝင်မေးလိုက်လေသည်။

ဆရာထင်းလုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သိမ်းငှက် အာမခံဌာနဟာ ပြည်မမှာ ရှိတဲ့ အာမခံဌာနအားလုံးထက် အရှိန်အဝါ ကြီးတယ်၊ ကျုပ်တို့ကို မီတဲ့ဌာနမရှိဘူး၊ နှစ်စဉ် ငွေသိန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ အာမခံပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေရတယ်၊ လက်ခံ နေရတယ်၊ ဒါကြောင့် တစ်နေ့မှာ ကြောင်ခေါင်းပြတွေနဲ့ ထိပ်တိုက် ရင်ဆိုင်ရနိုင်တယ်လို့ တွက်ဆထားကြတယ်လေ'

သူကျင်းသက်က....

'ကြောင်စားပြွတွေကို ဖော်ထုတ်ချေမှုန်းနိုင်မှ ခင်ဗျားတို့ စိတ်အေးကြရမယ် မဟုတ်လား'

'မှန်ပါတယ်၊ သူတို့သောင်းကျန်းနေသမျှ ကျုပ်တို့ စိတ်တဆင့်ထင့်နဲ့ နေရမှာပါပဲ'

'သိမ်းငှက် အာမခံဌာနက အရှိန်အဝါ ကြီးသလို သိုင်းလောကထဲမှာလဲ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားနိုင်တာပဲ မဟုတ်လား၊ သူများတွေထက် တစ်ပန်းသာတာပေါ့'

ဆရာ ထင်းလုံးသည် သူကျင်းသက်အား အကဲခတ်သော အကြည့်ဖြင့် လှမ်းကြည့်လိုက်လေသည်။

သူကျင်းသက်က ဆက်ပြောလိုက်လေသည်။

'ကြောင်စားပြွတွေ အကြောင်းကို သူများတွေထက် ပိုပြီး သိနိုင်မယ် မဟုတ်လားဗျာ'

ဆရာထင်းလုံးက ...

'ကျုပ်က မင်းတို့ကို ဘာကြောင့် ခေါ်ထုတ်လာခဲ့ရသလဲ ဆိုတာ မင်းတို့သိသလား'

ဟု မေးလေသည်။

သူကျင်းသက်က ...

'သိတာပေါ့၊ ကျုပ်တို့ဟာ ကြောင်စားပြွတွေ မဟုတ်ဘူး ဆိုတာ သိနေလို့ပေါ့'



'မှန်တယ်၊ ကျုပ်သာ ခေါ်ထုတ်မလာရင် မင်းတို့ ဒုက္ခရောက်မှာပဲ၊ ကဲ ...အခု ဒုက္ခပေးမယ့်လူ မရှိတော့ဘူး၊ မင်းတို့ သွားချင်ရာကို သွားနိုင်ပြီ'

'ဟင်'

ဝမ်းကျိလန်း အံ့သြသွားလေသည်။

ဆရာထင်းလုံးက သူပတို့အား သိမ်းငှက် အာမခံဌာနသို့ ခေါ်လာခဲ့ပြီး လမ်းတစ်ဝက်ရောက်မှ အဘယ့်ကြောင့် ထွက်သွားခိုင်းရပါသနည်း။

သူကျင်းသက်က....

'ခင်ဗျား ဘာဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ'

ဟု မေးလိုက်လေသည်။

ဆရာထင်းလုံးက....

'မင်းကြောင့်ပါ'

'ကျုပ်ကြောင့်'

'ဟုတ်တယ်၊ မင်းဟာ ကျုပ်ထင်တာထက် ပိုပြီး ပါးနပ်နေတယ်၊ မင်းကိုခေါ်သွားရင် ကျုပ်တို့ စုံစမ်းသိရှိထားတာတွေ အားလုံး ပေါ်ကုန်လိမ့်မယ်၊ ကြောင်စားပြွတွေကို မဖော်ထုတ်နိုင်ခင် ကျုပ်တို့သိသမျှ ဘာမှမပြောနိုင်သေးဘူး၊ ကဲ.... သွားကြပေတော့'

ဝမ်းကျိုလန်း မကျေမနပ် ဖြစ်သွားလေသည်။

'ကျွန်မတို့ဟာ သိုင်းလောကသားတွေပဲ၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်သင့်တာပေါ့'

ဟု စောဒကတက်လိုက်သည်။

ဆရာထင်းလုံက....

'အချိန်တန်တော့ ပူးပေါင်း ဆောင်ရွက်ပါမယ်၊ မင်းတို့ စိတ်ဝင်စားရင် စောင့်ကြည့်နေကြပါ၊ အရမ်း မလှုပ်ရှားကြပါနဲ့၊ အန္တရာယ်များလွန်းတယ်၊ ကျုပ်ပြောတာ သဘောပေါက်တယ် မဟုတ်လား'

ဝမ်းကျိုလန်းက ဘာမှမပြောဘဲ နေလိုက်၏။

သုကျင်းသက်က....

'ကဲ...လာ၊ ကျုပ်တို့သွားကြရအောင်'

ဟု ပြောကာ မြင်းကို တစ်ဖက်သို့ လှည့်ကာ မောင်းနှင်သွားလေသည်။

ဝမ်းကျိုလန်းက....

'ရှင် ဘယ်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်သော်လည်း လှည့်ပင်မကြည့်တော့ပါ။

ဆရာထင်းလုံက....

'လိုက်သွားပါ မိန်းကလေး၊ သူဟာ လူတော်လေး တစ်ယောက်ဆိုတာ ကျုပ် အကဲခတ်မိပါတယ်၊ မိန်းကလေးကို ကူညီနိုင်ပါလိမ့်မယ်'



ဝမ်းကျိုလန်းလည်း မတတ်သာတော့ဘဲ သုကျင်းသက် နောက်သို့ လိုက်သွားရလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားခဲ့ပြီ ဖြစ်လေသည်။

ညဘက်သို့ ရောက်လာလျှင် သုကျင်းသက်နှင့် ဝမ်းကျိုလန်းတို့သည် တောအုပ်တစ်ခု အကွင်း၌ပင် အနားယူရန် ဆုံးဖြတ်လိုက်ကြလေသည်။

သစ်ကိုင်းခြောက်များ ကောက်ယူကာ မီးပုံတစ်ခု ပြုလုပ်လိုက်ကြ၏။

သုကျင်းသက်သည် ကျောပိုးအိတ်ထဲ၌ ပါလာသည့် မုန့်ခြောက်များကို ထုတ်ယူကာ ဝမ်းကျိုလန်းကို ကျွေးလေသည်။

ဝမ်းကျိုလန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မစားချင်ဘူး'

'ဟောဗျာ၊ ဘာဖြစ်လို့လဲ'

'ဆရာထင်းလုံက ကျွန်မတို့ကို ခေါ်လာပြီးမှ လမ်းတစ်ဝက်က ပြန်လွှတ်လိုက်တာကို ကျွန်မ ဘဝင်မကျဖြစ်နေတယ်ရှင့်'

ဝမ်းကျိုလန်း မအောင့်အည်းနိုင်ဘဲ ပြောလိုက်လေသည်။

သုကျင်းသက် ရယ်မောလိုက်သည်။

'ကျုပ်ပါရင် သူတို့အကြောင်းတွေ ပေါ်ကုန်လိမ့်မယ်လို့ ပြောသွားပြီးပြီပဲဗျာ'

'ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ ကြောင်ဓားပြတွေနဲ့ ပတ်သက်ပြီး သူတို့ ဘယ်လောက် သိထားပြီးပြီလဲဆိုတာ ကျုပ်က ဖော်ထုတ်နိုင်တယ်လေ'

ဝမ်းကျိလန်းသည် ကိုယ့်ကိုကိုယ် အထင်ကြီးရန်ကော ဟူသော အကြည့်ဖြင့် သူကျင်းသက်ကို ကြည့်လိုက်လေသည်။

သူကျင်းသက်က သူမ၏ အကြည့် အဓိပ္ပာယ်ကို နားလည်သော်လည်း တမင် မသိချင်ဟန်ဆောင်ကာ ...

'ကြောင်ဓားပြတွေထဲမှာ ထိပ်သီး သိုင်းသမားတွေ ပါဝင်နေကြတယ်ဆိုတာကို ခင်ဗျား လက်ခံပါတယ်နော်'

ဟု မေးလိုက်၏။

ဝမ်းကျိလန်းက....

'လက်ခံရမှာပေါ့ရှင့်၊ သာမန်ဓားပြတွေ အဆင့်လောက်နဲ့ ကျွန်မဖေဖေတို့ လူစုကို ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ'

သူကျင်းသက် ပြုံးလိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားလက်ခံတယ်ဆိုရင် ကျုပ်တစ်ခု ပြောပြမယ်၊ ထင်ရှားတဲ့ သိုင်းအဖွဲ့တစ်ခုဟာ ကြောင်ခေါင်း မျက်နှာဖုံး စွပ်ပြီး ကြောင်ဓားပြအသွင်နဲ့ လှုပ်ရှားနေကြတယ် ဆိုရင်ကော'

'ရှင်'

'ခင်ဗျား လက်ခံနိုင်ပါ့မလား'



'ဒါ....ဒါ မဖြစ်နိုင်တဲ့ကိစ္စပဲ'

ဝမ်းကျိလန်း လက်မခံနိုင်ဘဲ ဖြစ်နေ၏။

သူကျင်းသက်က....

'ကြောင်ဓားပြတွေဟာ သိုင်းပညာတော်တယ်၊ စနစ်တကျ ဖွဲ့စည်းထားတယ်၊ လူဆိုးဓားပြတွေ အုတ်ရောရော ကျောက်ရောရော ပါဝင်တဲ့အဖွဲ့ပဲ၊ တကယ့်တိုက်ခိုက်ရေး အဖွဲ့တစ်ဖွဲ့လို ရှိနေတယ်၊ ဒါဟာ သိုင်းအဖွဲ့အစည်းတစ်ခု ဖြစ်ရမယ်ဆိုတာ ညွှန်ပြမနေဘူးလား'

ဝမ်းကျိလန်း ပါးစပ်ပိတ်သွားလိုက်လေသည်။

သူကျင်းသက်က ဆက်ပြောလိုက်သည်။

'သူတို့ဟာ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနိုင်ကြတယ်၊ အာမခံဌာနတွေရဲ့ သတင်းတွေကို သိနေကြတယ်၊ ကဲ သိုင်းလောကသားကလွဲပြီး အပြင်လူ ဖြစ်နိုင်ပါဦးမလား'

ဝမ်းကျိလန်း တွေဝေသွားလေသည်။

'ရှင်က ထင်ရှားတဲ့ သိုင်းအဖွဲ့ကြီးတစ်ခုဟာ အများ နောက်ကွယ်မှာ ကြောင်ဓားပြအဖွဲ့အနေနဲ့ တိုက်ခိုက်လုယက်နေတယ်လို့ ဆိုလိုတာလား'

'ဆိုလိုတာမဟုတ်ဘူး၊ တကယ်ပြောနေတာ'

ဝမ်းကျိလန်းက ...

'ဒါဖြင့် အဲဒီသိုင်းအဖွဲ့အစည်းဟာ ဘယ်အဖွဲ့လဲ'

သူကျင်းသက်က....

'ဒါတော့ ကျုပ်လဲ မပြောနိုင်သေးဘူး၊ ကျုပ်က သိုင်းလောကထဲ ရောက်လာတာမှ မကြာသေးဘဲကိုး၊ ကျိုးကြောင်း

ဆက်စပ်ပြီး ဖြစ်နိုင်တာကို တွေးမိတာ တစ်ခုတော့ရှိတယ်၊ ဆရာထင်းလုံတို့လဲ ကျုပ်တွေးသလို တွေးမိအားကြလိမ့်မယ်'

သူ၏ စကားသံနှင့် မချေးမနှောင်းမှာပင်....

'ပင်းပြောတာ မှန်ပါတယ်'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

ဆရာထင်းလုံသည် အမှောင်ရိပ်ထဲမှ လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။ ဝမ်းကျိုးသန်း တအံ့တသြ ဖြစ်သွားလေသည်။

သုကျင်းသက်က ...

'ကျုပ်တို့နောက်ကို ခင်ဗျားလိုက်လာတာကိုး'

ဆရာထင်းလုံသည် မီးပုံအနီးသို့ လျှောက်လာပြီး ထိုင်ချလိုက်သည်။ သူ၏မျက်နှာ တည်ကြည်လေးနက်နေလေသည်။

သုကျင်းသက် ပြုံးလိုက်သည်။

'ခင်ဗျားဟာ ကျုပ်တို့ကို မယုံကြည်ဘူးဆိုတာ ကျုပ်သိပါတယ်ဗျ၊ ဒါကြောင့် ခေါ်တုန်းကလဲ လိုက်ခဲ့တယ်၊ သွားနိုင်းတော့လဲ သွားတယ်၊ ခင်ဗျား လိုက်လာမယ်လို့လဲ ထင်သား'

ဆရာထင်းလုံက.....

'ခုချိန်မှာ ဘယ်သူ့ကိုမှ မယုံကြည်ရတော့ဘူး၊ မင်းတို့ဟာ ကြောင်ခေါးပြတွေမဟုတ်ဘူးလို့ ဘယ်သူ အာမခံမလဲ'

ဝမ်းကျိုးသန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'နောက်တစ်ခါ ကျွန်မကို စွပ်စွဲရင် ကျွန်မ သည်းခံနိုင်တော့မှာ မဟုတ်ဘူး'

ဟု အပြတ်ပြောလိုက်လေသည်။



သုကျင်းသက်ကား ထုံးစံအတိုင်း ပြုံးနေပြီး....

'ကျုပ်တို့မဟုတ်ဘူးဆိုတာ ခင်ဗျားသိပါတယ်'

ဆရာထင်းလုံက ..

'ကျုပ်က မင်းတို့ကို စောင့်ကြည့်ခဲ့တာပါ'

'ဒါဖြင့် ကျုပ်တို့နောက်ကို လိုက်လာရတာကကော'

ဆရာထင်းလုံက အလေးအနက်ထားသော လေသံဖြင့်....

'မင်းတို့နှစ်ယောက် ကျုပ်နဲ့ လက်တွဲဆောင်ရွက် စေချင်တယ်'

ဟု ပြောလေသည်။

သုကျင်းသက်က....

'ကြောင်ခေါးပြတွေကို ဖော်ထုတ်ဖို့လား'

'ဟုတ်တယ်'

သုကျင်းသက်သည် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'ခင်ဗျားတစ်ယောက်တည်းရဲ့သဘောထား မဟုတ်လား'

ဟု မေးလိုက်လေသည်။

ဆရာထင်းလုံ သက်ပြင်းချလိုက်သည်။

'ဟုတ်တယ်၊ သိမ်းငှက်အာမခံဌာနဟာ ကြောင်ခေါးပြတွေအကြောင်း ဖော်ထုတ်ဖို့ကြိုးစားနေပေမယ့် ထိရောက်မှုရှိလှတာ မဟုတ်ဘူး၊ သတင်းပေါက်ကြားမှုတွေ ရှိတယ်လို့ ကျုပ် ယူဆတယ်'

သုကျင်းသက် ကပျာကယာ လက်ကာပြလိုက်ပြီး....

'ခင်ဗျားသဘောထားပြောတာနော်၊ ကျုပ်မေးတာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ဆရာထင်းလုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်သဘောနဲ့ ကျုပ်ပြောတာပါ၊ ကျုပ်တို့ဟာ ကြောင်ခေါးပြတွေ သတင်းကို ရခဲ့တာ အကြိမ်ပေါင်း မနည်းတော့ဘူး၊ ဒါပေမယ့် သွားပြီးဖမ်းဆီးဖို့ကြိုးစားတိုင်း မအောင်မြင်ခဲ့ဘူး၊ နောက်ပိုင်းမှာ ကျုပ်တို့ကို သတင်းပေးနေတဲ့ လူတွေတောင် တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံခဲ့ရတယ်'

'ဒါဆို အတွင်းသစ္စာဖောက် ရှိနေပြီပေါ့'

ဆရာထင်းလုံက စိတ်ပျက်စွာဖြင့်....

'သစ္စာဖောက်တွေဟာ နေရာတကာမှာ ရှိနေတာပဲ'

'ကျုပ်တို့က လက်တွဲဆောင်ရွက်ရမယ် ဆိုတာက ဘယ်လိုသဘောလဲ'

'ကျုပ် ပြောပါ့မယ်'

ဆရာလင်းလုံသည် သူ၏ အစီအစဉ်များကို ရှင်းပြလိုက်လေသည်။

ဝမ်းဘျိုသန်းမှာ အစပိုင်းတွင် စိတ်မဝင်စားသော်လည်း နောက်ပိုင်းတဖြည်းဖြည်း စိတ်ဝင်စားလာပြီး ဂရုစိုက် နားထောင် နေလိုက်လေတော့သည်။

# မကောင်းတဲ့လူ

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

မြင်းစီးသမားတစ်စုသည် မြို့ထဲသို့ ဒုန်းစိုင်းဝင်ရောက်လာကြလေသည်။

လမ်းသွားလမ်းလာများ မြင်းစီးသမားများကြောင့် ကပျာကယာ လမ်းဘေးသို့ဆင်းကာ ရှောင်ပေးလိုက်ကြရလေသည်။

မြင်းစီးသမားများသည် လမ်းသွားလမ်းလာများအားတိုးမိတိုက်မိမည်ကို အရေးမထားဘဲ ယခုလို စီးနင်းဝင်ရောက်လာသည်မှာ ရိုင်းပျလှသည်ဟု ဆိုနိုင်လောက်ပေသည်။

လမ်းသွားလမ်းလာများထဲ၌ ဗလကောင်းကောင်း လူသန်ကြီး တစ်ယောက် ပါဝင်နေပါသည်။

လူသန်ကြီးသည် မြင်းစီးသမားများ၏ အပြုအမူကို မကျေမနပ် ဖြစ်သွားလေသည်။

ချက်ချင်းပင် လမ်းပေါ်သို့ ထွက်လာပါးတော့တာပြီး ရပ်နေလိုက်၏။ ရမ်းကားသော မြင်းစီးသမားများအား ဆုံးမမည်ဆိုသည့် သဘောဖြစ်လေသည်။

မြင်းစီးသမားများသည် လူသန်ကြီးက လမ်းပိတ်ရပ်နေလိုက်ခြင်းကြောင့် ထင်ရာစိုင်း၍ မရတော့ချေ။

ရှေ့ဆုံးမှ စီးနင်းလာသော မြင်းစီးသမားက....

'ဟေ့ လမ်းဖယ်လိုက်စမ်း'

ဟု အော်ငေါက်လိုက်လေသည်။

'ဟား...ဟား...ဟား'

လူသန်ကြီးသည် ဟားတိုက်ရယ်မောလိုက်ပြီးလျှင်...

'မင်းတို့ ရှေ့ဆက်သွားချင်တယ်ဆိုရင် ကျုပ်ကို ကျော်ဖြတ်လို့ရမှ သွားလို့ရမယ်'

ဟု အသံဝါကြီးဖြင့် ပြောလိုက်သည်။

မြင်းစီးသမား ဒေါပွသွားလေသည်။

'တောက်....သေချင်ပြီထင်တယ်'

ခါး၌ ဆောင်ထားသော ကျာပွတ်ကို ဆွဲယူကာ....

'ရှောင်နိုင်ရင် ရှောင်ပေတော့'

ကျာပွတ်ကို ဝှေ့ယမ်းကာ ရိုက်ချလိုက်လေသည်။

'ရွမ်း'



ကျာပွတ်သည် မြွေဟောက်တစ်ကောင်ပမာ လူသန်ကြီး၏ မျက်နှာဆီသို့ တိုးဝင်သွား၏။

ကျာပွတ်ဖြင့် အရိုက်ခံလိုက်ရပါလျှင် မျက်နှာတစ်ခုလုံး သွေးခြင်းခြင်း နီရဲသွားမည်မှာ သေချာလှပေသည်။

သို့သော်...

'မင်း အာတာတ်နိုင်မှာ ရိုလဲကွ'

လူသန်ကြီးက အော်ပြောရင်း လက်ဝှေ့ယမ်းကာ ကျာပွတ်ကို ဖမ်းထားလိုက်၏။

'လွှတ်လိုက်စမ်း'

မြင်းစီးသမားက ကျာပွတ်ကို ပြန်လည် ဆောင့်ဆွဲလိုက်သော်လည်း လူသန်ကြီး၏ လက်ထဲမှ လွတ်မြောက်သွားခြင်း မရှိချေ။

လူသန်ကြီးက....

'ကဲ မြင်းပေါ်က ဆင်းစမ်း'

ဟု ငေါက်ကာ တအားဆောင့်ဆွဲလိုက်လျှင်....

'ဝုန်း'

မြင်းစီးသမားမှာ မြင်းပေါ်မှပြုတ်ကျသွားလေတော့သည်။

'ဟင်'

'ဟာ'

နောက်မှ လိုက်လာသော မြင်းစီးသမားများ တအံ့တဩ ဖြစ်သွားကြသည်။

ချက်ချင်းပင် မြင်းများပေါ်မှ ခုန်ဆင်းလာကြပြီး လူသန်ကြီးအား ဝိုင်းရံထားလိုက်ကြလေသည်။

လူသန်ကြီး ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကောင်းတယ် ကောင်းတယ်၊ မင်းတို့အားလုံး လာခဲ့ကြစမ်း'

မြင်းစီးသမားများသည် ဓားများဆွဲထုတ်ကာ....

'ဆုံးမလိုက်ကြဟေ့'

'သေပေတော့'

ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

လူသန်ကြီးက လက်ထဲရောက်နေသော ကျားပွတ်ကို ဝေ့ယမ်းကာ တိုက်ခိုက်ပစ်လိုက်လေသည်။

လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

'ရှမ်း....ရှမ်း....ရှမ်း'

ကျားပွတ်ဝေ့ယမ်းသံ တရှမ်းရှမ်းမြည်ကာ ထွက်ပေါ်လာပြီးလျှင်'

'အား'

'အင့်'

'အမယ်လေး'

မြင်းစီးသမားများ ဖရိုဖရဲ ဖြစ်ကုန်ကြလေတော့သည်။

အချို့မှာ ကျားပွတ်စာမိကာ အဝတ်အစားများ စုတ်ပြဲသွားကြ၏။ အချို့မှာ ဓားလွှံလက်နက်များ လွတ်ကျကာ ကြောက်လန့်တကြား နောက်ဆုတ်သွားကြ၏။

တိုက်ပွဲမှာ တစ်ခဏအတွင်း ပြီးဆုံးသွားသည်။



လူသန်ကြီးသည် ရမ်းကားသော မြင်းစီးသမားများကို ဆုံးမနိုင်လိုက်ပြီ ဖြစ်လေသည်။

'ဟား....ဟား....ဟား'

လူသန်ကြီး ဟားတိုက် ရယ်မောလိုက်လေသည်။

'မင်းတို့ ဘာဟတ်နိုင်သေးသလဲ'

မြင်းစီးသမားများကို ငေါက်လိုက်၏။

ထိုစဉ်...

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများနှင့်အတူ မြင်းစီးသမားနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

သူတို့နှစ်ယောက်ကို မြင်လျှင် မြင်းစီးသမားများ ဝမ်းသာသွားကြလေသည်။ ချက်ချင်း ပြေးသွားကြပြီး....

'အထိန်းတော်ကြီးခင်ဗျာ၊ ဟောဒီမှာ ကျွန်တော်တို့ကို နှောင့်ယှက်နေပါတယ်'

ဟု ဝိုင်းဝန်း တိုင်တန်းလိုက်ကြလေသည်။

လူသန်ကြီး နှာခေါင်းရှုံ့လိုက်လေသည်။

ရွှေရောင်ဝတ်ထားသည့် အဘိုးအိုက မြင်းပေါ်မှ ဆင်းလာပါသည်။ လက်ဝေ့ယမ်း ပြလိုက်သောအခါ မြင်းစီးသမားများ ဘေးသို့ ရှဲသွားကြလေသည်။

အဘိုးအိုသည် လူသန်ကြီးနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး....

'မင်းက ကျုပ်လူတွေကို နှောင့်ယှက်ရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

လူသန်ကြီး ဟားတိုက် ရယ်မောလိုက်ပြီး....

'ခင်ဗျားလူတွေ ရမ်းသားသားကျတော့ ဘာမှမပြောတော့ဘူးလား၊ ဒါ အဲ့ဒါသူငါ သွားလာနေကြတဲ့လမ်းဗျ၊ ခင်ဗျားကိုယ်ပိုင်လမ်း မဟုတ်ဘူး၊ သွားချင်တိုင်း သွားလို့မရဘူး၊ ထိမိခိုက်မိကန်မှာကို နားလည်ဖို့ ကောင်းတာပေါ့၊ လူမှုရေး နားမလည်တဲ့ ရိုင်းပျတဲ့ကောင်တွေကို ကျုပ်က ဆုံးမလိုက်တာ ဘာဖြစ်သေးသလဲ'

ဟု ပြန်ပြောလိုက်လေသည်။

ထိုအချိန်မှာပင် လမ်းသွားလမ်းလာများသည် ဝိုင်းအုံကြည့်ရှုနေကြရာ တစ်စုထက်တစ်စ လူများပြီး စည်ကားလာလေသည်။

အထိန်းတော် ဆိုသည့်အဘိုးအိုက

'ကျုပ်လူတွေ အပြစ်ရှိရင် ကျုပ်ကိုယ်တိုင် ဆုံးမမယ်၊ မင်းက ရိုင်းပျတယ်လို့ ပြောတာ ကျုပ်ကို စော်ကားတာနဲ့ အတူတူ....'

'အို ရိုင်းတယ်လို့ပြောတာ ဘာဖြစ်သလဲဗျ'

လူသန်ကြီးက ဘုတောလိုက်လေသည်။

အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ငါ့အကြောင်းသိရအောင် မင်းကို ဆုံးမပေးရတာပေါ့'

'မြန်မြန်လာစမ်းပါဗျာ'

လူသန်ကြီးက မကြောက်မရွံ့ စိန်ခေါ်လိုက်လေသည်။

အဘိုးအိုက ရှေ့တိုးလာသည်။



ပွဲကြီးပွဲကောင်းတစ်ခု ကြည့်ရတော့မည်မို့ ဝိုင်းကြည့်နေသူများ အသက်မရှူမိအောင် ဖြစ်သွားကြလေသည်။

အဘိုးအိုနှင့် လူသန်ကြီးတို့ မျက်နှာချင်း ဆိုင်လိုက်မိကြပြီး ရင်ဆိုင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'အထိန်းတော်ကြီး'

အဖြူရောင်လုလင်၏ ခေါ်သံ ထွက်ပေါ်လာလေသည်။

အဘိုးအို၏ မျက်နှာတွင် ရှိနေ လေးစားသည့် အမူအရာများ ချက်ချင်းပေါ်ထွက်လာပြီး လုလင်ဘက်လှည့်ကာ ဦးညွတ်လိုက်သည်။

'အမိန့်ရှိပါ သခင်လေး'

လုလင်က...

'သူက ကျုပ်တို့အကြောင်း မသိလို့ ဖြစ်ပါလိမ့်မယ်၊ သူ့ကို မေးကြည့်လိုက်ပါဦး၊ သိလျက်နဲ့ ခုလိုလုပ်တာ ဆိုရင်တော့ ကျုပ်ကိုယ်တိုင် ဆုံးမပါ့မယ်'

ဟု ပြောလေသည်။

ထိုအခါ အဘိုးအိုက လူသန်ကြီးဘက် ပြန်လှည့်လိုက်ပြီး...

'သခင်လေး ဘယ်သူဘယ်ဝါ့ဆိုတာ မင်း သိသလား'

ဟု မေးလိုက်လေသည်။

လူသန်ကြီး ခေါင်းခါ ယမ်းလိုက်သည်။

'မသိဘူး၊ အဲဒါ ဘာဖြစ်သလဲ'

အဘိုးအိုက....

'ကောင်းပြီ၊ မင်းမသိရင် ပြောပြရသေးတာပေါ့၊ သခင်လေးဟာ မြွေတောင်ကြားက မင်းသားလေး အို့ရန်ကျင်းပဲ' ဟု ပြောလိုက်၏။

မြွေတောင်ကြားမှ မင်းသားလေး အို့ရန်ကျင်းဟူသော အမည်ကြားလျှင် လူသန်ကြီး၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

'ဒါ....ဒါ အမှန်ပဲလား'

အဘိုးအိုက လေသံခပ်မာမာဖြင့်....

'ကျုပ်က မင်းကို လိမ်ပြောရဦးမှာလား၊ သခင်လေးရဲ့ အထိန်းတော် နန်းကုန်းဝေဆိုတာ ကျုပ်ပဲ'

လူသန်ကြီးသည် အဘိုးအိုကိုတစ်လှည့် လုလင်ကိုတစ်လှည့် ကြည့်လိုက်သည်။

ထို့နောက် မြေပေါ် ဆတ်ခနဲဒူးထောက်ချလိုက်ပြီး....

'ကျွန်....ကျွန်တော် မသိလို့ နှောင့်ယှက်မိတာကို ခွင့်လွှတ်ဖို့ တောင်း....တောင်းပန်ပါတယ် သခင်လေး'

အသံတုန်တုန်ယင်ယင်ဖြင့် တောင်းပန်လိုက်လေသည်။

တိုက်ပွဲကြည့်ရတော့မည်ဟု မျှော်လင့်ထားကြသော လူအုပ်ကြီးမှာ မမျှော်လင့်သောမြင်ကွင်းကြောင့် စိတ်ပျက်သွားကြလေတော့သည်။

လူသန်ကြီးက မြင်းစီးသမားများအား ဆုံးမခဲ့စဉ်က လူသန်ကြီးဘက်မှ အားပေးထောက်ခံခဲ့ကြသည် မဟုတ်ပါလား။

ယခု....



လူသန်ကြီးသည် အလွန် ကြောက်ရွံ့ထိတ်လန့်သည့် အသွင် ရှိနေပြီ ဖြစ်လေသည်။

အဘိုးအိုနှင့် လုလင်တို့မှာ ကြောက်စရာ ကောင်းသူများ ဖြစ်ကြောင်းလည်း သဘောပေါက်သွားကြ၏။

အခြေအနေ ဟန်မှန်း ရိပ်မိသွားကြပြီး အလျှိုအလျှိုထွက်သွားကြရာ မကြာပါချေ၊ တစ်ယောက်မှ မရှိတော့ပေ။

နန်းကုန်းဝေဆိုသော အဘိုးအိုက....

'မင်း....ဒီမြို့က မဟုတ်လား'

ဟု မေးလိုက်၏။

လူသန်ကြီးက....

'ဟုတ်...ဟုတ်ပါတယ်ခင်ဗျာ'

လူသန်ကြီး၏ အမူအရာကော လေသံပါ အလွန်ရိုသေလေးစားသည့်အသွင် ပြောင်းလဲသွားပြီဖြစ်လေသည်။

နန်းကုန်းဝေက....

'သခင်လေးဟာ နန်းတော်ထဲမှာနေရတာ ပျင်းရိလို့ အပျော်ရှာဖို့ ခရီးထွက်လာတာကွ၊ ဒီမြို့မှာ အေးအေး ဆေးဆေး တည်းခိုလို့ရမယ့်နေရာကို မင်းသိတယ် မဟုတ်လား'

လူသန်ကြီးဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

'သိပါတယ် သိပါတယ်'

'သိရင်ပြောစမ်း'

'မြို့အရှေ့ဘက်က မင်္ဂလာဘည်းခိုခန်းဟာ အကောင်းဆုံးပါပဲ'

'ကောင်းပြီ၊ ငါတို့မင်္ဂလာတည်းခိုခန်းမှာ ရှိနေမယ်၊ သခင်လေးကို ပျော်တော်ဆက်ဖို့ မိန်းကလေး သုံးယောက်ရှာပြီး လာခဲ့၊ ဟုတ်ပြီလား'

လူသန်ကြီး ခြေဦးဝံ့တော့ပါ။

'ဟုတ်...ဟုတ်ကဲ့'

'ကဲ...မင်းမြန်မြန် သွားရှာပေတော့၊ သခင်လေး ရေးပန်းနေပြီ'

'အနားယူမှ ဖြစ်တော့မယ်'

လူသန်ကြီး ညို ဗူးသောက်ရာမှထကာ ပြေးလွှားသွားလေသည်။ နန်းကုန်းဝေက မြင်းပေါ်သို့ ပြန်လည်ခုန်တက်လိုက်သည်။

ထို့နောက် လက်ဝေ့ယမ်းပြရင်း....

'မင်္ဂလာတည်းခိုခန်းကို သွားကြမယ်'

ဟု အော်ပြောလိုက်လေသည်။

သူတို့လူစုသည် လမ်းသွားလမ်းလာများကို ဂရုမစိုက်ဘဲ မြင်းဒုန်းစိုင်း မောင်းနှင်သွားကြ လေတော့သည်။

* * *



'မင်္ဂလာ တည်းခိုခန်း...'

မင်္ဂလာ တည်းခိုခန်းသည် မြို့အရှေ့ဘက်၌ရှိသော နှစ်ထပ်အဆောက်အအုံတစ်ခု ဖြစ်သည်။

အောက်ထပ်တွင် စားသောက်ဆိုင်ဖွင့်လှစ်ထားပြီး အပေါ်ထပ်တွင် တည်းခိုခန်း ဖွဲ့လုပ်ထားလေသည်။

နန်းကုန်းဝေတို့ လူစုသည် မြင်းဒုန်းစိုင်းစီးနင်းကာ မင်္ဂလာတည်းခိုခန်းရှေ့သို့ ရောက်လာလေသည်။

ထိုအချိန်တွင် အောက်ထပ်၌ စားသောက်နေကြသူအချို့ ရှိနေသည်ကို တွေ့ရလေသည်။ နန်းကုန်းဝေး မကျေမနပ် ဖြစ်သွားသည်။

'ဒါများ အေးအေးချမ်းချမ်း တည်းခိုလို့ ရမယ့် နေရာတဲ့လား'

ဟု ရေရွတ်လိုက်၏။

အဖြူရောင် ဝတ်ထားသည့် လုလင် (၀၇) ယောက်ကြားမှ သခင်လေး အို့ရန်ကျင်းက ...

'ဘာဘဝေး ... ကျုပ်ဗိုက်ဆာနေပြီ၊ တစ်ခုခု စားဖို့ လုပ်ပါ၊ ဆိုင်ထဲမှာ လူများနေတာ မကြည့်ချင်ဘူး'

ဟု လှမ်းပြောလေသည်။

နန်းကုန်းဝေ ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ သခင်လေး'

ချက်ချင်းပင် မြင်းစီးသမားများ စားသောက်နေကြသူများကို မောင်းထုတ်ပစ်ရန် အမိန့်ပေးလိုက်လေသည်။

မြင်းစီးသမားများသည် ဆိုင်ထဲသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်ရောက်သွားကြပါသည်။

မကြာပါချေ။

'ဝုန်း'

'အား'

'ဂလွမ်း'

ကျယ်လောင်သော မြည်သံများ ထွက်ပေါ်လာပြီး စားသောက်နေကြသူများ၊ ကြောက်အားလန့်အား ထွက်ပြေးလာကြသည်ကို တွေ့မြင်ရလေသည်။

မရှေးမနှောင်းမှာပင် မြင်းစီးသမား တစ်ယောက် ထွက်လာပြီး....

'အားလုံး ရှင်းလင်းပြီးပါပြီ အထိန်းတော်ကြီး'

ဟု အစီရင်ခံလာလေသည်။

နန်းကုန်းဝေ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

သခင်လေး အို့ရန်ကျင်းဘက်လှည့်ကာ....



'ဆိုင်ထဲကြွပါ သခင်လေး'

ဟု ပြောလိုက်လေသည်။

အို့ရန်ကျင်းက မြင်းပေါ်မှ အသာအယာ ဆင်းလိုက်ပြီး လက်နှစ်ဖက်နောက်ပစ်ကာ ဆိုင်ထဲဝင်သွားလေသည်။

သူ၏လူများသည် စားပွဲတစ်လုံးကို အဆင်သင့် ပြင်ထားလိုက်ကြပြီး ဖြစ်သည်။ သူတို့လူစုကြောင့် ဆိုင်လုလင်များလည်း အလုပ်ရှုပ်သွား၏။

ဆိုင်ရှင်ကိုယ်တိုင် မနေနိုင်တော့ဘဲ ထွက်လာရလေသည်။ သခင်လေး အို့ရန်ကျင်းအတွက် အကောင်းဆုံး စားသောက်ဖွယ်ရာများကို ပြင်ဆင်ပေးလေသည်။

အို့ရန်ကျင်း စားသောက်နေချိန်တွင် နန်းကုန်းဝေက....

'ကျုပ်တို့ ဒီမှာ တစ်ညတည်းခိုကြမယ်၊ အခန်းတွေအားလုံး ရှင်းထားလိုက်ပါ'

ဟု ပြောလိုက်။

ဆိုင်ရှင်က....

'အခန်းတစ်ခုကလွဲရင် ကျန်တဲ့အခန်းအားလုံး လွတ်နေပါတယ်၊ တည်းခိုနေတဲ့လူ မရှိပါဘူး'

'တစ်ခန်း ရှိတယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ လူတစ်ယောက် တည်းခိုနေပါတယ်'

'ကောင်းပြီ၊ အဲဒီလူကို မောင်းထုတ်ပစ်လိုက်'

ဆိုင်ရှင် မျက်နှာပျက်သွားပြီး....

'သူ...သူက'

'စကားမရှည်နဲ့၊ မောင်းဆို မောင်းထုတ်ပစ်လိုက်'

'ဟုတ်...ဟုတ်ကဲ့၊ အခု သူ အပြင်ထွက်သွားပါတယ်၊ ပြန်ရောက်လာရင်....'

'အေး... ပြန်ရောက်လာရင် လက်မခံနဲ့တော့၊ သူ့ပစ္စည်းတွေ အခန်းထဲထုတ်ပြီး ဆိုင်ရှေ့ မြေကွက်လပ် သွားပုံထားလိုက်'

ဆိုင်ရှင် ခေါင်းခါယမ်းလိုက်သည်။

'သူ့မှာ ဘာပစ္စည်းမှ မပါပါဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လာတာပါ'

နန်းကုန်းဝေ မျက်မှောင်ကြုတ်သွားလေသည်။

ပြီးတော့....

'ဒါလဲ ပြီးတာပဲ၊ သခင်လေးအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ထားလိုက်ပါ'

'စိတ်ချပါဗျာ၊ စိတ်ချပါ'

'ခင်ဗျားသွားတော့'



ဆိုင်ရှင် ခပ်ကုပ်ကုပ်လေး ထွက်သွားလေသည်။

* * *

ဆူဆူညံညံအသံများ ထွက်ပေါ်နေလေသည်။

မြေတောင်ကြားမှလူများသည် စားသောက်ရင်း ရယ်ရယ်မောမော လွတ်လွတ်လပ်လပ် ရှိနေကြခြင်းဖြစ်သည်။

သခင်လေး အို့ရန်ကျင်း၏ အချိန်အခါကြောင့် နောက်လိုက် ငယ်သားများလည်း ထင်တိုင်းကြဲနေနိုင်ကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် လူတစ်ယောက် မင်္ဂလာတည်းခိုခန်းရှေ့သို့ ရောက်ရှိလာလေသည်။ မင်္ဂလာတည်းခိုခန်းမှာ ခါတိုင်းနှင့် မတူဘဲ ဆူဆူညံညံရှိနေရာ ထိုလူ ခြေလှမ်းရပ်သွားလေသည်။

ထိုအချိန်တွင် ဆိုင်ရှင်သည် မြင်တွေ့သွားပြီး ကပျာကယာ ဆိုင်ထဲမှ ထွက်လာကာ....

'မိတ်ဆွေလေး တခြားတည်းခိုခန်းမှာ ပြောင်းပြီး တည်းခိုပါတော့ဗျာ'

ဟု ပြောလာလေသည်။

ထိုလူ မျက်မှောင်ကြုတ်သွားပြီး....

'ဘာဖြစ်လို့လဲ'

'မင်းသားလေး အို့ရန်ကျင်းက တည်းခိုခန်းတစ်ခုလုံးကို ငှားရမ်းလိုက်လို့ပါ၊ သူက တခြားလူတည်းခိုနေတာကို သဘော မကျဘူး'

ထိုလူ နှုတ်ခမ်းမဲ့သွား၏။

ထိုစဉ်....

'ခွပ်...ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီး ရောက်ရှိလာလေသည်။

ထိုလူနှင့် ဆိုင်ရှင်တို့ လှမ်းကြည့်လိုက်ကြ၏။

မြင်းလှည်းရပ်သွားလျှင် လူသန်ကြီး တစ်ယောက်နှင့် မိန်းကလေး သုံးယောက် ဆင်းလာကြလေသည်။

ထိုမိန်းကလေးများမှာ အသွင်အကျ အလှပြင်ထားကြသဖြင့် အပျော်မယ်များဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်ပါသည်။

လူသန်ကြီးသည် အပျော်မယ်သုံးယောက်ကို ခေါ်ကာ ဆိုင်ထဲဝင်သွားလေသည်။

'သူတို့ကျတော့ ခင်ဗျားလက်ခံသလား'

ထိုလူက ဆိုင်ရှင်ကို မေးလိုက်လေသည်။

ဆိုင်ရှင် ကပျာကယာ လက်ကာပြလိုက်ပြီး....

'ဒါ....ဒါ သခင်လေးအတွက် ဖျော်ဖြေဖို့ပါဗျာ'



ထိုလူ ပြုံးလိုက်လေသည်။

'ဒါဖြင့် ဒီဆိုင်းဘုတ်ဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ'

ဆိုင်အဝင်ဝတွင် ကြိုးဖြင့်ဆွဲထားသည့် မင်္ဂလာတည်းခိုခန်း ဟူသော ဆိုင်းဘုတ်ကို ညွှန်ပြကာ ပြောလိုက်လေသည်။

ဆိုင်ရှင် ဘာမှမပြောနိုင်ဘဲ ဖြစ်နေ၏။

ထိုလူက....

'ဒီဆိုင်းဘုတ်ကိုဖြုတ်ပြီး တခြားဆိုင်းဘုတ် ပြောင်းတပ်လိုက်ဖို့ ကျုပ်အကြံပေးချင်တယ်၊ ဆိုင်းဘုတ်ဖြုတ်ပေးဖို့ ကျုပ်ကူညီပါ့မယ်'

စကားဆုံးလျှင် မြေပေါ်မှကျောက်ခဲလေးတစ်လုံး ကောက်ယူကာ ပစ်ပေါက်လိုက်လေသည်။

'ဝှစ်'

'ဒေါက်'

ကျောက်ခဲလေးသည် ဆိုင်းဘုတ်ကို အရှိန်ပြင်းစွာ ထိမှန်သွားပြီး ဆိုင်းဘုတ် မြေပေါ်ပြုတ်ကျသွားလေတော့သည်။

'ဟာ'

ဆိုင်ရှင် လှုတ်ခနဲအော်လိုက်လေသည်။

ထိုအချိန်တွင်....

'ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ'

ဆိုင်ထဲ၌ မုန့်ယစ်သောက်စားနေကြသော အို့ရန်ကျင်း၏ လူများ ပြေးထွက်လာကြလေသည်။

ဆိုင်ရှင် ရင်ထိတ်သွားပြီး....

'ဘာမှမဖြစ်ပါဘူး'

သူက ဖေးဖေးမမ ပြောနေစဉ်မှာပင် ထိုလူသည် ကျော ခိုင်း ထွက်သွားလေတော့သည်။

* * *

'ဆိုင်းဘုတ်က ဘာဖြစ်တာလဲ'

'ဟိုကောင် လှမ်းပစ်လိုက်တာ ငါမြင်တယ်'

'ဒါ ဘာသဘောလဲကွ'

'သူ့နောက်လိုက်ပြီး ဆုံးမကြရအောင်'

အို့ရန်ကျင်း၏ လူများက ထင်တိုင်း ရမ်းနေကြပါသည်။

ဆူဆူညံညံ အသံများကြောင့် နန်းကုန်းဝေ ရောက်လာပါသည်။

'ဘာဖြစ်နေကြတာလဲ'



ခပ်ထန်ထန်မေးလိုက်လျှင် မကြာမီ အဖြစ်အပျက်ကို သိသွားလေသည်။ ချက်ချင်းပင် ဆိုင်ရှင်ကို ခေါ်ယူကာ ...

'အဲဒီလူ ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ဆိုင်ရှင်က ...

'ဒီမှာ အခန်းငှားထားတဲ့လူပါ'

'ဘယ်ကလာတာလဲ'

'မသိပါဘူး'

အခန်းငှားထားသူ ဆိုခြင်းကြောင့် ဤမြို့မှ မဟုတ်သည်မှာ သေချာနေပါသည်။ ဆက်၍ တည်းခိုခွင့် မရတော့သဖြင့် မကျေမနပ် ဖြစ်သွားသည်ဟု နန်းကုန်းဝေ ထင်မိသည်။

မကျေနပ်ဘဲ ထွက်သွားသည့်ကို ဂရုမစိုက်ပါ။ သူဂရုစိုက်နေသည်မှာ သစ်သား ဆိုင်းဘုတ်ပေါ်၌ နစ်မြုပ်နေသော ကျောက်ခဲလေး ဖြစ်ပေသည်။

ဆိုင်ရှင်က....

'သူ့နာမည် ကျန်းရှောင်အင်း လို့ အမည်ပေးပြီး အခန်းငှားထားတာ တစ်ခုက လွဲပြီး ဘာမှမသိပါဘူးဗျာ'

သူနှင့် မည်သို့မှ မပတ်သက်ကြောင်း ရှင်းပြလိုက်၏။

နန်းကုန်းဝေက....

'ကျန်းရှောင်အင်း ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ဆိုင်ရှင်က ...

'ထွက်သွားပါပြီ'

နန်းကုန်းဝေသည် ချက်ချင်းပင် အိုရန်ကျစ်းထံသို့သွားပြီး သတင်းပို့လိုက်လေသည်။

ထိုအချိန်တွင် အိုရန်ကျင်းမှာ လူသန်ကြီး လာပို့သော အပျော်မယ် သုံးယောက်နှင့် အကြည်ဆိုက်နေပြီ ဖြစ်သည်။

နန်းကုန်းဝေ ဝင်လာပြီး အန္တရာယ်ပေးနိုင်သူ တစ်ယောက် ရှိနေကြောင်း ပြောပြလိုက်လျှင်....

'အထိန်းတော်ကြီး၊ ခင်ဗျား ရူးနေပြီလား၊ အန္တရာယ် ပေးနိုင်တယ် ဆိုမှတော့ ရှင်းပစ်လိုက်ပေါ့၊ ကျုပ်ကို နောက်ထပ် လာပြီး မနှောင့်ယှက်နဲ့၊ သွား...သွား'

ဟု မောင်းထုတ်လိုက်လေသည်။

နန်းကုန်းဝေလည်း အခန်းထဲမှ ပြန်ထွက်ခဲ့ရလေသည်။

ထို့နောက် ..

'ခု ချက်ချင်း လိုက်ရှာကြစမ်း'



သူ၏လူများအား ကျန်းရှောင်အင်းကို လိုက်ရှာရန် အမိန့် ပေးလိုက်လေတော့သည်။

* * *

ကျန်းရှောင်အင်း ...

ကျန်းရှောင်အင်းသည် ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာရင်း တောင်ကုန်းလေး တစ်ခုရှေ့သို့ ရောက်လျှင် ခြေလှမ်း ရပ်လိုက်လေသည်။

တောင်ကုန်းပေါ်သို့မော့ကြည့်လိုက်သောအခါ ဘုံကျောင်း တစ်ခု ရှိနေသည်ကို တွေ့မြင် ရလေသည်။

'ဒေါင်ဒင်....ဒေါင်ဒင်'

ချိုလွင် သာယာသော ခေါင်းလောင်းသံများသည် ဘုံကျောင်းမှ လွင့်ပျံ့လာပါသည်။

ကျန်းရှောင်အင်း၏ မျက်နှာတွင် ကျေနပ်နှစ်သိမ့်သည့် အရိပ် အယောင်များ ပေါ်လွင်လာသည်။

ထို့နောက် တောင်ကုန်းပေါ်သို့ လှမ်းတက်သွားလေသည်။

အမှိုက်သရိုက်များ ကင်းအောင် လှည်းကျင်းထားသည့် လမ်းကလေးမှဖြတ်သန်းသွားပြီးလျှင် ဘုံကျောင်းရှေ့သို့ ရောက် သွားလေသည်။

ဘုံကျောင်းရှေ့ ကျောက်လှေကားထစ်များပေါ်၌ ထိုင်ကာ တရားစာကျက်မှတ်နေသော ကိုရင်လေးတစ်ပါးကို တွေ့လိုက်ရသည်။

ကျန်းရွှောင်အင်း ရောက်လာသည့်ခြေသံကြားလျှင် ခေါင်းမော့ကြည့်လိုက်ပြီး ...

'ဘာကိစ္စရှိလို့လဲ ဒကာကြီး'

ဟု မေးလေသည်။

ကျန်းရွှောင်အင်းက

'မေတ္တာဘုန်းတော်ကြီးနဲ့ တွေ့ချင်လို့ပါ'

'ဩော်....ဩော် ရှိပါတယ်၊ သွားပြီး အကြောင်းကြားပေးပါမယ်'

ပြောပြောဆိုဆို ဘုံကျောင်းပေါ် ပြေးတက်သွားရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင် ဘုံကျောင်းထဲမှ ဘုန်းတော်ကြီးတစ်ပါး ထွက်လာသည်ကို တွေ့ရလေသည်။

ကိုရင်လေး ငြိမ်းသာသွားလေသည်။

'ဆရာတော်၊ ဟောဒီမှာ ဆရာတော်ကို တွေ့ချင်တဲ့ ဧည့်သည် တစ်ယောက် ရောက်နေပါတယ်'

ဟု ပြောလိုက်လေသည်။



ဘုံကျောင်းထဲမှထွက်လာသည့် ဘုန်းတော်ကြီးမှာ မေတ္တာဘုန်းတော်ကြီးဖြစ်လေသည်။

ဘုန်းတော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကိုရင်လေး စာသွားကျက်လိုက်ပါဦး'

'တင်ပါ'

ကိုရင်လေး ထွက်သွားလေသည်။

မေတ္တာဘုန်းတော်ကြီးသည် ကျောက်လှေကားထစ်များအတိုင်း အောက်ဆင်းလာပြီး ကျန်းရွှောင်အင်း နှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

'ဘာကိစ္စရှိလို့လဲ ဒကာလေး'

ကျန်းရွှောင်အင်းက...

'ဘုန်းတော်ကြီးဟာ မှန်တိုင်းဒေး 'ပေ့အင်း' ဟုတ်ပါတယ်နော်'

'ဟင်....'

ကျန်းရွှောင်အင်း၏ အမေးစကားကြောင့် ဘုန်းတော်ကြီး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သို့သော် ချက်ချင်းပင် တည် ငြိမ်သွားကာ မျက်လွှာချလိုက်ပြီး....

'မုန်တိုင်းခေါးပေ့အင်းဆိုတာ သေဆုံးသွားပါပြီ၊ မေတ္တာဘုန်းတော်ကြီးဆိုတာပဲ ရှိပါတော့တယ်'

ဟု ပြောလိုက်လေသည်။

မုန်တိုင်းခေါးပေ့အင်းသည် တစ်ချိန်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းသမား တစ်ယောက် ဖြစ်ပေသည်။

ယခုတော့ သိုင်းသမားဘဝကိုစွန့်ခွာပြီး သာသနာ့ဘောင်ထဲ ကူးပြောင်းဝင်ရောက်ခဲ့ပြီ ဖြစ်လေသည်။

ကျန်းရှောင်အင်းက....

'တပည့်တော်က ခေါးပညာ ယှဉ်ပြိုင်ချင်လို့ လာခဲ့တာပါ၊ ခုတော့....'

'ဒကာလေး ပြန်သွားပါတော့၊ ကျုပ်က တရားဓမ္မမှာ မွေ့လျော်နေပါပြီ၊ သိုင်းလောကအကြောင်း မစဉ်းစားတော့ပါဘူး'

ကျန်းရှောင်အင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ ဆရာတော်၊ တပည့်တော် မနှောင့်ယှက်မိတာကို ခွင့်လွှတ်ပါ'

'ကိစ္စမရှိပါဘူးကွယ်'

'တပည့်တော်ကို ခွင့်ပြုပါဦး'



ကျန်းရှောင်အင်းက ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

'ခဏနေပါဦးကွယ်'

မေတ္တာဘုန်းတော်ကြီးက ဟန့်တားလိုက်သည်။

ကျန်းရှောင်အင်း ခြေလှမ်း ရပ်လိုက်ပြီး လှည့်ကြည့်လိုက်သည်။

'ဆရာတော် ဘာပြောချင်လို့လဲ'

မေတ္တာဘုန်းတော်ကြီးက ကျန်းရှောင်အင်း၏ ခါး၌ချိတ်ဆွဲထားသော ခေါးကိုကြည့်လိုက်ပြီး....

'မင်းဟာ ဥမ္မန်ကျင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ'

ဟု မေးလေသည်။

ကျန်းရှောင်အင်း မျက်မှောင်ကြုတ်သွားပြီး မေတ္တာဘုန်းတော်ကြီးအား အကဲခတ်ကြည့်ကာ....

'ဆရာတော်က သိတယ် ဟုတ်လား'

ဟု ပြန်မေးလိုက်လေသည်။

မေတ္တာဘုန်းတော်ကြီး ခေါင်းညိတ်လိုက်သည်။

'သိတာပေါ့၊ သူဟာ အင်မတန် ခေါင်းမာတဲ့ လူတစ်ယောက်ပဲ၊ သူ့ရဲ့ခေါးသိုင်းဟာ သိုင်းလောကမှာ ပြိုင်စံရှားတာပေါ့၊ သူနဲ့ ဟန်အိကောင်းတို့ နှစ်ယောက်ကို အတုမရှိ

ဓားသမားတွေလို သိုင်းလောကတစ်ခုလုံးက ကင်ပွန်းတပ်ခဲ့ကြတာပဲ'

ကျန်းရှောင်အင်း ပြုံးလိုက်လေသည်။

'ဟန်အိကောင်းက ကျွန်တော့်ဆရာလောက် မတော်ပါဘူး'

ဟု ပြောလိုက်၏။

မေတ္တာဘုန်းတော်ကြီး ပြုံးလိုက်သည်။

'သူတို့နှစ်ယောက် အပြတ်အပြင်းမွားခဲ့ကြတဲ့ ကိစ္စပေါ့၊ နောက်ဆုံး ကိုယ်ထိလက်ရောက် ယှဉ်ပြိုင်ခဲ့ကြပေမယ့် ဘယ်သူမှ အနိုင်မရဘဲ သရေပွဲဖြစ်သွားတယ်၊ ဟန်အိကောင်းက မြောက်ပိုင်းကို ထွက်သွားသလို ဥမ္မန်ကျင်းကလဲ အနောက်ပိုင်းကို ထွက်သွားတယ်လေ၊ သူတို့နှစ်ယောက်စလုံး သိုင်းလောကက ပျောက်သွားကြတာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပြီ၊ အခု မင်းကိုတွေ့လိုက်ရတာနဲ့ ကျုပ်သတိရမိတာပဲ၊ မင်းရဲ့ခါးက ချိတ်ထားတဲ့ဓားကြောင့်ပေါ့'

ကျန်းရှောင်အင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဆရာက သူ့ရဲ့ဓား ကျွန်တော့်ကို ပေးလိုက်တာပေါ့'

'သူနေကောင်းရဲ့လား'

'သူကွယ်လွန်သွားပါပြီ'



'ဪ'

မေတ္တာဘုန်းတော်ကြီးသည် အနိစ္စတရားကို ဆင်ခြင်မိပြီး သံဝေဂရပုံဖြင့်....

'ဘယ်သူပဲဖြစ်ဖြစ် နောက်ဆုံးတစ်နေ့ သေသွားကြရမှာချည့်ပဲ မဟုတ်လား၊ အသက်ရှင်နေစဉ် ကာလအတွင်းမှာ လူဖြစ်ရကျိုးနပ်အောင်လုပ်ဖို့ အရေးမကြီးဘူးလား၊ ဒကာလေးက သိုင်းလောကသားတွေနဲ့ လိုက်ပြီး ယှဉ်ပြိုင်ဖို့ ကြိုးစားနေတာ အဓိပ္ပာယ်ရှိရဲ့လား'

ဟု မေးလေသည်။

ကျန်းရှောင်အင်းက....

'ကျွန်တော်က ဆရာ့စကားအတိုင်း လိုက်နာဆောင်ရွက်နေရတာပါ ဆရာတော်'

'ဥမ္မန်ကျင်းက ဘာမှာသွားလို့လဲ'

ကျန်းရှောင်အင်းက....

'ဆရာက သူတီထွင်ထားတဲ့ ဓားသိုင်းဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတယ်လို့ ယုံကြည်ထားပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို သင်ပေးပြီး စမ်းသပ်ကြည့်ဖို့ စေလွှတ်လိုက်တာပါ'

ဟု ရှင်းပြလိုက်သည်။

မေတ္တာဘုန်းတော်ကြီးက....

'မင်းက ဆရာ့စကားအတိုင်း ဆောင်ရွက်နေတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

မေတ္တာဘုန်းတော်ကြီး ပြုံးလိုက်သည်။

'ကောင်းပြီ၊ မင်းစမ်းသပ်ပြီးတဲ့အခါ မင်းဆရာကို ဘယ်လိုအကျိုးအကြောင်းပြန်ပြောမလဲ'

ကျန်းရှောင်အင်း ငိုင်သွားလေသည်။

ဆရာဖြစ်သူ ကွယ်လွန်သွားပြီမို့ သူတီထွင်ခဲ့သော သိုင်းပညာမှာ အမှန်တကယ် ပြိုင်ဘက်ကင်းသည် ဆိုလျှင်လည်း သိနိုင်စွမ်းရှိတော့မည် မဟုတ်ပါ။

ကျန်းရှောင်အင်းက ပြောပြနိုင်လိမ့်မည်လည်း မဟုတ်ပါ။

မေတ္တာဘုန်းကြီးက....

'ကျုပ်တစ်ခု မေတ္တာရပ်ခံချင်တယ်'

ကျန်းရှောင်အင်း ခေါင်းညိတ်လိုက်သည်။

'ပြောပါ ဆရာတော်'

'ဒကာလေး တတ်မြောက်ထားတဲ့ သိုင်းပညာကို ယှဉ်ပြိုင်မှုမျိုးနဲ့ စမ်းသပ်နေမယ့်အစား အများအကျိုး သိုင်းလောက



အကျိုး ဘယ်ပိုးဆောင်ရွက်ရာမှာ အသုံးပြုရင် ပိုမကောင်းဘူးလား'

'ကောင်းပါတယ် ဆရာတော်'

'ဒကာလေး လက်ခံတယ်ပေါ့'

'လက်ခံပါတယ်၊ ဒါပေမယ့် ဆရာ့ကို ကတိပေးထားတာမို့ ကတိအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်'

မေတ္တာဘုန်းတော်ကြီး သက်ပြင်းချလိုက်သည်။

'အင်းလေ၊ ဒကာလေးဆောင်ရွက်တဲ့အခါ စိတ်လိုက်မာန်ပါ မလုပ်ဘဲ သတိနဲ့ ယှဉ်ပြီး ဆောင်ရွက်နိုင်ရင် အကောင်းဆုံး ဖြစ်လိမ့်မယ်'

'ကျွန်တော် သတိထားပါ့မယ်'

'ကောင်းပါပြီကွယ်၊ ဒကာလေး သွားမယ်ဆိုရင် သွားနိုင်ပါပြီ၊ ကျုပ်လဲ တရားအားထုတ်လိုက်ဦးမယ်'

ကျန်းရှောင်အင်းသည် မေတ္တာဘုန်းတော်ကြီးအား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

သူ့နားထဲ၌မူ မေတ္တာဘုန်းတော်ကြီး ပြောလိုက်သော စကားသံများ ပဲ့တင်ထပ်လျက်....။

ပြုံ်

လမ်းပေါ်တွင် လူစည်ကားနေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြလေသည်။

သူကျင်းသက်နှင့် ဝမ်းကျိုလန်းတို့သည် မင်းလမ်းမကြီး အတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာခဲ့ကြလေသည်။

သူတို့သည် သိမ်းငှက်အာမခံဌာနမှ ဆရာထင်းလုံနှင့်လမ်းခွဲ ခဲ့ကြပြီး ဖြစ်သည်။

ဆရာထင်းလုံပြောပြလိုက်သောစကားများကြောင့် သူတို့၏ ရုပ်တည်လှုပ်ရှားမှုအသွင် ပြောင်းလဲသွားလေတော့သည်။



ဝမ်းကျိုလန်း၏ဖခင် အသတ်ခံရခြင်းကြောင့် ကြောင် စားပြများကို ဖော်ထုတ်ချေမှုန်းရန် သန္နိဋ္ဌာန်ချခဲ့သူဖြစ်သည်။

သူကျင်းသက်မှာမူ ယခုမှ သိုင်းလောကသို့ ခြေချလာသူ ဖြစ်သည်။ ပျော်ပျော်နေတတ်ပြီး သိုင်းလောက အတွေ့အကြုံ ရှာနေသူဖြစ်သည်။

ဆရာထင်းလုံ၏ အကြံအစည်ကြောင့် သူတို့နှစ်ယောက်မှာ တတွဲတွဲ ဖြစ်သွားရလေတော့သည်။

**ဆရာ**ထင်းလုံ၏ အကြံကား....

ကြောင်စားပြများသည် ဝမ်းကျိုလန်းကို နှုတ်ပိတ်ပစ်ရန် ကြိုးစားကြမည်ဖြစ်ရာ တည်ကြက်သဘောမျိုးဖြင့် သိုင်းလောက၌ လှည့်လည်သွားလာရင်း ကြောင်စားပြများကို မျှားခေါ် ရန် ဖြစ်လေသည်။

သိုင်းပညာမခေသော သူကျင်းသက်က အနီးကပ် စောင့် ရှောက်နေမည် ဖြစ်သလို ဆရာထင်းလုံတို့ကလည်း အမြဲတမ်း စောင့်ကြည့်နေကြမည် ဖြစ်သည်။

အကြောင်းထူးလျှင် ဆရာထင်းလုံနှင့် ဆက်သွယ်ရမည် ဖြစ် လေသည်။ ကြောင်စားပြအဖွဲ့သည် သူတို့အား ဒုက္ခပေးရန် ဆိပ်ကမ်းကုန်လှောင်ရုံ၌ ကြိုးစားခဲ့ကြပြီးနောက်ပိုင်း ထပ်မံ ကြိုးစားကြဦးမည်ဖြစ်ကြောင်း ဝမ်းကျိုလန်းတို့ သဘောပေါက် ထားကြပါသည်။

ယခုဆိုလျှင် ကြောင်စားပြမျှားအား ဖော်ထုတ်ရန် သိုဝိုး လောကသားများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားနေကြပြီ ဖြစ်လေသည်။

လျှို့ဝှက်သော ကြောင်စားပြမျှားနှင့် သိုဝိုးလောကသားများတို့၏ ယှဉ်ပြိုင်ပွဲမှာ အလွန် စိတ်ဝင်စားစရာ ကောင်းနေလိမ့်မည် မဟုတ်ပါလား။

ဝမ်းကျိုလန်းသည် ဟိုဟိုသည်သည် အကဲခတ်ကြည့်ရင်း လျှောက်လာခဲ့ရာ မြို့လယ်တစ်နေရာသို့ရောက်လျှင်....

'ဟင်'

လွှတ်ခနဲရေရွတ်ကာ ခြေလှမ်း တုံ့ခနဲ ရပ်သွားလေသည်။

သုကျင်းသက် မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ ညီမရဲ့'

'ဟိုလူကို ကြည့်ပါဦး'

မလှမ်းမကမ်းမှ ဖြတ်လျှောက်သွားသူ တစ်ယောက်အား မသိမသာ ညွှန်ပြကာ ပြောလိုက်လေသည်။

သုကျင်းသက်က လှမ်းကြည့်လိုက်သည်။

လူငယ်တစ်ယောက်သည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားကာ လမ်းကြားတစ်ခုအတွင်းသို့ ချိုးဝင်သွားသည်ကို တွေ့ရလေသည်။



သုကျင်းသက်က....

'ညီမ သိလို့လား'

ဟု မေးလိုက်သည်။

ဝမ်းကျိုလန်းက....

'သူဟာ ကြောင်စားပြဖြစ်နိုင်တယ်'

'ညီမ သေချာရဲ့လား'

ဝမ်းကျိုလန်းက ရှင်းပြလေသည်။

'ကြောင်စားပြတွေထဲမှာ အင်မတန် ထက်မြက်တဲ့ ဓား တစ်လက်ရှိတဲ့ ဓားသမားတစ်ယောက် ပါဝင်နေတယ်၊ စောစောက တွေ့လိုက်ရတဲ့ လူဆီမှာလဲ အင်မတန်ထက်တဲ့ ဓားတစ်လက် ရှိနေတယ်'

သုကျင်းသက်က....

'သူ့ဓားက သိပ်ထက်တာပဲလား၊ ညီမ မြင်ဖူးလို့လား'

'မြင်ဖူးတယ်'

ညီမသည် ချန်းစုပြောခဲ့သည့် စကားများနှင့် သူမကိုယ်တိုင် တွေ့မြင်ခဲ့ရပုံများကို ပြောပြလိုက်ရာ သုကျင်းသက် စိတ်ဝင်စားသွားလေသည်။

'ကျုပ် သူနဲ့ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်လိုက်ချင်တယ်'

'ရှင်....'

ဝမ်းကျိုလန်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူကျင်းသက်က....

'သူက ခေါ်ပညာတော်တယ်လို့ ခင်ဗျားပြောတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'ခေါ်ပညာတော်တဲ့ လူတွေကို လိုက်ပြီး ယှဉ်ပြိုင်နေသေးတယ်ဆိုတော့ သူ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ်သိချင်သေးတယ်'

'သူဟာ ကြောင်ခေါ်ပြရှင့်'

ဝမ်းကျိုလန်းက အလောတကြီး ပြောလိုက်လေသည်။

သူကျင်းသက်က....

'ဘာပဲဖြစ်ဖြစ် သူ့နောက်ကို လိုက်သွားကြရအောင်'

'ကောင်းပြီလေ'

ဝမ်းကျိုလန်းလည်း သဘောတူလိုက်ရလေသည်။

နှစ်ယောက်သား လမ်းကြားအတွင်းသို့ ချိုးကွေ့ဝင်လိုက်ကြလေသည်။

လမ်းကြားထဲ၌ လူရှင်းနေသည်။



ဝမ်းကျိုလန်းက ကြောင်ခေါ်ပြဟု စွပ်စွဲခဲ့သူကို မတွေ့ရတော့ပါ။ ထိုလူ ပျောက်ချင်းမလှပျောက်သွားပြီဖြစ်လေသည်။

* * *

ကျန်းရှောင်အခင်းသည် မေတ္တာဘုန်းတော်ကြီးထံမှ ပြန်လာခဲ့ပြီးနောက် မြို့ကလေးတစ်မြို့သို့ ရောက်လာခဲ့လေသည်။

မြို့လ[illegible]မှဖြတ်သွားစဉ်ဝက်ဝံရေဖြင့်ချုပ်ထားသည့်အင်္ကျီဝတ်ထားသူတစ်ယောက်နှင့် ချောမောလှပသော မိန်းကလေးတစ်ယောက် ပခုံးချင်းယှဉ်ကာ လျှောက်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

မိန်းကလေးကို ချက်ချင်းမှတ်မိလိုက်ပါသည်။ ထို့ကြောင့် လမ်းကြားအတွင်းသို့ ချိုးဝင်ကာ ရှောင်တိမ်းလိုက်ခြင်း ဖြစ်သည်။

လမ်းကြားအတွင်း၌ တွေ့ရသော အရက်ဆိုင်လေးတစ်ဆိုင်သို့ ဝင်ကာ ထိုင်နေလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အကဲခတ်ကြည့်နေလိုက်၏။

မကြာပါချေ။

မိန်းကလေးနှင့် လူငယ်တို့သည် လမ်းကြားအတွင်းသို့ ဝင်ရောက်လာကြလေသည်။ သူတို့ဟိုကြည့်သည်ကြည့် ရှိနေခြင်း

ကြောင့် မိမိအားလိုက်ရှာနေခြင်းဖြစ်ကြောင်း ကျန်းရှောင်အင်း နားလည်လိုက်လေသည်။

'ပြဿနာကောင်နဲ့ လုံးထွေးနေတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ သူနဲ့ ဝေးဝေးရှောင်နေတာ ကောင်းမယ်'

ကျန်းရှောင်အင်း ထိုသို့ တွေးနေစဉ် ရုတ်တရက် ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်လေသည်။

လမ်းကြားလေး၏ ဝဲဘက်၌ အိမ်တစ်လုံး ရှိနေပါ၏။

ထိုအိမ်၏ ပြတင်းပေါက်၌ လူငယ်တစ်ယောက် ရပ်နေပြီး ခါးထောက်ကြည့်နေသည်ကို တွေ့ရ၏။

ကျန်းရှောင်အင်းမှာ ထိုလူငယ်၏အကြည့်ကိုသဘောမကျဘဲ ဖြစ်သွားလေသည်။

မိန်းကလေးနှင့် ကူရှယ်သည် သတိမထားမိဘဲ လူငယ်ကြည့်နေသည့် ပြတင်းပေါက်အနီးမှ လည်းကောင်း၊ ကျန်းရှောင်အင်း ထိုင်နေသည့် အရက်ဆိုင်ရှေ့မှ လည်းကောင်း ဖြတ်လျှောက်သွားကြလေတော့သည်။

* * *

လမ်းကြားလေးအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေပါသည်။

သခင်လေး အို့ရန်ကျင်းသည် တရေးတမော အိပ်ခဲ့ရာမှ နိုးလာပြီး အိပ်ရာမှထကာ အခန်းပြတင်းပေါက်ကို ဖွင့်လိုက်၏။



အေးမြသော လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသဖြင့် လန်းလန်းဆန်းဆန်း ဖြစ်သွားပါ၏။

ထို့အပြင် သူ၏ရင်ထဲ ပျော်ရွှင်ကြည်နူးသွားစေသည့် မြင်ကွင်း တစ်ခုကိုလည်း တွေ့မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းမှာ....

လူငယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ လမ်းကြားထဲသို့ ဝင်လာကြခြင်း ဖြစ်ပေသည်။

ကျန်းရှောင်အင်းအား လိုက်ရှာနေကြသည့် ဝမ်းကျိလန်းနှင့် သူကျင်းသက်တို့ ဖြစ်လေသည်။

သူတို့သည် အရက်ဆိုင်ထဲမှ ကျန်းရှောင်အင်း အကဲခတ်ကြည့်နေသည်ကိုလည်းကောင်း၊ ပြတင်းပေါက်မှ အို့ရန်ကျင်း ကြည့်နေသည်ကိုလည်းကောင်း သတိမပြုမိကြဘဲ ခပ်သွက်သွက် ဖြတ်လျှောက်သွားကြလေသည်။

သူတို့ ခပ်လှမ်းလှမ်းသို့ ရောက်သွားကြလျှင် အို့ရန်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အထိန်းတော်ကြီး....အထိန်းတော်ကြီး'

ဟု အော်ခေါ်လိုက်သည်။

သူ၏ ခေါ်သံနှင့် မရှေးမနှောင်းမှာပင် အထိန်းတော်ကြီး နန်းကုန်းဝေ အပြေးတစ်ပိုင်း ရောက်ရှိလာလေသည်။

အို့ရန်ကျင်းရှေ့သို့ ရောက်ရောက်ချင်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'အမိန့်ရှိပါ သခင်ကြီး'

ဟု တရိုတသေ ပြောလိုက်၏။

အို့ရန်ကျင်းက....

'ဟိုမှာ ကြည့်လိုက်ပါဦး'

ပြတင်းပေါက်မှတစ်ဆင့် ဝမ်းကျိုလန်းတို့ရှိရာသို့ ညွှန်ပြလိုက်လေသည်။ နန်းကုန်းဝေက လှမ်းကြည့်လိုက်သည်။

အို့ရန်ကျင်းက....

'မြင်တယ်မဟုတ်လား'

'ဟုတ်ကဲ့ မြင်ပါတယ် သခင်ကြီး'

'ကောင်းပြီ၊ အဲဒီမိန်းကလေးကို ကျုပ်လိုချင်တယ်'

နန်းကုန်းဝေ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ရပါစေ့မယ် သခင်လေး'

အို့ရန်ကျင်း၏ မျက်နှာတွင် ကျေနပ်သော အပြုံးရိပ် များ ပေါ်လွင်လာလေသည်။ လက်ဝေ့ယမ်းပြလိုက်ပြီး....

'သွားပေတော့'

ဟု ပြောလိုက်သည်။



နန်းကုန်းဝေက အပြေးတစ်ပိုင်း ပြန်ထွက်သွားလေတော့သည်။

* *

ကျန်းရှောင်အင်းကား မြင်ကွင်းမှ ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။ လမ်းကြားတစ်ဖက်ထိပ်သို့ ရောက်လျှင် ဝမ်းကျိုလန်းနှင့် သုကျင်းသက်တို့ ခြေလှမ်းရပ်လိုက်ကြလေသည်။

မြို့စွန်တစ်နေရာသို့ ရောက်ရှိသွားကြခြင်းကြောင့် ပတ်ဝန်းကျင်၌ လူနေအိမ်ခြေ ကျဲပါးပြီ တိတ်ဆိတ်နေလေသည်။

ဝမ်းကျိုလန်းက....

'တော်တော် လျင်တဲ့လူ'

ဟု မကျေမနပ် ရေရွတ်လိုက်၏။

သုကျင်းသက် ပြုံးလိုက်သည်။

'သူက လျင်တာမဟုတ်ဘူး၊ ကျုပ်တို့က မျက်စိလျှမ်းသွားတာပါ'

'ရှင်'

'လမ်းကြားထဲမှာ အရက်ဆိုင်လေးတစ်ဆိုင် ရှိနေတာတွေ့ခဲ့ရတယ်၊ သူက အရက်ဆိုင်ထဲ ဝင်နေလိုက်တာ ဖြစ်မှာပေါ့'

ဝမ်းကျိုလန်းက....

'ဒါဖြင့် ကျွန်မတို့ သွားရှာကြည့်ကြရအောင်'

ဟု ပြောလိုက်၏။

ထိုစဉ်မှာပင် ပြေးလွှားလာကြသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းကျိုလန်းကို လှမ်းကြည့်လိုက်သောအခါ လူငါးယောက် ပြေးလွှားသွားလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းကျိုလန်းက ...

'ဘာကြောင့်များ ဒီလောက်တောင် အရေးတကြီး ဖြစ်နေကြတာပါလိမ့်'

ဟု ရေရွတ်လိုက်လျှင် သူကျင်းသက်က....

'သူတို့ တခြားသွားမှာ မဟုတ်ဘူး၊ ကျုပ်တို့ဆီကို လာနေကြတာ'

'ရှင်'

'မင်းမယုံရင် စောင့်ကြည့်နေ'

'ကျွန်မတို့နဲ့ ဘာဆိုင်....'

သူမ စကားဆုံးအောင် မပြောလိုက်ရပါ။ ပြေးလွှားလာကြသူများ အနီးသို့ ရောက်လာကြခြင်းကြောင့် ဖြစ်လေသည်။



ထိုလူ ငါးယောက်သည် ဝမ်းကျိုလန်းတို့အား ချက်ချင်း ဝိုင်း၍ တားလိုက်ကြလေသည်။ ဝမ်းကျိုလန်း မကျေမနပ် ဖြစ်သွားပြီး....

'ရှင်တို့ ဘယ်သူတွေလဲ၊ ဒါ ဘာလုပ်ကြတာလဲ'

ဟု အော်လိုက်လေသည်။

ဝိုင်းထားသူငါးယောက်အနက် တစ်ယောက်က....

'စကားမရှည်နဲ့၊ မသေချင်ရင် ငါတို့နောက်ကို အသာတကြည် လိုက်ခဲ့'

ရှေ့တိုးလာပြီး ဝမ်းကျိုလန်း၏လက်ကို လှမ်းဆွဲလိုက်၏။

'သွားစမ်း'

ဝမ်းကျိုလန်းက ပါးရိုက်ချလိုက်လေသည်။

သူမ သိုင်းပညာတတ်သည်ကို မသိသောထိုလူမှာ ပါးရိုက် ခံလိုက်ရလေတော့သည်။

'ဖြန်း'

'အား'

ထိုလူသည် ပါးပြင်ကို လက်ဖြင့်အုပ်ကာ နောက်ဆုတ်သွားပြီးမှ ဒေါသတကြီး ဓားဆွဲထုတ်လိုက်ပြီး....

'ခွေးမ....သေဖို့သာပြင်ထား'

အောင်ပေါက်ရင်း ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ရပ်လိုက်စမ်း'

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

သုကျဉ်းသက်နှင့် ဝမ်းကျိုလန်းတို့ လှမ်းကြည့်လိုက်ကြသောအခါ အဘိုးအိုတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

နန်းကုန်းဝေ ဖြစ်ပါသည်။

နန်းကုန်းဝေသည် ဝမ်းကျိုလန်းအား တိုက်ခိုက်ရန်ကြိုးစားခဲ့သူအနီးသို့ လှမ်းသွားပြီး ဘာမပြောညာမပြော ပါးရိုက်ချလိုက်လေသည်။

'ဖြန်း'

ရိုက်လိုက်သည့် အရှိန်ပြင်းလှသဖြင့် ထိုလူ တစ်ပတ်လည်ထွက်သွားပါသည်။ တစ်ခဏတာအချိန်အတွင်း ပါးနှစ်ဖက် အရိုက်ခံလိုက်ရသဖြင့် ပါးပြင်နှစ်ဖက်စလုံး ဖူးရောင်သွားလေတော့သည်။

နန်းကုန်းဝေက....



'မင်းက သခင်လေးရဲ့ဆန္ဒကို ဂရုမစိုက်ဘူး ဟုတ်လား၊ သေချင်ပြီထင်တယ်၊ သွားစမ်း၊ မိန်းကလေးကို တောင်းပန်လိုက်'

ဟု အမိန့်ပေးလိုက်၏။

ထိုလူ မလွန်ဆန်ဝံ့ဘဲ ဝမ်းကျိုလန်းရှေ့တွင် ဒူးထောက်ချကာ....

'ကျုပ်အမှားကို ခွင့်လွှတ်ပါ'

ဟု တောင်းပန်လိုက်လေသည်။

ဝမ်းကျိုလန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လူကြီးတစ်ယောက်က ဒူးထောက်တောင်းပန်လာနေသဖြင့် အားတုံ့အားနာ ဖြစ်သွားပြီး....

'အို...အို မလိုပါဘူးရှင်'

ဟု ပြောလိုက်မိလေသည်။

နန်းကုန်းဝေက သူမအား ပြုံးပြလိုက်ပြီး....

'သခင်လေးစိတ်ကြိုးရင် ဘယ်လို အပြစ်ပေးခံရမယ်ဆိုတာ သူတို့သိကြတယ်လေ၊ သခင်လေးရဲ့ဆန္ဒကို မဖြစ်မနေ ဆောင်ရွက်ပေးရမယ်ဆိုတာလဲ သူတို့သိကြတယ်'

ဝမ်းကျိုလန်းက....

'ဟုတ်ပါတယ် ဟုတ်ပါတယ်'

သံယောင်လိုက်ကာ ထောက်ခံလိုက်လေသည်။

နန်းကုန်းဝေက....

'သခင်လေးဆန္ဒက မိန်းကလေးကို တွေ့ချင်နေတာပါပဲ၊ ဒါကြောင့် ကျုပ်နဲ့ လိုက်ခဲ့ပါဗျာ'

'ရှင်....'

ယခုမှ ဝမ်းကျိုလန်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

နန်းကုန်းဝေက....

'လာပါ မိန်းကလေး'

ဟု ထပ်ခေါ်လာလေသည်။

တစ်ဆက်တည်းပင် သုကျင်းသက်အား....

'မင်း လိုက်လာဖို့ မလိုဘူး'

ဟု လှမ်းပြောလိုက်လေသည်။

သုကျင်းသက်က ဘာမှမပြောဘဲ ငြိမ်နေသည်။

ဝမ်းကျိုလန်း ဒေါပွသွားသည်။

'ရှင်တို့ခေါ်တိုင်း လိုက်ရမှာလား'

သူမက ငြင်းလိုက်လျှင် နန်းကုန်းဝေက တည်ကြည်သော မျက်နှာထားဖြင့်....



'မိန်းကလေး၊ ကျုပ်တို့သခင်လေးရဲ့ဆန္ဒကို ဘယ်သူမှ ငြင်းဆန်ပိုင်ခွင့် မရှိပါဘူး'

'ဘာရှင့်၊ ရှင်တို့သခင်လေးက ဘာမို့လို့လဲ'

'မြေတောင်ကြားက သခင်လေး အို့ရန်ကျင်းပါ'

'ဟင်'

ဝမ်းကျိုလန်း၏ မျက်နှာပျက်သွားလေသည်။

သူမသည် သိုင်းလောက၏ သမီးပျိုဖြစ်သည်နှင့်အညီ မြေတောင်ကြားဆိုသော အမည်ကို ကောင်းစွာ ကြားဖူးထားလေသည်။

မြေတောင်ကြားပိုင်ရှင်သည် အဆိပ်ပညာ ပြိုင်စံရှားသူဟု သိုင်းလောက၌ ကျော်ကြားနေပါသည်။

မြေတောင်ကြားနှင့် ပြဿနာဖြစ်မိလျှင် အသက်သေရမည်ဟု ဆိုရိုးစကားပင် ရှိခဲ့သည် မဟုတ်ပါလား။

ထို့အပြင် မြေတောင်ကြားပိုင်ရှင်၏ သားသည် မိန်းကလေး အလွန်ပွေသူဖြစ်ကြောင်း၊ သူတစ်ပါးသားမယားကိုပင် မရှောင်ကြောင်း ဆိုးရွားသော သတင်းများကို ကြားဖူးထားပြီး ဖြစ်သည်။

ယခု....

မြွေတောင်ကြားဘခင်လေးက သူမအား ခေါ်ခိုင်းလိုက်သည်မှာ မည်သို့သောသဘောရှိကြောင်းရိပ်မိလျှင် ခံပြင်းသွားသလို စိုးရိမ်ထိတ်လန့်မှုများလည်း ဖြစ်ပေါ်လာလေသည်။

နန်းကုန်းဝေက...

'မိန်းကလေး အသာတကြည် လိုက်ခဲ့ရင် ကောင်းမယ်'

ပြောရင်း ဆွဲခေါ်သွားရန် ဟန်ပြင်လိုက်လေသည်။

'မလိုက်ဘူး၊ ရှင်တို့လို လူယုတ်မာတွေနောက်ကို ကျွန်မ ဘာဖြစ်လို့ လိုက်ရမှာလဲ'

ဝမ်းကျဲလန်းက ငြင်းဆန်ရင်း နောက်ဆုတ်လိုက်၏။

နန်းကုန်းဝေ မကျေမနပ် ဖြစ်သွားသည်။

'မိန်းကလေ ငြင်းနေလို့ အပိုပါပဲ၊ ကျုပ်တို့က...'

'နေပါဦးဗျာ'

သူ၏စကားမဆုံးမီ သုကျင်းသက်က ကြားဝင်ပြောလိုက်ခြင်းဖြစ်သည်။ နန်းကုန်းဝေသည် သုကျင်းသက်ကို ခပ်ထန်ထန်ကြည့်လိုက်ပြီး....

'မင်း ဘေးဖယ်နေရင် အသက်ရှည်လိမ့်မယ်'

ဟု ဟောက်လိုက်၏။

သုကျင်းသက် ရယ်မောလိုက်လေသည်။



'ကျုပ်ကို အသက်တစ်ရာ့ကျော် ရှည်မယ်လို့ ဗေဒင်က ဟောထားတယ်ဗျ'

'ဘာကွ'

နန်းကုန်းဝေသည် သုကျင်းသက်ဘက် မြှားဦးလှည့်သွားလေသည်။

သုကျင်းသက်က...

'ခင်ဗျားတို့ သခင်လေးကို ပြောလိုက်ပါ၊ ဆန္ဒရှိရင် သူကိုယ်တိုင် လာခဲ့လို့'

'အံမယ် မင်းကများ'

နန်းကုန်းဝေသည် သုကျင်းသက်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူ၏ လှုပ်ရှားတိုက်ခိုက်မှုမှာ မြွေပွေးတစ်ကောင်နှယ် လျင်မြန်လွန်းလှပေသည်။

သို့သော်....

သုကျင်းသက်သည် သူ၏မြင်ကွင်းမှ ရုတ်ခြည်း ကွယ်ပျောက်သွားခြင်းကြောင့် ကြောင်အမ်းအမ်းဖြစ်ကာ ရပ်လိုက်ရလေသည်။

'ခင်ဗျား ဘာလုပ်နေတာလဲ'

နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာသဖြင့် နန်းကုန်းဝေ လှည့်ကြည့်လိုက်၏။ သုကျင်းသက်ကိုမြင်လျှင် ပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။

‘ဟင်...မင်း...မင်း’

‘ခင်ဗျား မသွားချင်တော့ ကျုပ်က မောင်းထုတ်ပစ်ရလိမ့်မယ်နော်’

‘တောက်’

နန်းကုန်းဝေ ဇက်ခေါက်လိုက်ပြီး သုကျင်းသက်ထံ ခုန်ဝင်တိုက်ခိုက်လိုက်ပြန်လေသည်။

သုကျင်းသက်က ပွင့်ကာသီကာ ရှောင်တိမ်းလိုက်ပြီး....

‘ခင်ဗျား တော်တော် ပြောရခက်ပါလား’

ဟု ညည်းလိုက်လေသည်။

နန်းကုန်းဝေမှာ မြွေတောင်ကြားမှ ထိပ်သီး သိုင်းသမားကြီး တစ်ယောက် ဖြစ်ပါသည်။

ထို့ကြောင့် နှစ်ကြိမ်တိုင်တိုင် ကြိုးစားပြီးတိုက်သော်လည်း သုကျင်းသက်၏ အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်း မရှိသောအခါ ခံပြင်း ဒေါသထွက်ကာ....

‘ဒီကနေ့ မင်းကို သတ်မပစ်ရရင် ငါ လူမလုပ်ဘူး’

အော်ပြောရင်း အင်္ကျီအိတ်ထဲလက်နှိုက်ထုတ်လိုက်လေသည်။



‘ဖြီး’

မြည်သံနှင့်အတူ မြွေဟောက်ကြီးတစ်ကောင် သူ၏လက်ထဲ ပါလာလေသည်။

ကျန် လက်တစ်ဖက်၌လည်း ဘူးကလေးတစ်ခု ပါလာ၏။

မြွေဟောက်တောင်ကြားမှ လူများသည် အဆိပ်ကို ကျွမ်းကျင်စွာ အသုံးပြုတတ်ကြကြောင်း ကြားဖူးထားသည့် ဝမ်းကျိလန်းမှာ သုကျင်းသက်အတွက် စိုးရိမ်ပူပန်သွားပြီး....

‘သတိထား’

လှမ်း၍ သတိပေးလိုက်လေသည်။

သုကျင်းသက်ကမူ သဘောကျစွာ ပြုံးနေပါသည်။

‘ဘာများလဲမှတ်တယ်၊ လက်စသတ်တော့ မြွေအလမ္ပာယ် ပြတဲ့ပွဲနဲ့ လာတွေ့နေတာကိုး’

သူက လှောင်ပြောင်နေလေလေ နန်းကုန်းဝေ၏ မျက်နှာကြီး နီကာ အသားများ တဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်လာလေလေ ဖြစ်သည်။

‘သိကြသေးတာပေါ့ကွာ’

နန်းကုန်းဝေသည် ကြုံးဝါးရင်း သုကျင်းသက်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ အဆိပ်ပြင်းလှသည့် မြွေဟောက်ကြီးကို လက်နက်သဖွယ် အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မြွေပေါက်ကြီးသည် ခေါင်းတယမ်းယမ်းဖြင့် သုကျင်းသက်အား လှမ်းပေါက်လာလေသည်။

သုကျင်းသက် ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

မြွေကိုက်ခံရမည်ကို စိုးရိမ်ကာ ရုတ်တရက် ပြန်မတိုက်ဝံ့ချေ။

နန်းကုန်း၁၀ အားတက်သွားသည်။ သုကျင်းသက်အား ဆုံးမနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိ၏။

ထို့ကြောင့်....

'မြွေတောင်ကြားရဲ့ အုပြတ်အဆိပ်ကို ရှုကြည့်ပါဦး'

ဟုပြောကာ ဝဲဘက်လက်၌ ကိုင်ထားသော ဘူးကလေးကို ခါယမ်းလိုက်ရာ....

'ရှူး'

မြည်သံနှင့်အတူ အနီရောင်အခိုးအငွေ့များ ပန်းထွက်လာပြီး သုကျင်းသက်ထံ တိုးဝင်သွားလေသည်။

'အမယ်လေး'

ဝမ်းကျိုလန်း အထိတ်တလန့် အော်လိုက်လေသည်။

သုကျင်းသက်လည်း ထိတ်လန့်သွားသည်။ နန်းကုန်း၁၀တို့လူစုသည် အလွန် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်မည့်သူများ ဖြစ်သည်ဟု ဆင်ခြင်မိလိုက်သည်။



မှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမမည်ဟုလည်း ဆုံးဖြတ်လိုက်လေသည်။

ရုတ်တရက် ခါးကော့ကာ ခန္ဓာကိုယ်အထက်ပိုင်းကို နောက်သို့ လှန်ချလိုက်ပြီး အနီရောင်အငွေ့များကို ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းပင် လက်ထဲကိုင်ထားသော အဝတ်ထုပ်ဖြင့် နန်းကုန်း၁၀အား လှမ်းပင့်လိုက်သည်။

ခန္ဓာကိုယ် တစ်ပတ်ကျွမ်းပစ်ကာ ဆက်တိုက်လူပ်ရှားလိုက်ခြင်း ဖြစ်ပါသည်။

သုကျင်းသက်ထံ၌ ကျောပိုးအိတ်တစ်လုံး၊ အပြာရောင်ပိတ်စဖြင့် ထုပ်ထားသည့် ရှည်မျောမျော အထုပ်လေးတစ်ထုပ် ရှိခဲ့ပါသည်။

ယခု သူက ထိုရှည်မျောမျောအထုပ်ဖြင့် လှမ်းပစ်လိုက်ခြင်း ဖြစ်လေသည်။

သူပစ်လိုက်သည့်အရှိန်ဖြင့် အထုပ်ပြေသွားပြီး အပြာရောင်အဝတ်စသည် လေထဲ လွင့်ပျံသွား၏။

'ခွမ်း'

အထုပ်ထဲမှ ဓားနှစ်လက် ထွက်ကျလာသည်။

သုကျင်းသက်သည် ဓားနှစ်လက်ကို ကျင်လည်စွာ ဖမ်းယူလိုက်ပြီး ကြက်ခြေခတ်သဏ္ဌာန်ယှက်ကာ နန်းကုန်းဝေထံသို့ ခုန်ဝင်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာခြင်းကြောင့် နန်းကုန်းဝေ ထိတ်လန့်သွား၏။

သို့တိုင်...

'သေပေတော့'

လက်ထဲမှ မြွေဟောက်ကြီးဖြင့် လှမ်းပစ်လိုက်လေသည်။

သုကျင်းသက်မှာ ဓားကိုင်ထားပြီဖြစ်ရာ မြွေဟောက်ကြီးကို မှုစရာမလိုတော့ချေ။

ဓားနှစ်လက်ကို လှုပ်ရှားလိုက်လျှင် မြွေဟောက်ကြီး အပိုင်းပိုင်း ပြတ်ကာ သေဆုံးသွားလေတော့သည်။

အခြေအနေမဟန်မှန်းသိလျှင် နန်းကုန်းဝေ ကမျာကယာ နောက်ဆုတ်သွား၏။

'ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါတော့လား'

ဟုလည်း သူ၏လူများကို အမိန့်ပေးလိုက်လေသည်။

ထိုအခါ...



'သွား'

ဝိုင်းရံထားကြသူများ ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။

'သူတို့ကို ကျွန်မ တာဝန်ယူမယ်'

ဝမ်းကျိုလန်းက ပြောရင်း သီးကြိုတိုက်ခိုက်ပစ်လိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အသံများ ထွက်ပေါ်လာ၏။

တစ်ခဏအတွင်းမှာပင် နန်းကုန်းဝေ၏လူများ ဖရိုဖရဲ ဖြစ်ကာ နောက်ဆုတ်သွားကြရလေတော့သည်။

နန်းကုန်းဝေ အံကြိတ်လိုက်ပြီး...

'မင်းတို့ သတိသာထားကြပေတော့'

ဟု ကြုံးဝါးလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။ သူ၏လူများလည်း ဆက်မနေဝံ့ကြတော့ဘဲပြေးလိုက်သွားကြရ

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။

* * *

မြွေဟောက်ကြီးမှာ အပိုင်းပိုင်းပြတ်ကာ သေဆုံးနေပြီး ဖြစ်လေသည်။

သုကျင်းသက် ပခုံးတွန့်လိုက်သည်။

'နည်းတဲ့ ကောင်ကြီး မဟုတ်ဘူး၊ ကိုက်မိလိုက်ရင်တော့ တစ်ခါတည်းသေမှာပဲ'

ဟု မှတ်ချက်ချလိုက်သည်။

ဝမ်းကျိုလန်း မျက်နှာပျက်သွားသည်။

'ကျွန်မတို့တော့ ဒုက္ခရောက်တော့မယ် ထင်ပါရဲ့'

'ဘာဖြစ်လို့လဲ'

'မြွေတောင်ကြားဟာ နာမည်ဆိုးနဲ့ ကျော်ကြားနေတာကြာပြီရှင့်၊ သူတို့ဟာ အဆိပ်ကို ကျွမ်းကျင်ကြတယ်၊ သူတို့ရဲ့ ရန်သူကို ဘယ်တော့မှ ချမ်းသာမပေးဘူး'

'ဟား....ဟား....ဟား'

သုကျင်းသက် ရယ်မောလိုက်လေသည်။



ဝမ်းကျိုလန်း မျက်မှောင်ကြုတ်သွားပြီး....

'ရှင် ဘာရယ်တာလဲ'

'ခင်ဗျားပြောတာကို သဘောကျလို့ပေါ့'

'ဘာရှင့်'

'ခင်ဗျား စဉ်းစားကြည့်လေ၊ သူတို့ချည့်ပဲမှ မဟုတ်တာ၊ ဘယ်သူမဆို ကိုယ့်ရန်သူကို အလွတ်ပေးတတ်ကြတာမှမဟုတ်ဘဲ၊ ဘာများ ထူးဆန်းလို့လဲ'

ဝမ်းကျိုလန်း ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူးရှင့်၊ သူတို့က အမျိုးမျိုး အကောက်ကြံကြမှာ'

'ခက်ပါပြီဗျာ၊ သူတို့ချည့်ပဲ လက်ပါတာမှ မဟုတ်ဘဲ၊ ကျုပ်ကို လာပြီး စော်ကားရင် ကျုပ်က ပြန်ပြီး ဆုံးမလိုက်မှာပေါ့'

ဝမ်းကျိုလန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

သုကျင်းသက်သည် ပျော်ပျော်နေတတ်သူဖြစ်ရုံမက ခေါင်းမာသူ၊ သေရမည်ကိုမကြောက်မရွံ့သူလည်း ဖြစ်နေသည်မဟုတ်ပါလား။

သုကျင်းသက်က...

'ကျုပ်က သူတို့လိုလူစားမျိုးကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဘူး၊ ကျုပ် ဂရုစိုက်တာက....'

'ဘယ်သူလဲ'

သုကျင်းသက်က....

'ခုလောက်ဆို အရက်ဆိုင်ထဲက ထွက်များ သွားပြီလားမပြောတတ်ဘူး'

ဟုဆိုကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

သူက ကျန်းရှောင်အင်းကို ဂရုစိုက်နေမှန်း ယခုမှ ဝမ်းကျိလန်း သိလိုက်ရလေသည်။

ထို့ကြောင့် ကပျာကယာလိုက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော်....

နှစ်ယောက်စလုံး ခြေလှမ်းတုံ့ခနဲ ရပ်လိုက်ကြရပါသည်။ အကြောင်းမှာ လမ်းကြားထဲမှ ထွက်လာသူ တစ်ယောက်ကို တွေ့မြင်လိုက်ကြရခြင်းကြောင့် ဖြစ်သည်။

ထိုလူမှာ ကျန်းရှောင်အင်း ဖြစ်လေသည်။

* * *

ကျန်းရှောင်အင်းက လမ်းကြားထဲမှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းထွက်လာသည်။

ဝမ်းကျိလန်းနှင့် သုကျင်းသက်တို့က မျက်တောင်မခတ် ကြည့်နေကြ၏။

ကျန်းရှောင်အင်းသည် ခလှမ်းမကမ်းသို့ အရောက်တွင် ခြေလှမ်းရပ်လိုက်လေသည်။

ဝမ်းကျိလန်းက....

'ရှင် လိုက်လာတယ် ဟုတ်လား'

ဟု မေးလိုက်၏။

ကျန်းရှောင်အင်းက ...

'ကျုပ်က ခေါးပညာတော်တဲ့လူကို စိတ်ဝင်စားပါတယ်ဗျာ'



သုကျင်းသက်လက်ထဲမှ အပြာရောင် ပိတ်စဖြင့် ပတ်ထားသည့် အဝတ်ထုပ်ကို ကြည့်လိုက်၏။

အထုပ်ထဲ၌ ခေါးနှစ်လက် ရှိနေပါ၏။ နန်းကုန်းဝေနှင့် ရင်ဆိုင်ရစဉ်က မသုံးဖြစ်တော့၍ ခေါးထုတ်သုံးလိုက်ရခြင်း ဖြစ်လေသည်။

သို့မဟုတ်လျှင် တော်ရုံတန်ရုံ သူကခေါးထုတ်သုံးဖို့မရည်ရွယ်ချေ။

ကျန်းရှောင်အင်းက....

'ခင်ဗျား ခေါးတော့တူမယ်ထင်တယ်'

သုကျင်းသက်ကို တိုက်ရိုက်မေးလိုက်လေသည်။

သုကျင်းသက်က ...

'ကျုပ်ရဲ့ ခေါးသိုင်းက သိပ်တော့မစွံဘူးဗျ'

'ကိစ္စမရှိဘူး၊ မစွံတဲ့ ခေါးသိုင်းကိုပဲ ကျုပ် လေ့လာချင်ပါတယ်'

သုကျင်းသက် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ'

'ခင်ဗျား လက်ခံတယ်ဆိုရင် ဒီနေရာမှာပဲ ယှဉ်ပြိုင်လိုက်ကြရအောင်'

'ကောင်းသားပဲ'

ဝမ်းကျိလန်းမှာ သုကျင်းသက်ကို အားမလို အားမရ ဖြစ်လာလေသည်။

'ရှင် ဘာကြောင့် သူပြောသမျှ ခေါင်းညိတ်နေရတာလဲ' ဟု အပြစ်တင်လိုက်၏။

သုကျင်းသက်က တည်ကြည်သော မျက်နှာထားဖြင့်....

'သူ့ရဲ့ခေါင်း ဘယ်လောက်ထက်သလဲဆိုတာ သိချင်လို့ပါ'

ဟု ပြောလေသည်။

ကြောင်ခေါင်းပြ တစ်ယောက်၏ ခေါင်းသည် ထူထဲလှသော သံမဏိဒိုင်းတစ်ခုအား ထက်ခြမ်းကွဲအောင် ခုတ်ဖြတ်ပစ်နိုင်ခဲ့ပါသည်။

အကယ်၍သာ ကျန်းရှောင်အင်း၏ ခေါင်းသည် သူ၏ခေါင်းနှစ်လက်ကို ခုတ်ဖြတ်ပစ်နိုင်မည် ဆိုပါလျှင်....။

သုကျင်းသက်နှင့် ကျန်းရှောင်အင်းတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြသည်။

ဝမ်းကျိုလန်း၏ရင်ထဲ အေးစိမ့်သော ခံစားချက်များ ဖြစ်ပေါ်လာပြီး ကမ္ဘာကြီး နောက်ဆုတ် လိုက်မိလေတော့သည်။

(ပထမပိုင်း-ပြီး၏။)

ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါ။

တက္ကသိုလ်သိဟအောင်